www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မြပုလဲခင်

လင်းလက်ငွေကြယ်

ခ၉၅.၈၃
မြပုလဲခင်
လင်းလက်ငွေကြယ်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၆။
၂၅၀-စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး---အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ [illegible] ၂၀၁၆။

www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

အလုပ်အမှုဆောင် အစည်းအဝေးပွဲ တစ်ခု၌ . . သူ့ကို
ဦး အမှတ်မထင်တွေ့ဆုံလိုက်ရသည်။

"ဒီနေ့အစည်းအဝေးမှာ ကျွန်တော်တို့ သူရိန်ကုမ္ပဏီနဲ့
တူပူးပေါင်းဆောင်ရွက်မယ့် စကြဲ်ကုမ္ပဏီရဲ့ မန်နေဂျင်း
တာ ဦးဘုန်းလက်ရှုံးပါ"

စားပွဲထိပ်တစ်နေရာမှရပ်ပြီး စူးရှတောက်ပြောင် နက်



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းသောမျက်ဝန်းအစုံဖြင့် လူအစိတ်မျှကို ခြုံငုံကြည့်ကာ အသိအမှတ်ပြု ကျက်မှတ်လိုက်ပြီး ဦးခေါင်းကို ညွတ်ပြလိုက်သည့် ဟန်ပန်ကိုက လှပသိမ်မွေ့သော ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် ရှုမငြီး ပထမဦးဆုံး အသိအမှတ်ပြုလိုက်မှုတစ်ခုပင်. . .

ထိုအသိအမှတ်ပြုလိုက်မှုက နှလုံးသားပေါ်၌ ဖျောက်ဖျက်မရနိုင်သော ပုံရိပ်တစ်ခုဖြစ်လိမ့်မည်ဟု. . ရှုမငြီး ထိုစဉ်က ကွဲပြားခြားနားစွာ မသိနိုင်ခဲ့ပေ။

အဘယ့်ကြောင့်ဆိုသော်. . သူ့ဘဝ၌ ဆွဲဆောင်မှုအား ကောင်းသော ယောကျ်ားတော်တော်များများနှင့် တွေ့ကြုံခဲ့ဖူးသည်။ သို့သော် ထိုဆွဲဆောင်မှုသည် သူ့အတွက်တဒင်္ဂမျှသော အချိန်အတိုင်းအတာအထိမျှသာ ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။

ထို့အပြင် ဘုန်းလက်ရုံးနှင့် အတူတွဲပါလာသော ဒုမန်နေဂျင်းဒါရိုက်တာနှင့် အတွင်းရေးမှူးသည် အလှစား စာရင်းဝင်မိန်းမချောနှစ်ယောက် ဖြစ်နေခြင်းကိုကလည်း ထူးခြားသော သူ၏ဆွဲဆောင်မှုလေလားဟု ရှုမငြီးတွေးလိုက်မိသည်။

ထိုနေ့က အစည်းအဝေး၌ဆုံးဖြတ်ချက်တစ်ခုကို အပြီးသတ်ချမှတ်နိုင်ခဲ့သည်။

ရှုမငြီးတို့ သူရိန်ကုမ္ပဏီအတွက် လိုအပ်သော ကုန်ကြမ်း (၆၀%)ကို စကြဲ့ကုမ္ပဏီထံမှပင် ဝယ်ယူရမည်ဖြစ်ပြီး သူရိန်ကုမ္ပဏီမှ ကုန်ချောထုတ်လုပ်မှု၏ (၆၀%)ကိုလည်း စကြဲ့ကုမ္ပဏီကပင် ဝယ်ယူမည်ဟူသော ကတိစာချုပ် ချုပ်ဆိုခြင်း





ပြီးစီးသွားခဲ့လေပြီ။

"ခုလို လုပ်ငန်းအဆင်ပြေချောမွေ့ခြင်း အထိမ်းအမှတ်ဟာ အောင်မြင်ခြင်းရဲ့ လမ်းစတစ်ခုလို့ ကျွန်တော်သတ်မှတ်ပါတယ်၊ ဒါကြောင့် သူရိန်နဲ့စကြဲ့ အကျိုးတူပူးပေါင်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ညနေစာကို နိုဗိုတယ်မှာ တည်ခင်းဧည့်ခံပါရစေလို့. . .

ဒါကြောင့် ယခုကြွရောက်လာတဲ့ အလုပ်အမှုဆောင်အားလုံးကို အနူးအညွတ် ကျွန်တော်က ဖိတ်ခေါ်ပါတယ် ခင်ဗျား. . ."

အားလုံး လက်ခုပ်တီးကာ ဩဘာပေးကြသည်။ ထိုအထဲတွင် ရှုမငြီး၏လက်ခုပ်သံ ပါမသွားခဲ့ပါချေ။

သူရိန်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သူရိန်က ရှုမငြီးကို လှမ်းကြည့်လိုက်သည်။ သူ၏ ငြိမ်ချက်သားရကောင်းနေမှုကို ဖခင်ရိပ်မိသွားပြီဟု ရှုမငြီးသဘောပေါက်လိုက်သည်။

အစည်းအဝေး ပြီးဆုံးသွားပြီဖြစ်သည့်အတွက် အားလုံးအလျှိုလျှိုထွက်ခွါသွားကြသည်။

ထိုအထဲတွင် ဘုန်းလက်ရုံးက ထိပ်ဆုံးမှကြွချီသွားလေသည်။

ယနေ့ပွဲသည် ဘုန်းလက်ရုံး၏ပွဲ ဖြစ်လိမ့်မည်ဟု ရှုမငြီး လုံးဝမတွေးမိခဲ့ပါချေ။

မိမိတို့ သူရိန်ကုမ္ပဏီကို အုပ်စိုးဖို့ စတင်ကာရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာခြင်းပေလား။ နမိတ်ပုံလေလားဟုပင် ရှုမငြီးထင်ယောင်ထင်မှားဖြစ်မိလေသည်။

"သမီး"

"ရှင်"

"ငြိမ်ချက်သားကောင်းလှချည်လား"

"စကြဲ့ကုမ္ပဏီက မနေ့တစ်နေ့ကမှ ပေါ်ပေါက်လာပြီးခြေလှမ်းအရမ်းသွက်လို့ သမီးအံ့ဩနေတာပါ ဖေဖေ။ ပြီးတော့ ဘုန်းလက်ရုံးအသက်ဟာ အလွန်ဆုံးရှိလှမှ အစိတ်ပတ်ဝန်းကျင်လောက်ပဲရှိမှာ မန်နေဂျင်းရာထူး ယူရဲတယ်ဆိုတော့. . ."

"ဘာဆန်းလဲသမီး၊ သမီးတောင် ဖေဖေရှိနေလို့ မဟုတ်ရင် သမီးလည်းအသက်အစိတ်ကတည်းက မန်နေဂျင်းရာထူးကို ရမှာပဲမဟုတ်လား ရှယ်ယာ(၅၀%)ကျော်ထည့်ဝင်နိုင်လို့ မန်နေဂျင်းရာထူးရလာတာ အထူးအဆန်းမဟုတ်ပါဘူး၊ ဘာလဲ သမီးကော မန်နေဂျင်းရာထူး ယူချင်ပြီလား"

"ကြုံကြုံဖန်ဖန်ဖေဖေရယ်၊ ခုတောင် မလွှဲသာလို့ ဖေဖေ ပင်ပန်းမှာစိုးလို့ ဝင်လုပ်ပေးနေရတာ သမီးသဘောနဲ့သာဆိုရင်. . ."

"တော်စမ်းပါ သမီး၊ မျိုးရိုးမရှိ ဒီအလုပ်ကို ဖေဖေ တစ်သက်ဘယ်တော့မှ သမီးကိုခွင့်ပြုမှာမဟုတ်ဘူး၊ ဖေဖေသေသွားရင်တော့ သမီးသဘောပေါ့"

ဦးအောင်သူရိန် စိတ်ဆိုးစွာပြောဆိုပြီး ထထွက်သွား





တော့သည်။ ရှုမငြီး သက်ပြင်းချလိုက်မိသည်။

အနုပညာနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပြုမည်ဆိုခြင်းကို မိဘနှစ်ပါးက စိတ်နှလုံးထိခိုက်စွာဖြင့် တားမြစ်ကြသည်။ ချော့၍တစ်မျိုး ခြောက်၍တစ်ဖုံ ကန့်ကွက်သဖြင့် ရှုမငြီးသည် ဖခင်၏ကုမ္ပဏီ၌ပင် အလုပ်အမှုဆောင်တစ်ယောက် ဖြစ်လာခဲ့လေသည်။ နောက် ဘွဲ့ရပြီး နှစ်နှစ်အကြာ၌ဒုမန်နေဂျင်းရာထူးပေးပြီး ဖခင်က ယုံကြည်စိတ်ချစွာ အားထားနေလေပြီ။

ရှုမငြီး ဒီစီးပွားရေးသံသရာလောက၌ အဘယ်အမျှသော အချိန်အတိုင်းအတာအထိ ကျင်လည်ရဦးမည်ကို မတွေးရဲအောင်ဖြစ်နေသည်။

အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ ဖိုင်တွဲကို ကောက်ကိုင်ကာ သူ၏ရုံးခန်းဘက်သို့ လျှောက်ခဲ့လိုက်လေသည်။

ထိုအချိန်၌ ဘုန်းလက်ရုံးသည် သူ့အတွေးအာရုံမှ ပျောက်ကွယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ထိုည. . .

နိုဗိုတယ်ဟိုတယ်၌ကျင်းပသော ညစာစားပွဲကို ရှုမင်း မတက်ရောက်ဖို့ ဆုံးဖြတ်လိုက်သည်။

သို့သော် ဖခင်ဦးအောင်သူရိန်က သူ့ဆုံးဖြတ်ချက်ကို လက်မခံချေ။

“ဘာဖြစ်လို့လဲ သမီး”

“စိတ်မပါလို့ပါ”





“စိတ်မပါလည်း လိုက်ရမယ်၊ ဒါအလုပ်သဘော. . ”

“အလုပ်သဘောတွေကို သမီးစိတ်ကုန်လာတာ အမှန်ပဲ ဖေဖေ”

ထိုစဉ် ဘုရားသောက်တော်ရေချမ်းကပ်ပြီး ပြန်ဆင်းလာသော မိခင်ဒေါ်မြင့်မြတ်က လှေကားပေါ်မှပင်. . .

“ဘာရယ်သမီး အလုပ်ကိုစိတ်ကုန်နေတာလား. . ”

“အလုပ်လုပ်ရတာကိုတော့ ဒီလောက်မဟုတ်ပါဘူး ကိုယ်ပိုင်လုပ်ငန်းရဲ့ အကြီးအကဲတစ်ယောက်အနေနဲ့ မလုပ်ချင်ဘဲလုပ်နေရတဲ့ အပိုအလုပ်တွေကို စိတ်ကုန်တာပါ”

“ဩော်. . ယော်ယော်. . ဒါနဲ့ မရွှေသမီးက ရုပ်ရှင်မင်းသမီး လုပ်ချင်ရတယ်လို့ ရှိခဲ့သေးတယ်နော်၊ ခုစီးပွားရေး လောကကော မင်းသမီးအလုပ်နဲ့ဘာထူးမှာလဲ အလုပ်သဘော အရ အကျိုးရှိမယ်ဆိုရင် မပြုံးချင်တဲ့လူကိုလည်း ပြုံးပြရမယ် မမဲ့ချင်တဲ့လူကိုလည်း မဲ့ပြရမယ်၊ ပွဲမတက်ချင်လည်း တက်ရမှာပဲပေါ့”

“ကဲပါ မေမေရယ် သမီးအရှုံးပေးပါတယ်၊ ခုပဲ အင်္ကျီ တက်လဲပါတော့မယ်”

မိခင်ပါ ပါလာပြီဆိုလျှင် မိမိဘက်၌ စစ်ကူမရှိ၊ အလိုလို ရှုံးနိမ့်ပြီးသားဟု. . ။

“လဲချင်လဲ. . လိုက်ချင်မှလိုက်ခဲ့တော့ ဖေဖေကတော့ အချိန်ကို မလေးစားတဲ့လူအဖြစ် သတ်မှတ်မခံနိုင်ဘူး သွားတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



လှေကားပေါ်၌ရပ်လိုက်ပြီး ဖခင့်ကိုကြည့်လိုက်သည်။ ဖခင်ထွက်သွားလေသည်။ ရှုမငြိုး ဝမ်းသာသွားသည်။ ဖခင်က အတင်းအကြပ် စကားမဆိုတော့ခြင်းက ရှုမငြိုးအတွက် ထွက်ပေါက်တစ်ခုဟု နားလည်မိကာ. . .

"သမီး ရောက်မလာရင် ဖေဖေ့မှာ ပေးစရာအဖြေ ရှိပြီလား"

"ရှိတယ်. . ."

"ဘာလဲဖေဖေ"

"မလိုက်ချင်လို့နေခဲ့တယ်လို့လေ"

ရှုမငြိုးက. . .

"တစ်ကယ်လား. . ဖေဖေ အဲဒီလို တစ်ကယ်ပြောမှာလား"

ဖခင်ကပြုံးကာ ကျောခိုင်းထွက်သွားလေသည်။

"ညီမြ လုပ်မနေနဲ့ မြန်မြန်လဲပြီး လိုက်သွားလိုက်"

မိခင်က တစ်စခန်းထပြန်သည်။

ရှုမငြိုး ဘာမှမပြောတော့ဘဲ အပေါ်ထပ်သို့တက်ခဲ့သည်။

အိပ်ခန်းတံခါးကို Lock ချပြီး. . စိတ်တိုင်းကျနားနေလိုက်သည်။ DVD အခွေကြည့်ရင်း စိတ်ကိုအပန်းဖြေလိုက်သည်။

သို့သော် စိတ်အလျှင်ကတော့ နိုဗိုတယ်ဟိုတယ်သို့





ရောက်သွားသည်။

ဘုန်းလက်ရုံး၏ လက်ဝဲ-လက်ယာ၌ ချောမောလှပသော မိန်းမဘယ်နှစ်ယောက်လောက်များ ရှိနေမည်နည်း။

နေ့ခင်းအစည်းအဝေးပွဲ၌ မိမိကဲ့သို့လှပသော မိန်းမတစ်ယောက်ကို သီးခြားအသိအမှတ်ပြုသော အကြည့်မျိုးနှင့်ပင် ကြည့်သည့်လူကို မိမိဘယ်လိုနားလည်ရမည်နည်း။

သူတို့ စကြံ့ကုမ္ပဏီနှင့် အကျိုးတူပူပေါင်းဆောင်ရွက်တော့မည်ဆိုကတည်းက သူနှင့်ပတ်သက်သော Biography ကို မိမိတို့ကုမ္ပဏီက အသေးစိတ်စုံစမ်းသိရှိပြီးဖြစ်လေသည်။

မိဘများက အမေရိကား၌ လောလောဆယ်နေသည်။ လူပျိုလူလွတ်ဘဝနှင့် လွတ်လပ်စွာပင် စကြံ့ကုမ္ပဏီကို ထူထောင်ပြီး စီးပွားရေးလောကကို အချိန်တိုတိုအတွင်း အောင်မြင်စွာဝင်ရောက်လာသူဖြစ်သည်။ သူသွားလေရာရာ မိန်းမချောလေးများကတော့ ပါတတ်သည်။ အမေရိကားမှာ စီးပွားရေးပါရဂူဘွဲ့ကို ယူလာသူဖြစ်သည်။ ပြည်လမ်း (၆)မိုင်ခွဲ၌နေထိုင်သူဖြစ်သည်။

ထိုမျှလောက်ပင်ဖြစ်သော်လည်း ပြည့်စုံလုံလောက်သော အချက်များဟု ရှုမငြိုးသတ်မှတ်လိုက်သည်။

ဘုန်းလက်ရုံးအပေါ် အစိကစိတ်ဝင်စားသွားမိသည့် အချက်က သူနှင့်ပါလာသော မိန်းမချောများထက် သာလွန်သောသူ့ကို စိတ်ဝင်စားစွာအသိအမှတ်ပြုသောအကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



မရရှိလိုက်ခြင်းဖြစ်သည်။

ရှုမငြီးတစ်သက် ရှုမငြီးကို စိတ်မဝင်စားသော လူလွတ်ယောကျာ်း ရှိမနေဘူးဟု ထင်မြင်ထားသောအစွဲအလမ်းသည် ဘုန်းလက်ရုံးနှင့်မှ ပျောက်ကွယ်သွားရမည်လား။

စိတ်ထဲအလိုမကျမှုက DVD အခွေများကလည်း မဆွဲဆောင်နိုင်ချေ။ အိပ်ခန်းပြင်သို့ ပြန်ထွက်ခဲ့သည်။

ဖခင်ပြန်အလာကိုစောင့်ပြီး ညစာစားပွဲ၏ အခြေအနေကို မေးရန်ဖြစ်သည်။

"အတော်ပဲ သမီး"

"ဘာကိုလဲမေမေ"

ဧည့်ခန်း၌ မဂ္ဂဇင်းဖတ်နေသော မိခင်က သူ့ကို မြင်မြင်ချင်း စာကြည့်မှန်ကိုချွတ်၊ မဂ္ဂဇင်းကိုပိတ်ကာ စားပွဲပေါ်တင်လိုက်ပြီး လှမ်းပြောလိုက်သဖြင့်. . သူ မိခင်အနီးလွတ်နေသော နှစ်ယောက်ထိုင်ပေါ် ဝင်ထိုင်လိုက်သည်။

"စောစောကပဲ အသန်းဆီက ဖုန်းလာသွားတယ်"

"အသန်း"

"ဪ. . မေမေ့ သူငယ်ချင်း အသန်းလေ. . အိုရီလေ၊ တလောက ရန်ကုန်ဆေးရုံကြီးကို ပြန်ပြောင်းလာလို့. . မေမေတောင် ထမင်းဖိတ်ကျွေးသေးတာလေ."

"သမီး မှတ်မိပါတယ်."

"အဲ. . သူ့သားလည်း ခွဲစိတ်ပါရဂူဘွဲ့ယူပြီး ပြန်ရောက်လာပြီတဲ့၊ အဲဒါအရွယ်တစ်စိတ်ပိုင်းနေပြီဆိုတော့ အမြန်ဆုံးအိမ်ထောင်ချထားပေးချင်ပြီဆိုပြီး မေမေ့ကို နားပူနားဆာလုပ်နေတယ်"





"ဟင်. . မေမေက အဲ့ဒီအလုပ်လုပ်နေတယ်"

ရှုမငြီးက မိခင်ကိုကျီစယ်လိုက်သည်။

"ဟဲ့. , အဆက်အစပ်မရှိ ဘာအလုပ်လုပ်ရမှာလဲ. . ဒါက"

"အောင်သွယ်တော်အလုပ်လေ. ."

"တယ်. . ဒီကောင်မလေးခေါက်ထဲ့လိုက်ရ. .၊ စကားကောင်းပြောနေတာကို. . ထောင်တန်စကားရယ်ပေါ့၊ ဟင်း. . နားထောင်စမ်း နင့်ကိုတောင်းနေတာပေါ့ဟဲ့. "

ရှုမငြီး ပြုံးလိုက်လေသည်။

"အသက်ဘယ်လောက်ရှိပြီလဲ. "

"သုံးဆယ့်ငါး"

"ဘုရား. . သမီးထက် ရှစ်နှစ်လောက်ကြီးတဲ့ဟာကြီးကို"

"ရှစ်နှစ်ဘာဖြစ်လဲ၊ ယောကျာ်းပဋ္ဌင်း မိန်းမပုခက်တွင်းဆိုတဲ့ စာဆိုဘယ်သွားထားမလဲ. . ."

"ထားပါတော့လေ ချောကောချောရဲ့လား မေမေ"

"အမေတူသားလေ အန်တီသန်းကို သမီးမြင်ဖူးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ချောပေါ့. . ."

"အင်းပေါ့.. ဖြူဖြူထောင်ထောင် မောင်းမောင်းပဲပေါ့ မနက်ဖြန် သူ့သားပြန်ရောက်လာတဲ့ အထိမ်းအမှတ် ညစာစားပွဲ ကျင်းပမယ်တဲ့၊ အဲဒါ မေမေ့ကို ဖုန်းဆက်ဖိတ်တာ၊ သမီးကိုပါ ဆက်ဆက်ခေါ်ခဲ့ဖို့ နားပူနေတာပေါ့. . ."

"လာပြန်ပြီ ညစာစားပွဲ. . ."

"ငြင်းမယ်တော့မကြံနဲ့၊ ငါက နင့်အဖေလို အလျှော့ပေးလိမ့်မယ်မထင်နဲ့နော်. . ."

ရှုမငြိုးကပြုံးကာ မိခင်မဂ္ဂဇင်းကိုကောက်၍ ဟိုလှန်ဒီလှန် လုပ်လိုက်သည်။

"အန်တီသန်းက သူ့သားကိုသူပိုင်လို့ ပြောတာလား မေမေ"

ရှုမငြိုး မေးသင့်သောမေးခွန်းကို မေးလိုက်သည်။

အချိန်တန် အရွယ်ရောက်လာလျှင် လောကသဘာဝတရားအတိုင်း သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမည်ဖြစ်ရာ ရှုမငြိုးလည်း အိမ်ထောင်ပြုသင့်သည့်အရွယ်ကိုပင် အနည်းငယ် လွန်စပြုနေပြီဟု ရှုမငြိုး သဘောပေါက်မိသည်။ အမှန်စင်စစ် (၂၇)နှစ်ဟူသောအသက်သည် ယခုခေတ်အတွက်တော့ သိပ်မလွန်လှသေးပါဘူးဟု ထင်သောငြားလည်း. . ယခုပဲကြည့်. .

ပုရိသယောကျ်ားသားတို့ သမင်လည်ပြန်ငေးကြည့်ခဲ့ အသိအမှတ်ပြုခဲ့ရသော သူ့အလှကို. . ဘုန်းလက်ရုံးဟူသော





ရှိလ်က မျက်တောင်တစ်ဖျတ်စာမျှထက်ပို၍ အသိအမှတ်မပြုသော့သည့်အဖြစ်ကို ကြုံတွေ့လိုက်ရပြီ။

တစ်သက်လုံး အပျိုကြီးဘဝနှင့် အရိုးထုတ်သွားမှာ ား. . ။

မဟုတ်. . ။ ရှုမငြိုး ဘဝအဖော်အမွန်ကောင်းတစ်ဦး ၌သတ်တွဲသွားမည်။ ထူးချွန်ထက်မြက်သော သားသမီးကောင်း ားတွေကို မွေးဖွားပြုစုပျိုးထောင်ပေးချင်သည်။ ထို့ကြောင့် ငြိုး၏ ဘဝကြင်ဖော်သည် ရှုမငြိုးထက်ပို၍ ထူးချွန်ထက်မြက် ီး အိမ်ထောင်ဦးစီးကောင်း ပီသရမည်။ လူတော်ဖြစ်ရုံမက ူတောင်းလည်း ဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ရှိခဲ့သည်။ နေ့ဆဲပင်ဖြစ်သည်။

ခက်တာက သူကိုယ်တိုင်ပဲဖြစ်သည်။ ရှုမငြိုးကို မိခင်ကဲ ာ့ စွဲချက်တင်ကာ ကောက်ချက်ချထားသည်။

"နင် ဒီလောက်ဇီဇာကြောင်နေမှတော့ နင်ဒီတစ်သက် ိမ်ထောင်ကျတော့မှာမဟုတ်ဘူး" ဟူ၍ဖြစ်သည်။

"ဟဲ့. . မေးပြီးတော့ ဘာတွေတွေးနေတာလဲ၊ စာအုပ် ာတ်ထိုးကိုင်ပြီး. ."

မိခင်အသံကြားမှ မဂ္ဂဇင်းစာအုပ်ကို ဖောက်ထိုးကိုင် ာ ဟိုလှန်ဒီလှန်လုပ်နေသည့်အဖြစ်ကို သတိပြုမိလိုက်ပြီး တစ် ာ်ရယ်လိုက်သည်။

"မေမေ ဘာပြောလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို စားပွဲပေါ်ပြန်ချထားလိုက်ပြီး မေးလိုက်သည်။

"အသန်းကတော့ သူ့သားသူတာဝန်ယူတယ်၊ အုပ်ထိန်းတဲ့လူနာခွဲစိပ်ဖို့ကျလွဲရင် ကျန်တဲ့ကိစ္စတွေမှာ သူတို့သဘောပဲလို့ ပြောတယ်"

"ဒီလိုဆို ဘာလို့စောစောစီးစီး အိမ်ထောင်မချပေးလိုက်တာလဲ. . ."

"ဒါကတော့ လွတ်လွတ်လပ်လပ်နဲ့ ပါရဂူဘွဲ့တွေယူဦး ရစေဦးလို့ ဆိုတာကိုးကွဲ့၊ ခုလို အစာအိမ်နဲ့အူလမ်းကြောင်းဆိုင်ရာ ခွဲစိပ်ကုသမှုပါရဂူဘွဲ့ကို ယူလာနိုင်ပြီဆိုတော့လည်း မိဘတွေကို လိုက်လျှောပေးရုံပဲရှိတော့တာပေါ့. . ."

"ဆေးလိပ်သောက်တတ်သလား မေမေ. ."

"ကြုံကြုံဖန်ဖန် သူ့အဖေတောင်မသောက်တာ. . သူလည်းသောက်ပါ့မလား"

"အရက်ကော"

"ညည်းနဲ့တွေ့တော့မှပဲ မေးကြည့်တော့အေ. . ညည်းအဖေတောင် ဒီကိစ္စကင်းလို့လား၊ ဧည့်ခံပွဲတို့ဘာတို့မှာတော့ သောက်မိမှာပေါ့. . ."

"မနက်ဖြန်တွေ့ကြမှာပဲ ဖေဖေကော လိုက်ဦးမှာလား"

"အားရင်တော့လည်း လိုက်မှာပေါ့၊ မအားရင်တော့ လိုက်မယ်မထင်ဘူး"





ထိုစဉ် ကားသံကြောင့် ဖခင်ပြန်လာပြီဟုသိရပြီး ရှုမငြိုးထွက်ကြိုလိုက်သည်။

ဖခင်က. . .

"တော်တော်မိုက်များတဲ့ ပုဂ္ဂိုလ်လေးပဲ ခန်းမအပြည့်ပဲ" ဟူသောစကားကိုသာပြောသည်။ ကျန်စကားကိုမဆိုသဖြင့် ရှုမငြိုးအားမလိုအားမရဖြစ်သွားသည်။ သို့သော် မေးရခက်နေသည်။

"သမီးကို မေးကြသေးတယ်. . ."

အတန်ကြာမှထွက်လာသော ဖခင်စကားကြောင့်. . ရှုမငြိုးအားတက်သွားပြီး. . .

"ဘယ်သူတွေလဲ ဖေဖေ"

အလောသုံးဆယ်ပင် မေးခွန်းထုတ်လိုက်သည်။

"ကုမ္ပဏီက လူတွေပဲပေါ့၊ ဪ. . စကြံာ်ကုမ္ပဏီက ဆက်ခ်ထေရီလေးကလည်း မေးသေးတယ်. . ."

"အဖေကြီး. . တစ်ခုခုထပ်စားဦးမလား"

"အလှစားမဟုတ်ဘူး အဝစားခဲ့တယ် အမေကြီး၊ နားတော့မယ်."

ထိုမျှလောက်နှင့် စကားစပြတ်သွားလေသည်။ မိဘနှစ်ပါး အိမ်အပေါ်ထပ်တက်သွားသောအခါ ရှုမငြိုးတစ်ယောက်တည်း အောက်ထပ်ဧည့်ခန်းမကျယ်ကြီးဝယ် တိတ်ဆိတ်စွာကျန်ခဲ့လေသည်။ ဘုန်းလက်ရုံးသည် ဘယ်လိုလူစားလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့၌ရည်မှန်းထားသူရှိနေပြီလား။

ရှုမငြီး မခံချိမခံသာနှင့်တွေးတောရင်း လမ်းစတစ်ခုခုကို ရှာဖွေနေမိသည်။ ခက်တော့ခက်သည်။

လုပ်ငန်းသဘောအရတော့ တွေ့ကြုံရဦးမည်ဖြစ်သော်လည်း ထိုအချိန်ကာလက ခန့်မှန်း၍မရ။ ကြာချင်ကြာသွားနိုင်သည်။ တစ်ခုခုတော့ကြံရွယ်ရမည်။

ရှုမငြီး ထိုညက တော်ရုံနှင့်အိပ်မပျော်နိုင်ပါချေ။







# အခန်း(၃)

ကံတရားသည် ရှုမငြီးဘက်က ဖေးမပေးသည်ထင့်. .

စနေနေ့ကို ရှုမငြီးက Duty Off အားလပ်ရက်အဖြစ်ရွေးချယ်ယူခဲ့သည်။ ငယ်စဉ်ကျောင်းသူဘဝမှ တက္ကသိုလ်ကျောင်းသူဘဝ ယခုအလုပ်ခွင်ဝင်သည်အထိ အမြဲမခွဲတမ်းတွဲခဲ့သော သူငယ်ချင်း လွင်မာကို ရီတာနှင့်အတူ ချိန်းပြီးရုပ်ရှင်ကြည့်သည်။ ကော်ဖီဆိုင်ကောင်းကောင်းလေးများ ရွေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်ထိုင်သည်။ ဗိုလ်ချုပ်ဈေးပတ်သည်။ ပလာဇာတွေကိုလည်း အလှည့်ကျ ဈေးဝယ်ထွက်သည်။ နောက် ညစာကို တစ်နေရာရာ၌ စားသောက်ပြီးမှ လမ်းခွဲကြသည်။

ဤစနေနေ့ ဘယ်လိုမှမမေ့မရ။ ရွှေဘုံသာလမ်းရှိ ORCHID အထည်ဆိုင်ထဲသို့ဝင်ပြီး. . .

"ဘာအဆင်ဆန်းရောက်ပြီလဲ"

"ဟင်"

ဟူသော အာမေဋိတ်သံထွက်သွားရလောက်အောင် ရှုမငြီးအံ့သြသွားသည်။

သူ့လိုယောက်ျားတစ်ယောက်ကို ယခုလို မိန်းမဝတ်ဇာမျိုးစုံရောင်းသောဆိုင်ခန်း၌တွေ့ရလိမ့်မည်ဟု လုံးဝထင်မထားပါ. .။

"ဪ. ."

သူကလည်း မြင်တွေ့သွားပုံရသည်။ တစ်ပေသာသာ အကွာအဝေး လီနှင်သားပိတ်ဖောက်ဇာအဆင်သစ်အုပ်ပေါ် လက်ရောက်လိုက်သော မိမိ၏လက်က ဘုန်းလက်ရုံးနှင့် ပို၍နီးကပ်သွားသည်။

သူ့ဪက ရှုမငြီးကို အသိအမှတ်ပြုလိုက်ခြင်းလား ဟုတွေးမိပြီး သူ့အားကြည့်လိုက်သည်။

အမှတ်မထင်ဘဲ သူ့ထံမှ အပြုံးနှင့် နှုတ်ဆက်မှုကို ရရှိလိုက်သည်။





"တစ်ယောက်ထဲလား. . . ဒေါ်ရှုမငြီး"

"မဟုတ်ဘူး. . သူငယ်ချင်းတွေပါတယ်၊ ရှင်ကော"

"တစ်ယောက်ထဲပါ မေမေ့အတွက် မှာထားတဲ့အစ လာခင်ယူတာ. . ."

"ဪ. ."

"ရွေးပြီးပြီလား"

"ဖြတ်နေပြီ၊ ဒါထက် မနေ့ညက မလာဘူးထင်တယ် တွေ့မိဘူး"

ရှုမငြီး အောင့်သက်သက်ဖြစ်သွားသည်။ သာမန်ဂရုစိုက်မှုထက် မပိုသောစကားပင်။ သို့သော်. . .

"ဟုတ်တယ်မအားလို့. . ."

"အဲဒီအတွက်အလျှော်ပေးရလိမ့်မယ်. ."

"ရှင်. ."

ရှုမငြီးအလုပ်ခွင်ဝင်ရောက်ပြီးနောက်ပိုင်း အလုပ်ကိစ္စနှင့် ပတ်သက်သော ဆက်နွယ်မှုရှိသူများနှင့်တော့ သွားလာဖူးသည်တော့ရှိသည်။ ငယ်မူငယ်သွေး ပြန်လည်ဆန်းသစ်လာသည်ဟု ခံစားလိုက်ရသည်။ ဘုန်းလက်ရုံးနှင့်ရင်းနှီးဖို့ အတော်လေး နှီးတီးလိုက်ရလိမ့်မည်ဟု ထင်မြင်ယူဆချက်တို့ မှားယွင်းသွားသည်။ ယခုလို တရင်းတနှီးဆက်ဆံလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသဖြင့် ရုတ်တရက်ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလျှော်ပေးရမယ်လို့လေ. . ."

"ဘယ်လိုအလျှော်မျိုးလဲ. . ."

"မနေ့ညက မစားတဲ့အတွက် အခုနေ့လည်စာ လိုက်စားဖို့ပါ. . ."

"နစ်နာနေပါဦးမယ်. . ."

မျှော်လင့်မထားသော ဖော်ရွေမှုကြောင့် ရှုမငြိုးပင်လျှင် အိုးတိုးအန်းတန်း ဖြစ်သွားရသည့်အဖြစ်နှင့် ကြုံတွေ့ရသည်။

"မိတ်ဆက်ပေးရဦးမယ်. ."

"သူငယ်ချင်းတွေကိုပါ ဖိတ်တယ်နော်"

"သူက ဒေါက်တာရီတာ၊ ကလေးဆေးရုံကြီးမှာ တာဝန်ကျတယ်. ၊ သူက လွင်မာ စည်ပင်မြို့ပြဌာနမှာ အေအီး တာဝန်ထမ်းဆောင်နေတယ်. ."

"ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ်"

အနောက်တိုင်းဆန်ဆန်ပင်. . လက်ဆွဲနှုတ်ဆက်ကြသည်။ နောက် သူတို့သုံးယောက်ဖြတ်သော အကျီတန်ဖိုးများကိုပင် အမှတ်တရဟုဆိုကာ ရှင်းပေးပြီး. .

"ဘယ်နေရာမှာစားကြမလဲ."

ရှုမငြိုးက ပြုံးကာခေါင်းခါလိုက်သည်။

"ဘယ်နေရာမှာမှ မစားဘူး၊ ရုပ်ရှင်သွားကြည့်ကြမလို့ မနေ့ကအကြွေးကို အကျီစတွေတန်ဖိုးနဲ့ပဲ ကျေအေးလိုက်ပြီး ပါတော့ သွားမယ်နော်"





"ခဏနော်. . မ. . အဲ. . ဒေါ်ရှုမငြိုး"

မနေ့က အသွင်အပြင်နှင့်ခြားနားစွာပင် လူပျိုပေါက်လေးတစ်ယောက်လို သွက်လက်မြူးကြွနေသည်။

"ကျွန်တော်တို့လုပ်ငန်းခွင်မှာ တွေ့ကြတဲ့အခါ ဦးဘုန်းလက်ရုံးအနေနဲ့ တည်ကြည်မှု၊ ရင့်ကျက်မှုကို ဖန်တီးယူထားတဲ့အတွက် ဒေါ်ရှုမငြိုးအပေါ် ဖော်ရွေလိုက်လျောမှုမရှိတာမျိုးနဲ့ ကြုံခဲ့ရင် ခွင့်လွှတ်ပါ"

ရှုမငြိုး ဘာပြန်ပြောရမှန်းမသိအောင်ပင် ထပ်ဆင့်အံ့ဩသွားရသည်။

"တစ်ကယ်တော့. . မရဲ့အလှဂုဏ်သတင်းနဲ့ ကျော်ဇောမှုကို ကျွန်တော်လည်း သာမန်ယောကျာ်းတစ်ယောက်အနေနဲ့ စိတ်ဝင်စားခဲ့သူတစ်ယောက်ပါ၊ မနေ့က ထိပ်တိုက်တွေ့လိုက်ရတဲ့ အချိန်မျိုးမှာ ဘယ်သူမှမရိပ်မိပေမယ့် ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် စိတ်လှုပ်ရှားမှုမျိုး ဒီတစ်ခါပဲကြုံတွေ့ခဲ့ရတယ်ဆိုတာတော့ မ. . သိထားပေးပါ"

ပြောပြောဆိုဆိုပင် ရှုမငြိုးအတွက် တံခါးကိုဆွဲဖွင့်ပေးလိုက်သည်။

"ကျေးဇူးပဲနော်သွားမယ်"

သူ့အတွက် ဘာမှခံစားချက်မရှိသလိုပုံစံမျိုးကို ရှုမငြိုးဖန်တီးပြီး အေးဆေးစွာပင် ကားပေါ်တက် ကားစက်နှိုးလိုက်ကာ မောင်းထွက်ခဲ့သည်။ သူသည် သူ၏ LAND CRUISER



www.burmeseclassic.com

www.burmeseclassic.com



ကားဆီသို့ လျှောက်သွားသည်ကို နောက်ကြည့်မှန်မှတစ်ဆင့် တွေ့လိုက်ရသည်။

ထိုအချိန်မှစ၍ ကားပေါ်မှပစ္စည်းချင်းများက တစ်စခန်းထကြလေသည်။

"ရှင်တို့ကဘယ်လိုလဲ၊ ကျုပ်တို့နဲ့မတွေ့တဲ့ တစ်ပတ်ဆိုတဲ့ အချိန်ကာလတိုလေးအတွင်းမှာ ရှင်အရမ်းတိုးတက်သွားပါလား"

"ဟုတ်ပ. . . ရည်းစားရှိတဲ့ကျုပ်က လက်ထပ်ဖို့ရက်တောင် မရွေးရခင်မှာများ ရှင်တို့က အရင်ဖြတ်ကျော်တော့မယ့် အတိုင်းပဲ၊ ကြည့်နေကြတဲ့ မျက်လုံးအကြည်ဓါတ်တွေကိုက ဖိတ်ဖိတ်တောက် ရွှန်းလဲ့နေလိုက်တာများ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့ထားလိုက်ကြတာ"

"အေးလေဟယ်. . ပါဝါတွေများနေလိုက်တာ"

"တော်စမ်းပါ. . ရှင်တို့ထင်သလိုမဟုတ်ဘူး၊ ကျုပ် စားရင်းသောက်ရင်းမှ အေးအေးဆေးဆေးရှင်းပြမလို့. . ကားကို ဖြောင့်ဖြောင့်တန်းတန်းမောင်းပါရစေနော်. . "

"အေး. . အတွေးလေးနဲ့မောင်းပေါ့. . ဟုတ်လား"

"မိန်းမ်နော်. . ကျုပ်က ဘယ်တုန်းကများ ရှင်တို့ကို လှို့ထားဖူးလို့လဲ. . ."

ရှုမငြီး အပြုံးလေးဖြင့် မာန်မဲလိုက်သည်။ တစ်ကယ်တမ်းလည်း လွင်မာနှင့်ရီတာအား တိုင်ပင်ရန် စဉ်းစားထားပြီး





သားဖြစ်သည်။ ထူးထူးခြားခြား တိုက်ဆိုင်မှုတစ်ခုက တမင်ဖန်တီးယူလျှင်တောင် ဤမျှလောက်တိုက်ဆိုင်ချင်မှ တိုက်ဆိုင်နိုင်မည်။ လွဲချော်သွားနိုင်သည်။

ယခုတော့ တိုက်ဆိုင်လွန်းလှချေသည်တကား. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

ဒုတိယအကြိမ် တိုက်ဆိုင်မှုတစ်ခုက. . .

ဦးအုပ်စိုးပြန်လာခြင်း အထိမ်းအမှတ်ကို ဘုရားကိုးဆူပွဲနှင့်ရောရှ် ကျင်းပလိုက်သည့်ပွဲ၌ ဦးအုပ်စိုးတို့အိမ်၌ တွေ့ဆုံခြင်းဖြစ်သည်။

ဦးအုပ်စိုးသည် ဘုန်းလက်ရုံးနှင့် ယှဉ်လိုက်လျှင်တော့ မှေးမှိန်သွားသည်။ အသက်အရွယ်အားဖြင့်ရော ရုပ်ရည်အား





ဖြင့်ပါ ဘုန်းလက်ရုံးက အလွန်သာနေသည်။ အသက်ငယ်သည် ရုပ်ရည်ရှုပကာ အင်မတန်ကြည့်ကောင်းသူဖြစ်သည်။

"ညီလေးက နောက်ကျတာကိုး ဒီဝိုင်းပဲထိုင်တော့ကွာ"

ဦးအုပ်စိုးက ဘုန်းလက်ရုံးကိုခေါ်လာပြီး ရှုမငြီးတို့ သားအမိစားပွဲ၌ နေရာချထားပေးလိုက်ခြင်းကိုက ထပ်မံကြုံတွေ့သော တိုက်ဆိုင်မှုတစ်ခုပင်. .

"ဟာ. . ဒေါ်ရှုမငြီး"

"အို. . ညီလေးတို့ချင်း သိပြီးနေပြီလား၊ ဒါဆိုရင်လည်း ကိုယ်အထူးတလည် မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့ကွာ အချင်းချင်းသာ ဧည့်ခံပေတော့၊ အန်တီ ကျွန်တော်ကိုခွင့်ပြုပါဦး ဧည့်ခံစရာရှိသေးလို့ပါ. ."

"ရပါတယ်သား. . သွားသွား. ."

ဦးအုပ်စိုးအနေဖြင့် သူ့မိခင်က ရှုမငြီးနှင့်ကိစ္စကိုပြောထားပုံရသော်လည်း အိန္ဒြေပျက်မှုမျိုးမရှိ။ သမာဓိပိုးလေးဖြင့် တွက်ကြည့်ကွက်ကြည့် လုပ်တတ်ရုံမှအပ ထူးခြားသောအသိအမှတ်ပြုမှုမျိုး ဂရုစိုက်ပြုမှုမျိုးမလုပ်တတ်ပါချေ။

အမှန်တော့ အနောက်တိုင်း၌ နှစ်အတော်များများ ပညာတော်သင်လာသော သူ့လိုပုဂ္ဂိုလ်မျိုးသည် Lady First ဟူသောခံယူချက်မျိုးဖြင့် မိန်းမတွေကို ဦးစားပေးတတ်မည်သာ ဖြစ်သည်။ အမှန်တစ်ကယ်ပင် ပညာသက်သက်ကိုပဲ ဦးစားပေး၍ အပျော်အပါးရှောင်ခဲ့လေသလားဟုပင် ရှုမငြီးတွေးရသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

"မေမေ စကြာ်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးဘုန်းလက်ရုံးပါ. ."

"အို. . ငယ်ငယ်လေးရှိသေးတာပဲ၊ သားငယ်အရွယ်ပဲ"

မိခင်ဒေါ်မြင့်မြတ်က ဈပန်နည်းပညာသင်ရင်း အလုပ်တစ်ဖက်သွားလုပ်နေသော သားငယ်ဖြစ်သူကို သတိရသွားဟန်တူသည်။

ဪ. . . ဟုတ်သားပဲ၊ ဘုန်းလက်ရုံးသည် ရှုမငြိုး၏ မောင်ငယ် အောင်ထက်မြက်နှင့် ရွယ်တူလောက်ပေပဲ။

စကားတစ်ခွန်းစနှစ်ခွန်းစ ပြောနေစဉ်မှာပင် ဒေါ်သန်းသန်းရောက်လာပြီး မိခင်ဒေါ်မြင့်မြတ်ကို လက်တို့ခေါ်သွားလေသည်။

"လာလာ. . ဆရာရှိတုန်းအတော်ပဲ၊ ကိုယ်တို့ မေးစရာရှိတာလေးမေးရအောင်၊ သမီးက. . ဪ သားလက်ရုံးနဲ့တွေ့နေတာလည်း ခဏနော်. . ၊ သား မင်းအစ်မနဲ့ စကားပြောနေကြဦး. . အန်တီတို့ လူကြီးအလုပ်ကလေးတွေရှိနေလို့"

ဒေါ်သန်းသန်းနှင့် မိခင်ဒေါ်မြင့်မြတ်ထွက်သွားသည်နှင့် ရှုမငြိုး မအောင့်အီးနိုင်ဘဲ စကားစလိုက်လေသည်။

"ရှင်နဲ့ ဦးအုပ်စိုးတို့မိသားစုနဲ့က အတော်ရင်းနှီးပါလား"

"ရင်းနှီးဆို ကျွန်တော့်အစ်ကိုနဲ့ဦးအုပ်စိုးက သူငယ်ချင်းတွေလေ၊ မိဘချင်းလည်းခင်ကြတယ်ဆိုတော့ ကျွန်တော်နဲ့ပါ





အလိုအလျောက်ရင်းနှီးနေတာ၊ ဒီနေရာမှာ ကျွန်တော်လည်း ဦးဘုန်းလက်ရုံးလို ဟိတ်ဟန်ထုတ်လို့ မရတဲ့နေရာပေါ့၊ လက်ရုံးဆိုတဲ့ ချာတိတ်လေးတစ်ယောက်အဖြစ်ပဲ အသိအမှတ် ပြုခံနေရတဲ့နေရာလေ၊ ဒါကြောင့်. . မကို ရင်းရင်းနှီးနှီးဆက်ဆံမယ်နော်. . "

ရှုမငြိုးရင်သို့ ထိုကဲ့သို့ရင်းနှီးသော မောင်တစ်ယောက်လို တိုးဝင်မှုမျိုးက မထိရောက်ချေ။

"ကျွန်မကတော့ ဘယ်နေရာ၊ ဘယ်ဌာနမျိုးမှာဖြစ်ဖြစ် မပြောင်းလဲဘူး ဦးဘုန်းလက်ရုံး"

"ဟာဗျာ. . မကလည်း"

ဘုန်းလက်ရုံး မျက်မှောင်ချိုလိုက်သည်။

"ခုလိုပွဲမျိုးမှာတော့ ရှင့်ဘေးက မိန်းမချောလေးတွေ မပါတတ်ဘူးလား"

"ဒါ စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ ပွဲလမ်းသဘင်မျိုးမှမဟုတ်ဘဲ ဘယ်ခေါ်ခဲ့မလဲ. . . "

"ဪဦးဘုန်းလက်ရုံးက လောကဝတ်ကိုလည်း ကျွမ်းကျင်လည်ပတ်တဲ့လူပေပဲနော်. . "

"ထင်လို့ပါ. . လောကကြီးမှာ ကျွန်တော်လုံးဝ မတတ်ကျွမ်းသေးတဲ့အလုပ်တစ်ခု ရှိနေသေးတယ်"

"ဟုတ်လား. ဘာအလုပ်လဲ၊ ကျွန်မသိခွင့်များရှိမလား ဦးဘုန်းလက်ရုံး"



www.burmeseclassic.com

www.burmeseclassic.com



"သိခွင့်ရပါတယ် သင်ပေးခွင့်လည်းရှိပါတယ်"

ရှုမငြိုး စိတ်ဝင်စားသွားသည်။

သို့သော် နောက်ဆက်တွဲစကားကြောင့် မိမိအစော်ကားခံလိုက်ရပါလားဟု သိလိုက်ရလေသည်။

"အချစ်လေ.. အချစ်နဲ့ပတ်သက်ရင် နကန်းတစ်လုံးမှ မသိသေးတဲ့ ပီဘိကလေးငယ်တစ်ဦးလိုဘဲ ဖြစ်နေသေးတယ်မ"

ရှုမငြိုး ရုတ်တရက်တုန့်ပြန်စကား မဆိုနိုင်လောက်အောင် ရင်ထဲဒေါသစိတ် ပျံ့လွင့်လာသည်။

"ဆောရီးနော်မ ကျွန်တော့်စကားဟာ သိပ်ကို စောလွန်းသွားပါတယ်၊ အမှန်တော့လည်း မကို ကျွန်တော်စတွေ့ခဲ့တဲ့ အချိန်ကစပြီး ရေတွက်ရင်တော့ မစောတော့ပါဘူး"

"ရှင်က ကျွန်မကိုမနေ့တစ်နေ့ကမှတွေ့တာ နာရီအရေအတွက်အားဖြင့် မစောတာကိုပြောတာလား"

ဒေါသစိတ်ကို ကွယ်ဝှက်မြိုသိပ်ပြီး အေးဆေးစွာပင် တုံ့ပြန်မေးခွန်းထုတ်လိုက်သည်။

ဘုန်းလက်ရုံးက ပြုံးကာ ခေါင်းခါရမ်းလိုက်သည်။

"မကို ကျွန်တော်တွေ့တာ လေယာဉ်ကွင်းစားသောက်ဆိုင်တစ်နေရာမှာ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ကျွန်တော်နိုင်ငံခြား မထွက်ခွါခင် အချိန်လေးမှာပေါ့.."

"ဟင်.."

ရှုမငြိုးကို အံ့သြမှုတွေ အမျိုးမျိုးပေးနေသည့် ဘုန်းလက်





ရုံးကို စိတ်ဝင်စားစွာပင် စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"ဒါပေမယ့်.. အဲ့ဒီအချိန်မှာ မသေးနားမှာ အမျိုးသားတစ်ယောက်ရှိနေခဲ့တယ်၊ သူငယ်ချင်းတစ်ယောက်ပြောပြလို့ မကို ရှုမငြိုးလို့သိခဲ့ရတယ်၊ ယောက်ျားတော်တော်များများကိုတွဲခဲ့ အနိုင်ယူခဲ့တတ်လို့ အသဲစားအလှဘုရင်မအနေနဲ့ နာမည်ကြီးတယ်၊

မယ်တက္ကသိုလ်နဲ့ ကုမ္ပဏီတွေရဲ့ အလှသရဖူပြိုင်ပွဲတွေမှာလည်း သရဖူဆောင်းနိုင်ခဲ့တယ်ဆိုတာကိုပါ သိခဲ့ရတယ်လေ၊ ရှိသယောက်ျားတစ်ဦးအနေနဲ့ မအလှကို အဲ့ဒီအချိန်ကစပြီး တိတ်တခိုး အသိအမှတ်ပြုစွဲလမ်းခဲ့တယ်ဆိုတာကို ဝန်ခံပါရစေ.."

ရှုမငြိုး ဘုန်းလက်ရုံး၏မျက်ဝန်းကို စေ့စေ့ကြည့်ကာ အဖြေရှာကြည့်သည်။ ချစ်ရည်ရွှန်းလက်တောက်ပနေသော.. မျက်ဝန်းအစုံက သူ့အပေါ်မြတ်နိုးမှုအပြည့် စွဲလမ်းမှုအနန္တနှင့်ပင်..။

"အံ့သြစရာပုံပြင်တစ်ပုဒ်ပဲ၊ ဒါတွေအားလုံးဟာ ပြီးဆုံးခဲ့ပါပြီ၊ မိန်းမတစ်ဦးဟာ သူ့အိမ်ထောင်ဘက်တစ်ယောက်ကို ရွေးချယ်တဲ့နေရာမှာ လေ့လာတဲ့အနေနဲ့ အတူသွားလာတာလေးရှိတတ်တယ်၊ အဲ့ဒီမှာ ကိုယ်လုံးဝသည်းခံခွင့်လွှတ်လို့မရတဲ့ ဓလေ့စရိုက်တွေ တွေ့လာတဲ့အခါ လမ်းခွဲလိုက်တယ်.. ဒါပါပဲ၊ ရှင့်ကိုအယူခံဝင်တာမဟုတ်ဘူးနော် ကိုယ့်အိန္ဒြေကိုတော့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းနိုင်ခဲ့တယ်ဆိုတော့ ကျွန်မ အိမ်ထောင်ဘက်ကို အမြဲ နဲ့မကြည့်တော့ဘူး နှလုံးသားနဲ့ပဲကြည့်တော့မယ်လို့ ဆုံးဖြတ် ထားလိုက်ပြီ..."

"အဲဒီဆုံးဖြတ်လိုက်တဲ့အချိန်မှာ ကျွန်တော့်ကို ရွေးဆုံး က နေရာပေးခွင့်ပြုပါလား..မ"

ဘုန်းလက်ရုံးက..ပြတ်သားစွာပင် တောင်းဆိုလိုက် သည်။ ရှုမငြိမ်းက နှုတ်ခမ်းကို ကွေးညွတ်ရုံမျှလေးပြုံးလိုက်ပြီး..

"နည်းနည်းနောက်ကျသွားပြီ.."

"ဘာဖြစ်လို့လဲ.."

"ညကပဲ မေမေက ကျွန်မကို ဒေါက်တာအုပ်စိုးနဲ့ လက် ထပ်ပေးဖို့ပြောတဲ့အတွက် ကျွန်မသူ့ကို နှလုံးသားထဲ အရှင် ထည့်ဖို့ ကြိုးစားလိုက်ပြီ.."

"ကိစ္စမရှိပါဘူး လက်ထပ်ရသေးတာမဟုတ်သလို နှလုံး သားမှာ နေရာယူနိုင်သေးတာမှမဟုတ်ဘဲ..ရပါတယ်၊ ပို တောင်ကောင်းသွားသေးတယ်..ဘယ်အလုပ်မဆို ပြိုင်ဘက် ရှိမှပိုကောင်းတယ်..ပိုတိုးတက်တယ်၊ နှစ်ယောက်ထဲဆိုတော့ နည်းနေသေးတယ် အခြားပုဂ္ဂိုလ်တွေရှိရင်လည်း ကျွန်တော် စိန်ခေါ်ချင်သေးတယ်.."

"ရှင်ဟာ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတယ်ပေါ့.."

"ကျွန်တော့်နှလုံးသားကို ကျွန်တော်ယုံကြည်တာပါ" ရှုမငြိမ်းရင်ထဲ လှုပ်ခတ်မှုက တစ်ကြိမ်တစ်ခါမှမဖြစ်ပေါ်





ဖူးသော လှုပ်ခတ်မှုမျိုးဖြစ်သည်။ နှလုံးသားကို စိန်ခေါ်ကာ အနိုင်ရချင်သူကို ရှုမငြိမ်းသဘောကျသွားလေပြီ။

"ကောင်းပြီလေ..ဒါက ရှင့်အပိုင်းပဲ၊ ရှင့်ရဲ့ကြိုးစားမှု ပေါ်မူတည်ပြီး ရလဒ်ကောင်းတစ်ခုတော့ထွက်မှာပဲ.."

"ကျွန်တော် ပြိုင်ဘက်ကိုဘယ်တော့မှ အထင်မသေး ဘူး..မ"

"ကုမ္ပဏီကြီးတစ်ခုကိုတောင် ဦးဆောင်နေတဲ့လူတစ် ယောက်ပဲလေ..ရှင့်အရည်အချင်းဟာ မသေးကွေးနိုင်ဘူးဆို တာ ကျွန်မသဘောပေါက်ပါတယ်၊ ကျွန်မ သတိရှိရမှာပေါ့"

"မကတော့လေ..အဲ့ဒီ မထိမဲ့မြင်တဲ့အပြောလေးတွေ ပဲ ကျွန်တော်တို့လို ပမ္ပားကောင်လေးတွေရဲ့ရင်ကို လှုပ်ခါစေ တယ် ထင်ပါရဲ့ဗျာ.."

အပြုံးမြမြနှင့်ပြောဆိုရင်း အချိုပွဲအဖြစ်တည်ခင်းသော သယ်နီလှက်သားနုနုလေးများကို ခပ်စားနေသော ဘုန်းလက်ရုံး ကို ကြည့်မိသည်။

လှက်အသားကလွဲပြီး ဘာမှမစား..။ အကြော်၊ ပုဇွန် ခြောက်တို့ကို လုံးဝမနှိုက်ချေ။ ဘုန်းလက်ရုံးသည် ခေါင်းမာသော အစွဲအလမ်းကြီးတတ်သော လူစားဖြစ်လိမ့်မည်ဟု သူခန့်မှန်းမိ လိုက်သည်။

ရှုမငြိမ်းကတော့ လှက်အသားကို ကြက်သွန်ကြော်၊ နှမ်း နှင့် ပုဇွန်ခြောက်ကလေးနှင့် ရောနှောစားတတ်သည်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံ အရသာစုံစုံလင်လင် အကြော်စုံနှင့် ကြက်သွန်ဖြူ ငှ
သီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ သဘော်ရွက်နုများနှင့် ချဉ်ချဉ်စပ်စ
ဖန်ဖန် လေးသုတ်စားတတ်သည်ကို အမှတ်ထားကာ ပြုံးလိုက်
သည်။

အသွင်ကတော့ ခြားနားနေလေပြီ။

ထိုစဉ် ဒေါက်တာအုပ်စိုးရောက်လာသည်။

"ရှုမငြိုး ပျင်းနေပြီလား"

"မပျင်းပါဘူး ဦးဘုန်းလက်ရုံးက ဧည့်ခံကောင်းပါတယ်"

"ပြောင်းပြန်ဖြစ်နေပြီလို့များ မထင်လိုက်ဘူးလား ကို
စိုး၊ တစ်ကယ်တမ်းဧည့်ခံရမှာက. ."

"ညီလေးကလည်းကွာ. ."

ဒေါက်တာအုပ်စိုးက လူကြီးပီပီ ရှက်ပြုံးလေးနှင့် တ
တားလိုက်သည်။

"ဒေါ်ရှုမငြိုး. . စားလို့ကောအဆင်ပြေရဲ့လား"

"ပြေပါတယ်ဦးအုပ်စိုး"

"ကိုင်း. . ကိုကိုစိုးတို့ အေးအေးဆေးဆေးစကားပြော
ကြတော့၊ ကျွန်တော် ဧည့်ခံပွဲတစ်ခုရှိသေးလို့သွားဦးမယ် ခွင့်ပြု
ပါဦး. . ဒေါ်ရှုမငြိုး"

"ကောင်းပါပြီ. ."

ဘုန်းလက်ရုံးက စိတ်ချလက်ချပင် ပြိုင်ဘက်နှင့် နှ
ယောက်ထဲထားခဲ့ပေးခြင်းဖြင့် စိန်ခေါ်လိုက်လေပြီ။ ရှုမငြိုး. .





ဘုန်းလက်ရုံးထွက်သွားရာဘက်သို့ မျက်စိမရောက်သွားစေရန်
သတိထားလိုက်ရသည်။ ဒေါက်တာအုပ်စိုးကို စိတ်ဝင်စားမိစေ
မည် ကြိုးပမ်းရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"သမီး . . မောင်အုပ်စိုးကို ဘယ်လိုသဘောရသလဲ"

"လူကြီးလူကောင်းဆန်တဲ့လူမျိုးတွေက ခန့်မှန်းရခက်တယ်မေမေ . ."

ရှုမငြီးစကားကို မိခင်ဒေါ်မြင့်မြတ်က နားမလည်။

"ညည်းစကားက ဘာလဲအေ . ."

"ဩော်အမေကလည်း လူကြီးလူကောင်းဆန်တယ်ဆိုတော့ ထိန်းချုပ်မှု ဟန်ဆောင်ဖုံးကွယ်မှုတွေရှိတယ်လေ၊ သူတို့ရဲ့





အတွင်းမနေခကို တော်ရုံလူခန့်မှန်းလို့ မရနိုင်ဘူးပြောတာပါ. ."

"သမီးတို့ချင်း ဘာမှမပြောဖြစ်ကြဘူးလား"

"ဟင့်အင်း. . သူကဘာမှမပြောပါဘူး၊ ကုမ္ပဏီအခြေအနေ ဆေးရုံအခြေအနေလောက်ပဲ အလာပသလာပပြောဖြစ်ကြတယ်. ."

"ဟင်း. . ကျုပ်တို့အမေနှစ်ယောက်ကတော့ အဆင်တွေပြေနေလောက်ပြီထင်ပြီး ရက်ကောင်းရက်မြတ်တွေတောင်ရွေးနေပြီ."

ရှုမငြီးရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ပြာပြာသလဲ. . .

"ဟာ. . . ဒီလောက်တော့ အလောသုံးဆယ်မလုပ်ပါနဲ့မေမေ၊ သမီးကို လေ့လာခွင့်လေးတော့ပေးပါဦး"

"ဘာလေ့လာစရာလိုလို့လဲ သမီးရဲ့ မျိုးရိုးဗီဇကောင်းတယ်. . ပညာဂုဏ် ငွေကြေးဓနဂုဏ် ရုပ်ရည်ရူပကာ အဖက်ဖက်ကပြည့်စုံနေတဲ့ လူတစ်ယောက်ကို ဘာမျှားငြင်းပယ်စရာရှိနိုင်မှာမို့လို့လဲ. ."

"နှလုံးသားလေမေမေ အိမ်ထောင်ရေးရဲ့ အဓိကသော့ချက်က အချစ်ပဲ၊ အချစ်မဟုတ်ရင်တော့ သံသောဇဉ်နဲ့ မေတ္တာတ လိုသေးတယ်၊ ဒီတော့ သမီး ဦးအုပ်စိုးကို နှလုံးသားနဲ့ ကြည့်ပါရစေဦး"

မိခင်က ထိုင်ရာမှထကာ. .

"ခက်တယ်. . စိတ်ကူးယဉ်ရမယ့်အရွယ်လည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘဲနဲ့ မြီးကောင်ပေါက်လေးလို စိတ်ကစားပြီး စိတ်ကူးယဉ်ချင်ရသေးသလား"

"သိပ်မကြာပါဘူး မေမေ. . တစ်နှစ်ပဲအချိန်ပေးပါ"

"တစ်နှစ်မရဘူး. . မရဘူး ကိုယ်က မိန်းမနော်. . ကျစရာရှိ အရွယ်ကမိန်းမကပဲအကျမြန်တာ၊ ကိုယ့်တန်ဖိုးအတက်ဆုံးအချိန်မှာ အကောင်းဆုံးကို အမြန်ရွေးချယ်ထားနိုင်ရမယ် ဒါပဲ. . ဒါပဲ. . ဘာမှဆင်ခြေမပေးနဲ့ ခြောက်လအချိန်ပေးမယ်"

ရှုမငြီးရင်ထဲ ဘုရားတလိုက်သည်။

ခြောက်လဆိုတာ ခဏလေးကုန်ဆုံးသွားမည်။

ဘဝတစ်သက်တာအရေးအတွက် ခြောက်လဟူသောအတိုင်းအတာသည် နည်းနေသည်။

သို့သော် ထပ်ဆင့်မတောင်းရဲတော့။ သို့သော် မဆိုသာဆိုသာလေးတော့ မိခင်ကို ကျီစယ်လိုက်မိသည်။

"မေမေ ဖေဖေ့ကိုယူခဲ့တုန်းက အချိန်ဘယ်လောက်ပေးသလဲ. ."

"ဟဲ့. . ငါတို့က ငယ်ကျွမ်းဟဲ့၊ သူငယ်ချင်းဘဝကနေချစ်သူ၊ ချစ်သူဘဝကနေ ပညာစုံတာနဲ့ အလုပ်အကိုင်အတည်တကျဖြစ်မှ လက်ထပ်ယူတာ၊ ဆယ်နှစ်ဆယ်မိုး ချစ်မိုးစွေခဲ့တာကို ဟိုစပ်စပ်ဒီစပ်စပ်နဲ့ ဘယ်ယောကျ်ားကိုမှလည်း Boy Friend အနေနဲ့ ကျုပ်လည်းမတွဲခဲ့သလို ညည်းအဖေကလည်း Girl Friend တစ်ယောက်မှမထားခဲ့ဘူး တစ်ယောက်ဆိုတစ်





ယောက် ပီတောက်ဆိုပီတောက်ပဲ. ."

ရှုမငြီး ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဇက်ကလေးပုပြီး ပုခုံးအလေးတွန့်ကာ ငြိမ်သက်လိုက်ရသည်။

ချစ်သူရည်းစားတစ်ယောက်မှ မထားခဲ့သော်လည်း Boy Friend တော့ ထားခဲ့မိသည်ကိုး. . ။ မိခင်မကြိုက်သည့်ကြားက ဒီကိစ္စကိုတော့. .

"လေ့လာနေတာပါ မေမေ၊ သမီးဘဝကြီးတစ်ခုလုံးကိုတော်ရုံလူလက်ထဲတော့ မအပ်နိုင်လို့ ပရိုပိုစ့်လုပ်လာတဲ့ လူတွေယောက်ကိုပဲတွဲပြီး လေ့လာတာပါ"

ဟု ဆင်ခြေပေးခဲ့သည်။ ဒါကို မိခင်က အခါအခွင့်သင့်တိုင်း ထည့်ပြောလေ့ရှိသည်။ မိခင်က. . .

"ဒါပဲ. . ခြောက်လပဲ၊ ကျုပ် အသန်းကိုပြောလိုက်တော့မယ်. ."

ပြောပြောဆိုဆို အိပ်ခန်းထဲမှ အိပ်ပွဲအိပ်ပွဲနှင့်ထွက်သွားသော မိခင်သည် ပြောအားရှိပေသည်။ အိမ်ထောင်ရေးကလည်းတကောင်း သားသမီးကလည်းအလွန်ကောင်းသည်။ သားကြီးနှင့်သမီးကြီးက အင်ဂျင်နီယာနှင့် ဆရာဝန်ဖြစ်ပြီး မိဘသဘောတူသူတို့နှင့် အသီးသီးလက်ထပ်ကာ အိမ်ထောင်ရေးသာယာနေကြသည်။

"အကြီးကောင်နဲ့အကြီးမများကြတော့ လိမ္မာလိုက်တာမိဘစကားနားထောင်ခဲ့လို့ ခု ဘယ်လောက်စိတ်ချမ်းသာနေကြ



www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ဘယ်နှယ့် ဒီနို့ညှာမနဲ့မှ ပြောရဆိုရလက်ပေါက်ကပ်မှန်း မသိပါဘူး . . တစ်မိပေါက် တစ်ယောက်ထွန်းဆိုတာ ဒါမျိုးပဲ . . ”

ဟူသော မိခင်၏ မကြာခဏမြည်တွန်တောက်တီးသံကို ပန်းနှင့်ပေါက်သည့်အလား နာခံရင်း ရှုမငြိမ်းပြုံးလိုက်မိလေသည်။

မိခင်သူ့အခန်းထဲမှ . . လူရောအသံပါ လွတ်လွတ်ကင်းကင်း ပျောက်ကွယ်သွားမှ ရှုမငြိမ်း အိပ်ယာပေါ် ပစ်လှဲချလိုက်ပြီး ဒေါက်တာအုပ်စိုး၏ပုံရိပ်ကို နှလုံးသားသို့ ထည့်ကြည့်လိုက်သည်။ မရှိ။

ဖြူဖြူသန့်သန့် ခန့်ခန့်ချောချော ဟုဆိုနိုင်သော ဒေါက်တာအုပ်စိုး၏ပုံရိပ်သည် နှလုံးသားသို့ ဖြောင့်တန်းစွာ မဝင်ရောက်လာချေ။ ပါဝါထူ မျက်မှန်ကြီးကပဲ ခံနေ၍လား။

သို့တည်းမဟုတ် ဂုဏ်သိက္ခာကိုဆည်ကာ စကားကို မပွင့်တပွင့်ပြောတာကိုကပဲ စိတ်မဝင်စားစရာ ဖြစ်နေ၍လား။

(၅)ပေ(၅)လက်မခန့်ရှိသော မိမိအရပ်နှင့် တန်းတူသာ ရှိနေခြင်းကိုကပဲ စိတ်ဝင်စားမှုကို လျော့ပါးစေတာလား။

ဒါတွေက ရုပ်ပိုင်းဆိုင်ရာတွေလောက်ပဲ အပေါ်ယံပါ စိတ်ပိုင်းဆိုင်ရာက အဓိက . . .

“ဟုတ်ပြီ . . ”

ရှုမငြိမ်း အကြံတစ်ခုရသွားပြီး ကုတင်ပေါ် ရုတ်ချည်းထကာ မိခင်ရှိရာသို့ ပြေးထွက်ခဲ့သည်။

“မေမေ . . မေမေရေ”





ရှုမငြိမ်း၏ စိတ်လွတ်လက်လွတ်နေတတ်မှုကို ဖခင်က သဲ့သဲ့ကျစွာကြည့်လိုက်သည်။

“ငါ့သမီးကတော့လေ ဒုမန်နေဂျင်းရာထူးရထားတဲ့ သူတစ်ယောက်နဲ့ကို မတူနိုင်သေးပါလား”

“ဖေဖေကလည်း . . ကိုယ့်အိမ်မှာ ကိုယ်နေတာပဲဟာ ဘယ်သူမှ သိတာလည်းမဟုတ်ဘဲ မေမေကော”

“ဖေဖေ့ HandPhone ယူသွားပြီး အိပ်ခန်းထဲဝင်သွား လေရဲ့ပါ။ စပ်ကလည်း ဖြစ်တောက်ဖြစ်တောက်နဲ့ နို့ညှာမ တေး သံသာကို ရေရွတ်သွားလေရဲ့ ခုဝင်လိုက်သွားလည်း တယ်လီဖုန်း က အမျှင်ပြတ်မှာ မဟုတ်ဘူး . . ”

“ရတယ် ဖေဖေ၊ အဲ့ဒီ တယ်လီဖုန်းပြောနေတာ အချိန် မှီဖို့ပဲအရေးကြီးတယ်”

“အေးအေး . ပြောပြီးရင်လာခဲ့ဦး အလုပ်ကိစ္စ တိုင်ပင် စရာရှိသေးတယ် . . ”

“ဟုတ်ကဲ့ ဖေဖေ . . ”

ရှုမငြိမ်း မိဘနှစ်ပါးအိပ်ခန်းသို့ဝင်ခဲ့လိုက်သည်။ မိခင်က လှုပ်ကုလားထိုင်၌ထိုင်ရင်း တယ်လီဖုန်းနှင့်စကားပြောနေသည်။

ရှုမငြိမ်းကို မျက်လုံးဖြင့်လည်းကောင်း၊ မေးငေါ့ခြင်းဖြင့် လည်းကောင်း ‘ဆိုဘာကိစ္စ’ ဟု နှုတ်မှအသံမထွက်ဘဲ လှမ်းမေး လိုက်သည်။

“မေမေအန်တီသန်းနဲ့ ပြောနေတာမှတ်လား”



www.burmeseclassic.com

www.burmeseclassic.com



မိခင်တ ခေါင်းညိတ်သည်။

"ဒါဖြင့် ကိုအုပ်စိုး ဆေးခန်းဖွင့်မှာလား . . ဖွင့်ထားပြီးလား . . ဘယ်မှာဖွင့်ထားသလဲ မေးလိုက်ပါ မေမေ၊ နောက်ပြီး"

မိခင်က စကားပြောခွက်ကို လက်နှင့်အုပ်ကာ

"ငါသိတယ် . . ညည်းလာမရှည်နဲ့ တကတည်း . ."

ဟုလှမ်း၍ မာန်မဲလိုက်လေရာရှုမငြီး နှုတ်ခမ်းစူလိုက်မိလေသည်။

"ဒါပေါ့ အသန်းရဲ့ . . ဖြစ်ကိုဖြစ်ရမှာပေါ့၊ ရှေ့နွားတွေဖြောင့်ဖြောင့်သွားခဲ့ကြတာပဲ နောက်နွားတွေလည်းဖြောင့်ဖြောင့်လိုက်ရမှာပေါ့၊ ဒါပဲနော် အသန်း . . အသန်းအားတဲ့နေ့ အိမ်မှာထမင်းလာစားဦး လူငယ်ချင်းနီးစပ်နေအောင် ဖန်တီးပေးဖို့ကကိုယ်တို့တာဝန်လေ . ."

". . . . . . . . ."

"စိတ်ချပါ သူငယ်ချင်းရယ်၊ ဒါပဲနော် ဂွတ်နိုက် . ."

မိခင်က ဖုန်းခလုတ်ကိုပိတ်လိုက်ပြီး . .

"ကိုင်း . . ဆို . . ဘာစိတ်ကူးတွေပေါက်ပြီး ဆေးခန်းလိပ်စာတွေဘာတွေ လာတောင်းနေရတာလဲ . ."

"မေမေကလည်း ဘဝတစ်လျှောက်လုံး လက်တွဲရမယ့်လူတစ်ယောက်ရဲ့ အပြုအမူအနေအထိုင် အကျင့်စရိုက်တွေကိုမှ အနီးကပ်လေ့လာခွင့်မရှိရင် ယူပြီးမှ ကိုယ်စိတ်အနှောက်အယှက်ဖြစ်စေတဲ့ အကျင့်မျိုးတွေ့ရရင် ဘယ်လိုလုပ်မလဲ၊ တစ်





သက်လုံး စိတ်ဆင်းရဲသွားရမှာပေါ့ . ."

"အင်း . . တွဲသွားတွဲလာ လုပ်ချင်ပြန်ပြီပေါ့၊ မနေ့တစ်နေ့မှရောက်လာတဲ့သူအနေနဲ့တော့ ရုတ်တရက် ဘယ်ဆေးခန်းဖွင့်ဦးမှာလဲ ဆေးရုံတာဝန်လည်းရှိသေးတယ် . ."

"ဘယ်ဆေးရုံလဲ . ."

"ဆေးရုံကြီးပဲပေါ့သမီး၊ ညည်းဟာလေ ယောကျ်ားတွေအပေါ် စိတ်ဝင်စားလွန်းတယ်၊ မမကြီးများဆို သူ့စာနဲ့သူအာရုံစိုက်တယ်၊ ဟော . . ဆရာဝန်လည်းဖြစ်ကော မိဘက သင့်တော်တယ်ထင်လို့ ပေးစားတဲ့လူကိုပဲ လွယ်လင့်တကူ ခေါင်းညိတ်ယူလိုက်တာပဲ၊ ညည်းလို လေ့လာပါရစေဦးတို့ ဘာတို့ လုံးဝမပြောဘူး၊ မိဘဆိုတာ ငယ်ရာကနေကြီးလာတာ၊ သားသမီးဘဝတနေ မိဘဖြစ်လာတာ . . အပွေးမြင် အပင်သိပြီးသား၊ မောင်အုပ်စိုးလို မျိုးရိုးကောင်းတဲ့ နှစ်ဘက်မိဘက ပေါက်ဖွားလာတဲ့လူတစ်ယောက်မှာ ဘာအပြစ်မှမရှိဘူးဆိုတာ ငါတာဝန်ယူတယ်အေး၊ ကဲ . . သွား ငါအိပ်ချင်ပြီ၊ ဖေဖေ ညစာတစ်ခုခု စားချင်တာရှိရင် ညည်းပဲစီစဉ်ပေးလိုက်တော့"

မိခင်က ရှုမငြီးကို နှင်ထုတ်လိုက်လေသည်။

ရှုမငြီး ဘာမှမပြောတော့ဘဲ ပြန်ထွက်လာသည်။ ဖခင်နှင့်အတူ အလုပ်ကိစ္စဆွေးနွေးရန် အာရုံစိုက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ရှုမငြိး ဂိုဒေါင်တစ်ခု၌ ရာဘာစိမ်းအချပ်ရေများ သို လှောင်ထားမှုကို ဂိုဒေါင်မှူးနှင့် တွေ့ဆုံစစ်ဆေးပြီးလျှင် ရှုမငြိး အတွက် ဒီနေ့တာဝန်ဝတ္တရားပြီးဆုံးလေပြီ။

ကားပေါ်ပြန်တက်စဉ် Hand Phone မှ ခေါ်သံထွက် လာသဖြင့် ကိုင်လိုက်ရသည်။

"အမိန့်ရှိပါရှင်. ."





"မ"

ရှုမငြိး ရင်လိုက်ခုန်သွားသည်။

"မရုံးခန်းကိုရောက်ခဲ့သေးတယ် လိုင်သာယာသွားတယ် ဆိုလို့. ."

"ဟုတ်ပါတယ်. . ကိစ္စအရေးတကြီးရှိလို့လား"

"မရှိပါဘူး မမျက်နှာလေးကို တွေ့ချင်တာ သက်သက် ပဲ မမှာ အခြားကိစ္စများကျန်သေးလား ဒီနေ့တစ်နေ့တာအလုပ် အချိန်ဇယားအတွက်ပြောတာ. ."

ယောကျ်ားတစ်ယောက်၏ခြေလှမ်းကို ကြိုတင်သိနေ သော ရှုမငြိးက ပြုံးလိုက်မိသည်။

"မကျန်တော့ပါဘူး. . ဘာဖြစ်လို့လဲ"

"မကျန်တော့ရင် မနဲ့လာတွေ့ချင်တယ် တစ်နေရာရာ မှာပေါ့"

"ဝမ်းနည်းပါတယ်၊ နေမကောင်းလို့ စကားပြောချင်စိတ် မရှိလို့ အိမ်ပြန်နားမလို့ပါ၊ ဒါပဲနော်. ."

ရှုမငြိး ဖုန်းလိုင်းကို ဖြတ်တောက်လိုက်သည်။ ဘုန်း လက်ရုံးတစ်ယောက် မချင့်မရဲနှင့်ဖြစ်နေလိမ့်မည်ကို တွေးကြည့် ကာပြုံးလိုက်မိသည်။

သို့သော် ရှုမငြိးအပြုံးသည် မကြာခင်ပျောက်ကွယ် သွားသည်။

သူ့အလုပ်ရုံးဝန်းအပြင်ဘက်သို့ထွက်ပြီး လမ်းကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



လွှန်ကတ္တရာလမ်းမပေါ် တင်လိုက်သည်နှင့် Land Cruiser ကားအနက်ရောင်တစ်စီးကို ကျောမှီကာရပ်ရင်း ခပ်ပြုံးပြုံး ကြည့်နေသော ဘုန်းလက်ရုံးကို လှမ်းတွေ့လိုက်ရသည်။

ရောင်မျက်မှန်အောက်မှ ဘုန်းလက်ရုံး၏ မျက်ဝန်းကို မတွေ့ရသဖြင့် ရင်ထဲမည်ကဲ့သို့သော စိတ်ထားရှိမည်ကို မခန့်မှန်းနိုင်သော်လည်း နှုတ်ခမ်းကို တွန့်တယ်ဆိုရုံပြုံးထားသော အပြုံးက 'ကိုင်း.. ဘယ့်နှယ့်ရှိစ' 'ဘာတတ်နိုင်သေးလဲမ' ဟု ပြောနေသယောင်ယောင်ပင်။

ရှုမငြိုး ကားကိုမရပ်ဘဲ. . သူ့ကားကိုကျော်ဖြတ်ကာ မောင်းထွက်ခဲ့သည်။

သူ့ကားနောက်မှ ထပ်ချပ်မကွာလိုက်လာလိမ့်မည်ဟု နောက်ကြည့်မှန်မကြည့်ဘဲ တပ်အပ်သေချာစွာသိနေသည်။

ရှုမငြိုး ကားကို အောင်ဇေယျတံတားဘက်မှတစ်ဆင့် ရွှေပြည်သာ၊ ထိုမှ မှော်ဘီဘက် စိုက်ခင်းများရှိရာသို့ ဦးတည်လိုက်သည်။

မှော်ဘီ၌ ရှုမငြိုးပန်းစိုက်ခင်းနှင့် သီဟိုဠ်ခြံကိုဝယ်ယူထားသည်။ သီဟိုဠ်များ အတော်ဖြစ်ထွန်းအောင်မြင်နေသည်။ ပန်းက ရာသီအလိုက် မပြတ်တမ်းပင် ဝင်ငွေရသည်။

ထိုခြံထဲသို့မောင်းခဲ့သည်။ ထိုခြံတွင် ရှုမငြိုးစိတ်တိုင်းကျဆောင်ထားသော ဘန်ဂလိုဆန်ဆန် တစ်ထပ်တိုက်ပုအိမ်ကလေးတစ်လုံးရှိသည်။ မိခင်နှင့်ဖြစ်စေ၊ ဖခင်နှင့်ဖြစ်စေ စိတ်





ဆောက်တိုင်း ထိုအိမ်သို့ထွက်လာလေ့ရှိသည်။ ထိုအိမ်၏ အရှေ့ဘက်နှင့် အိမ်ဘေးမျက်နှာစာတွင် ပန်းခင်းများရှိနေပြီး အနောက်ဘက်ခြမ်း၌ သီဟိုဠ်ပင်များက တမျှော်တခေါ် ရှိနေသည်။

ရှုမငြိုးကားရပ်ပြီး. . ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဘုန်းလက်ရုံးကားက မလှမ်းမကမ်း၌ ထိုးရပ်လိုက်သည်။

"နေမကောင်းလို့ အပန်းဖြေဖို့လူရဲ့နောက်ကို လိုက်လာတဲ့လူဟာ ဆရာဝန်ပဲဖြစ်သင့်တယ် ဦးဘုန်းလက်ရုံး"

"ဆရာဝန်မဟုတ်ပေမယ့် ဆရာဝန်တစ်ယောက်ထက်သာတဲ့ ကုသမှုမျိုးပေးနိုင်တဲ့သူဆိုရင်ကော မက ကျေနပ်နိုင်မယ်မဟုတ်လား"

"စမ်းသပ်ကြည့်သေးတာပေါ့ရှင်. "

ရှုမငြိုး ကားဟွန်းသံပေးလိုက်သည်။ တော်တော်အလှမ်းဝေးဝေး၌ရှိနေသော အလုပ်သမားတန်းလျားမှ ဦးညိုထွန်း ရောက်လာချိန်၌ ရှုမငြိုးသည် ဇည့်ခန်းတံခါးမကြီးနှင့် ပြူတင်းပေါက်များကိုဖွင့်ပြီးဖြစ်သည်။ ဘုန်းလက်ရုံးက ကူဖွင့်ပေးသည်။

"မခြံလား၊ စိတ်ကူးကောင်းတယ် ကျွန်တော်တောင်သဘောကျလာပြီ. ."

"ဆရာမလေး ကျွန်တော်ရောက်ပါပြီ ဘာလုပ်ပေးရမလဲ"

ဦးညိုထွန်းက ဤခြံကိုတာဝန်ယူစောင့်ရှောက်ပေးသော ခြံစောင့်ဥယျာဉ်လုပ်သားဖြစ်သည်။ ဦးညိုထွန်း၏မိန်းမ မယ်ရှင်

www.burmeseclassic.com



နှင့် သားလေးသာလျှင် ခြံကြီး၏အလုပ်သမားတန်းလျားၱွင်နေ ထိုင်သည်။

"ဒေါ်ရှင်ကောရှိသလားဦးညို"

"ရှိပါတယ်. ."

"ကျွန်မနဲ့စည့်သည် ညနေစာ ဒီမှာစားမယ်၊ ဘူးသီးနဲ့ ကြက်သားဟင်း ဒေါ်ရှင်လက်ရာစားချင်တယ်၊ နောက် အမြန် ဘုရားပန်းနဲ့ ဟင်းသီးဟင်းရွက်ယူသွားမယ်"

"စိတ်ချပါ ဆရာမလေး"

"ဖိုးလုံးကော"

ဦးညိုတို့သားလေးအမည်မှာ ဖိုးလုံးဖြစ်သည်။

"ရွာထဲကသူ့အဖွားအိမ်မှာ ညရောက်မှ လာပို့လိမ့်မယ်"

"ဟုတ်လား. . . ဖိုးလုံးအတွက် အဝတ်အစားနဲ့လွယ် အိတ်အသစ်လေး ဝယ်လာတယ်. . ရော့. ."

ရှုမငြိုး ဤခြံကိုလာမည်ရည်ရွယ်ချက်ဖြင့် ဝယ်ထား သော ဖိုးလုံးအတွက် အသုံးအဆောင်လေးများကို တစ်ပါတည်း ကားပေါ်မှ ယူပေးလိုက်သည်။

"ဪ. . ဦးညို ဒါမှတ်ထားပါ ကျွန်မရဲ့ သူငယ်ချင်းပါ ဦးဘုန်းလက်ရုံးတဲ့ စကြဲ်ကုမ္ပဏီပိုင်ရှင်ပဲ. ."

"ဟုတ်ကဲ့ခင်ဗျား"

ဦးညိုထွန်းက လေးစားစွာဖြင့် ခေါင်းကလေးညွှတ်ကာ မဝံ့မရဲကြည့်ရင်း. . .





"လိုအပ်တာရှိရင် ခိုင်းပါခင်ဗျား"

"ရပါတယ် ဦးညိုရာ၊ နောက် ကျွန်တော် အမြဲလာမှာ ဒီအခါမှသာ မောင်းမထုတ်ပစ်နဲ့နော်. ."

"ဟုတ်ကဲ့ ခွင့်ပြုပါဦးခင်ဗျာ. ."

ရှုမငြိုးက ရေခဲသေတ္တာထဲမှအအေးဘူးများကို ထုတ်ကာ ဧည့်ခံလိုက်သည်။

ဘုန်းလက်ရုံးက. .

"ကျွန်တော်ရင်မပူပါဘူးမ အေးမြနေပါတယ်၊ မခြံလေး ကို သဘောကျသွားပြီ. ."

အခန်းထောင့်မှဂီတာကို သွားကောက်ယူကာ ဖုန်များ ကို မှုတ်ထုတ်လိုက်သည်။

"မနားထောင်မလား၊ ဒါဘယ်သူတီးတာလဲ. ."

"ကျွန်မတီးတာလေ. ."

"ဪ. . ဒါဆို မပဲတီး. . ကျွန်တော်နားထောင်မယ်"

"ကြိုက်တတ်လိုက်တာ၊ ဒါလား အပန်းဖြေတဲ့လူကို ကူ ညီမှုပေးတာ. ."

"အိုးဟိုး. . ဆောရီး. . ဆောရီး"

ဟု ဘုန်းလက်ရုံးကဆိုပြီး တေးဂီတသံစဉ်လေးကို ညက် ညက်ညောညောလေး တီးခတ်လိုက်သည်။

ဒေါ်ရှင်က လတ်ဆတ်သော ပင်မှည့်သဘော်သီးကို ခတ်ခြမ်းခွဲ အစေ့ထုတ်ကာ ဇွန်းနှစ်ချောင်းတပ်ကာ လာပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၄က်ပျောသီးကတော့ အဖီးလိုက်ပင်. . ။

ရှုမငြိမ်းက သဘော်သီးတခြမ်းကိုယူကာ ဓွန်းဖြင့်ခပ်

လိုက်သည်။

ရှုမငြိမ်း အသီးအနှံများကိုကြိုက်သည်။ ရှုမငြိမ်းအကြိုက်

ကိုသိနေသော ဒေါ်မယ်ရှင်က ရောက်လာသည်နှင့် ထိုသို့

ဆင်ပေးနေကျဖြစ်သည်။

“ကိုင်း. . ကိုယ်တော်ရေ စားဦး”

တေးသွားတစ်ပုဒ်အဆုံး၌ ရှုမငြိမ်း ဘုန်းလက်ရုံးကို တို

တွန်းလိုက်သည်။

ဘုန်းလက်ရုံးက ရှုမငြိမ်းနှင့် မျက်နှာချင်းဆိုင်တွင်ဝင်ထိုင်

ကာ ကျန်သဘော်သီးတစ်ခြမ်းကို ယူစားလိုက်သည်။

“ချိုတယ်. . ရင်ထဲအေးသွားတာပဲ၊ ကျေးဇူးပဲမ”

“ကျေးဇူးကို နောက်မှတင်၊ ဆိုပါဦး ဘာကိစ္စ ကျွန်မ

တွေ့ချင်ရတာလဲ. .”

“လွမ်းလို့. .”

“ကိုပို့. .”

“ဘုန်းလက်ရုံးပါ. .”

“မကို ကျွန်တော်လက်ထပ်ချင်တယ်. . ၊ အမြန်ဆုံး

လက်ထပ်ချင်တာ”

“ဒါဆို လွယ်ပါတယ်၊ ဖေဖေ မေမေတို့ဆီ အမြန်

တောင်းလိုက်ပေါ့. .”





ရှုမငြိမ်းက အပြောင်အပျက်အနေဖြင့် ခပ်ပေါ့ပေါ့က

ပြောလိုက်ခြင်းဖြစ်သည်။

“တစ်ကယ်လား. . မ”

“ဒီစကားက နောက်စရာလား”

“ဒီလိုဆိုတော့ မက ကျွန်တော့်ကိုချစ်တယ်ဆိုတဲ့ သ

ဘောလား. .”

“နိုးနိုး အဲ့ဒီလိုတော့မဆိုလိုဘူး၊ အိမ်ထောင်ဘက်အ

နေနဲ့တော့ လက်ခံနိုင်တယ်လေ၊ ရှင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီ

ပဲလေ. .”

“ကောင်းပြီလေ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်

မကို ပိုင်ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ခွင့်ကို အမြန်ဆုံးလိုချင်တယ်၊

အဲ့ကြောင့် အမြန်ဆုံးပဲ လာတောင်းမယ်. .”

ရှုမငြိမ်းက ခနဲ့ပြုံးပြုံးကာ. .

“မေမေတို့ ငြင်းပယ်လိုက်ရင်တော့လည်း. . ကျွန်မ မ

တတ်နိုင်ဘူးနော်၊ ဦးအုပ်စိုးက တစ်ဘက်ရှိနေတယ်”

“ကိစ္စမရှိပါဘူး အားလုံးအဆင်ပြေသွားမှာပါ”

ရှုမငြိမ်း မိမိကိုယ်မိမိ လည်လှပြီထင်ထားခဲ့ရသမျှတို့

သည် ဘုန်းလက်ရုံး၏ ပရိယာယ်အောက်ဝယ် ဝပ်စင်းခဲ့ရလိမ့်မည်

ဟု လုံးဝမထင်မှတ်မိခဲ့ပါချေ။

ထိုနေ့က ညနေ နေဝင်ရီသရောအချိန်ရောက်မှ သူတို့

နေစာ စားသောက်ပြီးပြန်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် အ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိစ္စအကြောင်းပြောပြီး ခြံထဲ ပန်းစိုက်ခင်းများဘက် သီဟိုဠ်ပင်များဘက် လမ်းလျှောက်ခြင်းတို့ကိုသာ ပြုမူရုံမှအပ အချစ်ရေးကိစ္စကိုပင် မဆွေးနွေးဖြစ်ခဲ့ကြချေ။

ဘုန်းလက်ရုံးထံမှ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းအစုံမှလွဲ၍ ကြားလိုသော ချစ်စကားကို ထပ်မံကြားခွင့်မရသဖြင့် ရှုမငြိုး မချင့်မရဲဖြင့် ပြန်ခဲ့လေသည်။







# အခန်း(၇)

အပြောင်အပျက်လိုနှင့် ပြောခဲ့မိသော ရှုမငြိုးစကားသည် အတည်ဖြစ်ပျက်လာခဲ့လေပြီ။

မိသားစုထမင်းဝိုင်းတွင် ဖခင်ထံမှစကားစလာသည်။

"သမီး အိမ်ထောင်ရေးဆိုတာ ကလေးကစားစရာမဟုတ်ဘူးနော်သမီး. . အလေးအနက်စဉ်းစားပါ"

"ဘာဖြစ်လို့လဲ ဖေဖေ. /"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမှာလဲ၊ ညည်းလုပ်ပုံမဟုတ်တော့ ကျုပ်မျက်နှာ အိုးမဲအသုတ်ခံရတော့မယ်"

"အမေကြီး ဒီကိစ္စမျိုးက ဆူဆူပူပူလုပ်လို့မရဘူးလေ ကိုပြောပါ့မယ်ကွာ၊ ကဲကဲ. . ဖြီးအောင်စားလိုက်ဦး၊ ပြီးမှဧည့်ခန်းမှာ ပြောကြတော့ပေ့ါ"

မိခင်က ထမင်းစားဝိုင်းမှ အရင်ထသွားသည်။ နောက်ဖခင်. . ရှုမငြိးကတော့ နောက်ဆုံးမှဖြစ်သည်။ ဧည့်ခန်းရောက်တော့ ဖခင်က ပန်းသီးစိတ်ကိုစားနေရာမှ. .

"သမီးနဲ့ဘုန်းလက်ရှုံးနဲ့ ရည်ငံနေသလား"

"မဟုတ်ပါဘူး"

"မဟုတ်ဘူးဆိုတာ. ."

"သူ့ဘက်ကတော့ ပရိုပို့စ်လုပ်ထားပါတယ်ဖေဖေ"

"ဒါဖြင့် သူ့ဘက်က တောင်းလာခဲ့ရင် သမီးဘယ်လိုလုပ်မလဲ. ."

ရှုမငြိး ခေါင်းနားပန်းကြီးသွားသည်။ ဘုန်းလက်ရှုံး၏ စိန်ခေါ်မှုသည် ဤမျှမြန်မြန်ဆန်ဆန် ပွဲစဖြစ်လိမ့်မည်ဟု သူမထင်မှတ်ခဲ့မိချေ။

"မောင်အုပ်စိုးဘက်က တောင်းဆိုထားတယ်၊ အမေချင်းစကားပြောပြီးကြပြီဆိုတာကို သိလျက်နဲ့. ."

"ထားပါဦး အမေကြီးရယ်၊ ခုဖေဖေတို့ လွန်ဆန်လို့မရတဲ့ ဦးဘအိုလို ပုဂ္ဂိုလ်နဲ့အတူ ဖေဖေတို့ထံ လာရောက်နားဖောက်ပြီဆိုတော့ ဖေဖေတို့မျက်နှာအပျက်ခံလို့ မဖြစ်တော့ဘူး"

"ဟင်. ."

ရှုမငြိး မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး မျက်လုံးအစုံ ပြူးထွက်သွားသည်။

"ဒါဖြင့်. ."

"ဖေဖေတို့ဆီ မနက်ဖြန်ပဲ လာကြောင်းလမ်းတော့မှာ"

"ရှင်. ."

"ကဲ. . ငြင်းချင်ရင် ညည်းကိုယ်တိုင်ပဲ ညည်းအဘဆီသွားပြီး ငြင်းပေတော့"

ရှုမငြိး စိတ်လှုပ်ရှားသွားသည်။

ဦးဘအိုသည် ဖခင်၏ကျေးဇူးရှင်ဖြစ်သည်။ ယခုထက်ထိလည်း သူရိန်ကုမ္ပဏီတစ်ခုလုံး သူ့ကျေးဇူးတရားနှင့် ကင်း၍ မရသေးပေ။

သူရိန်ကုမ္ပဏီကို မှီခိုနေသော မိသားစုပေါင်းများစွာ၏ အနာဂတ်သည်လည်း ဦးဘအိုအပေါ် မှီခိုနေရသည်။

"ဘဘက ဘာပြောသလဲ. ."

"ဘုန်းလက်ရှုံးနဲ့သမီးဟာ အသင့်တော်ဆုံးပဲထင်လို့ သူကိုယ်တိုင်လာပြောတာလို့ပြောတယ်. ."

"ဒါဖြင့် စကားကုန်နေပြီပဲ အသန်းကို ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဦးဘအို၏စကားကို လွန်ဆန်၍မရမှန်း မိခင်ကိုယ်တိုင်



☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း သဘောပေါက်နေသည်။

"အစ်ကိုကြီးနဲ့ အဲ့ဒီကောင်လေးက ဘယ်လိုပတ်သက်နေတာလဲ. ."

"သူ့ရဲ့တူတစ်ဝမ်းကွဲလေ၊ ဟိုမိသားစုက အမေရိကားမှာဆိုတော့ အလှမ်းဝေးတော့ ကိုတို့မဆက်စပ်မိကြတာပေါ့ မြတ်ရယ်၊ ဒေါ်သန်းနဲ့က တရားဝင်ပြောထားကြတာမှ မဟုတ်ဘဲ ငြင်းလိုက်တော့ပေါ့ကွယ်၊ သမီး. . ခေါင်းညိတ်လိုက်တော့မယ်ကွယ်. ."

ရှုမငြီး ငြိမ်နေလိုက်သည်။

ငြင်း၍မရနိုင်မှန်း သိသည်။ သူကိုယ်တိုင်ကလည်း မငြင်းချင်တာလည်းပါသည်။ အမှန်စင်စစ်တော့ ဘုန်းလက်ရုံးကို မြင်လျှင်မြင်ချင်း စိတ်ဝင်စားမိတာက စတင်ခဲ့သည်။

ယခုလို အခြေအနေပေးလာမှတော့လည်း ဘုန်းလက်ရုံး စိန်ခေါ်ထားခြင်းကို မေ့သွားလေသည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းသဘောကိုဆောင်နေသည်။ ဖခင်က ထိုင်ရာမှထသွားလေသည်။

ဖခင်ထွက်သွားသည်နှင့် မိခင်က ကြိတ်၍ဆူလေသည်။

"ရှုမငြီး ညည်းကိုတော့ အော့ကြောလန်တယ်၊ မပြောလိုက်ချင်ဘူး တစ်နေ့က မှော်ဘီခြံကို ညည်းတို့နှစ်ယောက်ထွဲသွားကြသေးတယ်ဆို. ."

"ရှိုးရှိုးတန်းတန်း"





"ဒါ ရှိုးရှိုးတန်းတန်းလား. . . ဒီလောက် ခေါ်မကြား အော်မကြားခြံကျယ်ကြီးထဲမှာ ညည်းတို့နှစ်ယောက်ထဲ၊ မပြောလိုက်ချင်ဘူး. . ဟွန်း. . ဒီလောက်တောင်ဖြစ်နေ စေ့စပ်မနေနဲ့တော့ တစ်ခါတည်းသာ ပေးစားပစ်လိုက်မယ် ဒါမှအေးမှာ၊ ညည်းနဲ့မှ ကျုပ်တို့ဂုဏ်သိက္ခာတွေလည်း တစ်ပြားသားမှမရှိတော့ဘူး၊ အိမ်ထောင်ပြုပြီးရင် ညည်းဘဝကို ဂုဏ်သိက္ခာရှိတဲ့ အိမ်ရှင်မကောင်း မိခင်ကောင်းဖြစ်အောင်သာ ကြိုးစားပြီး ကိုယ့်စိတ်ကိုယ်အကျဉ်းချထားပေတော့. ."

မိခင်က စိတ်ဆိုးခြင်း၊ ယူကြုံးမရခြင်းတို့ရောထွေးကာ ပြောဆိုပြီး အိမ်အပေါ်ထပ်သို့ တက်သွားလေတော့သည်။

ရှုမငြီးတစ်ယောက်တည်း ဧည့်ခန်းကျယ်ကြီး၏ အလယ်တွင် အထီးကျန်စွာ ကျန်ရစ်ခဲ့လေတော့သည်။

ဘုန်းလက်ရုံးကို နားမလည်နိုင်သေးခင်မှာပင် ဘုန်းလက်ရုံးသည် အပြောနှင့်အဟော ညီညွတ်စွာပင် သူ့ဘဝကိုပိုင်ဆိုင်ဖို့ ကြိုးစားပြလိုက်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၈)

ဘုန်းလက်ရုံး သိပ်ကိုလောသွားသည်။

အဆောတလျင် ဆုံးဖြတ်လိုက်မိသောကိစ္စကြောင့် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်သွားလေပြီ။

ဘဘကို ဤကိစ္စဆွဲမသွင်းခဲ့လျှင် အကောင်းသား။

မိဘနှစ်ပါးက အမေရိကားကနေ ရုတ်တရက်လာဖို့က မလွယ်ကူ. . .။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မိဘများကလည်း သူယူမည့်မိန်းမမှာ ရှုမငြီးမှန်းသိလျှင် ဤကိစ္စဖြစ်မြောက်လိမ့်မည်မဟုတ်။

မနက်ဖြန် ထက်ထပ်ရတော့မည်။

ရှုမငြီးကို သူပိုင်ဆိုင်ခွင့်ရတော့မည်။

ရှုမငြီး ဘဝတစ်ခုလုံးသည် သူ့လက်ခုပ်ထဲကရေအဖြစ်ရောက်ရှိလာတော့မည်။ သူ့ဖာသာသူ သွန်လိုကသွန် မှောက်လိုကမှောက် ဖြစ်လာရတော့မည်။

အလှအားကိုးဖြင့် ယောကျ်ားတော်တော်များများကို အရှုးလုပ်ခဲ့သော ရှုမငြီး ထိုအတွက် တန်ပြန်ပေးဆပ်စေရမည်။

ဘုန်းလက်ရုံး ပြုံးရင်း ဝီစကီတစ်ပတ် မော့သောက်လိုက်သည်။

"ဟားဟားဟား. ."

သူတစ်ကိုယ်တည်းနေသော အိမ်ကြီးဝယ် မနက်ဖြန် ရှုမငြီး ရောက်လာတော့မည်။

ရှုမငြီး၏ မျက်ရည်စက်တို့ဖြင့် ဤအိမ်ကြီးကို ဆေးကြောပစ်ရမည်။

အမှန်တော့ ရယ်မောနေသောသူ့မျက်ဝန်းဝယ် မျက်ရည်စတို့ ရောပြွမ်းနေခဲ့သည်။

ဤအိမ်၏ ပိုင်ရှင်အစစ်အမှန်သည် ကိုကိုဖြစ်သည်။

"ကိုကိုရယ် ကိုကို့အတွက် သွေးကြွေးပေးဆပ်တော့မယ်ကိုကို တမလွန်ဘဝက ကျေနပ်နိုင်ပါစေ. ."





နှုတ်မှ တီးတိုးရေရွတ်လိုက်ပြီး ကိုကိုဓါတ်ပုံချိတ်ထားသောနံရံဆီသို့ မော့ကြည့်လိုက်သည်။

မနက်ဖြန် ဤအိမ်သို့ ရှုမငြီးလိုက်ပါလာပြီး ဤဓါတ်ပုံကြီးကိုတွေ့လျှင် ဘာပြောမည်နည်း. . .

"မောင်ထွေး"

"ဗျာ. . ဆရာ ဘာအလိုရှိပါသလဲ"

"ရေခဲ. . ရေခဲထပ်ထည့်ပေးစမ်း၊ နောက် အမြည်းကွာအမြည်း"

"အမြည်းပန်းကန် ဒီမှာလေဆရာ."

"ဩော်. . အေးထား"

"ရေခဲလည်းရှိပါသေးတယ် ဆရာ"

"ရှိရှိ. . ထပ်ထည့်ကွာ"

"ဟုတ်. . ဟုတ်ကဲ့ဆရာ"

မောင်ထွေးခေါင်းကုတ်မိသည်။ ဆရာသည် မူးနေလျှင်ဂျိဂျောင်များလှသည်။

အမြဲတမ်းတော့လည်းမသောက်. . တစ်ခါတစ်ရံမှသောက်သည်။ သောက်လျှင် ထိုကဲ့သို့ ဂျိဂျောင်များသည်။

"မကြိုက်ဘူး. . ငါးမုန့်ကြော်ပေးစမ်းကွာ. ."

"ဗျာ. . ဟုတ်ကဲ့."

ခက်သည်။ ဒေါ်ကြီးညိုကိုနှိုးရမှာ အားနာသည်။ သို့သော် ဒေါ်ကြီးညိုက မီးဖိုခန်းတွင် အဆင်သင့်ပင်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ ဆီအိုးပင်တည်နေလေပြီ. .။

"ငါးမုန့်ကြော်တဲ့. ."

"ငါကြားလို့ ကြော်နေပြီ. ."

"စိတ်ညစ်ပါတယ် ဆရာယူလာမယ့် မိန်းမကတော့ ဒီဝဋ်တွေကို ခံရမှာပဲ. ."

"ဝဋ်မခံရအောင် စိတ်ပျော်အောင် ဖန်တီးပေးလိုက်ရင် ရပါတယ်၊ မင်းဆရာက စိတ်ညစ်တဲ့အခါ သူ့စိတ်ကိုမထိန်းနိုင်တဲ့ အခါမျိုးမှ သောက်တတ်တာပါ. ."

ရှဲခနဲ မြည်သံနှင့်အတူ ငါးမုန့်ကြော်ပန်းကန်တစ်ချပ် ခဏလေးရောက်ရှိလာသည်။

"သွားပို့လိုက်. . ပြီးရင် နင်လည်းဒီမှာ ရေနွေးကြမ်းနဲ့ အမြည်း စားသောက်လို့ကတော့ ငရုတ်ကျည်ပွေ့နဲ့ ခေါင်းအထု ခံရမယ်သာမှတ်. ."

ဆွေးမျိုးရိပ်မကောင်းဘဲ ဒေါ်ကြီးညိုကျေးဇူးကြောင့် သူ ဤအိမ်သို့ရောက်ရှိလာခဲ့သည်။ ဒေါ်ကြီးညိုကို တောက်တိုမယ်ရ လေးလုပ်ပေးရင်းဖြင့် သုံးလေးလအကြာတွင် ကားမောင်း သင် ခိုင်းသဖြင့် ကားမောင်းတတ်နေပြီ။ လိုင်စင်ရလျှင် ဒရိုင်ဘာလုပ် ရမည်ဟု ဆရာကပြောသဖြင့် သူဝမ်းသာနေလေပြီ။ လိုင်စင် သန်ဘက်ခါရတော့မည်။

ဆရာကလည်း မနက်ဖြန်မိန်းမရတော့မည်။

"ဒေါ်ကြီးညို. ."





"ဘာလဲ"

"ဆရာ့မိန်းမကို ကျွန်တော်ဘယ်လိုခေါ်ရမလဲ"

"ဟဲ့. . ဆရာကတော်ပေါ့. ."

"ဆရာကတော်ရောက်လာရင် ကျွန်တော် ဒီအိမ်ထဲမှာပဲ နေပြီး ဆရာ့ဝေယျာဝစ္စကိုတော ဆရာ့ကတော်ဝေယျာဝစ္စ ကိုပါ လုပ်ပေးရမှာလား"

"မလိုဘူး. . မင်းကို မနက်ဖြန်ကစပြီး တန်းလျားပို့ပြီ"

"ခင်ဗျာ"

"အလုပ်သမားတန်းလျားမှာနေ ဒရိုင်ဘာပဲ လုပ်ရမယ်၊ ဆရာက မင်းကိုခိုင်းတာ မင်းလုပ်ပေါ့. ."

"ဒါဖြင့်. . ဒီအိမ်ကအလုပ်တွေ ကြီးတော်တစ်ယောက် နိုင်ပါ့မလား"

"ဒါ နင့်အပူမဟုတ်ဘူးလေ၊ သွားသွား ဟိုမှာနင့်ဆရာ ခေါင်းငိုက်ဆိုက်ကျနေပြီ သွားတွဲပို့ချေတော့. ."

တော်သေးသည် မောင်ထွေးက တောသားပီပီကြံ့ခိုင် သန်မာသော ခွန်အားဗလရှိ၍ သူ့ဆရာကို အသာလေးတွဲတင် ခဲ့သည်။

အမူးသမားကိုတွဲရတာ လုံးဝမလွယ်. .

"ငါ မမူးပါဘူး၊ ငါ့ကိုတွဲဖို့မလိုဘူး မောင်ထွေး. . သွား စမ်းပါ. ."

တွဲဖို့ မလိုဘူးဆိုသောလူက ချာလပတ်ရမ်းနေလေပြီ။



www.burmeseclassic.com

ဘာပြောပြောခုချိန်၌ မောင်ထွေးတွဲခေါ် ရာနောက်သို့ ဆရာပါလာရလေသည်။

ဒေါ်ကြီးညိုကပါ မလှမ်းမကမ်းမှာ လိုက်ထိန်းသိမ်းကာ စောင့်ရှောက်သည်။

ဆရာ၏ ခမ်းနားထည်ဝါသော အိပ်ခန်းကျယ်ကြီးထဲ ကုတင်ပေါ် ဆရာ့ကိုသိပ်လိုက်စဉ်. . ဆရာအိပ်ပျော်သွားလေသည်။ တော်သေးသည် မူးပြီးဂျိုဂျောင်ကျပေမယ့် သွေးအဆိုးကြီးမဟုတ်လှ။ ဇက်ကြိုးကျလာလျှင်သိပ်လိုက် ကလေးငယ်တစ်ဦးလို အိပ်ပျော်သွားလေသည်။

မိုးလင်းလာလျှင်တော့ အမြန်ဆုံးသာ ဘလက်ခ်ကော်ဖီတစ်ခွက်ထဲ သံပုရာရည်လေးညှစ်ပြီး သွားပို့ပေးလိုက်ရုံသာရှိတော့သည်။







# အခန်း(၉)

"ဟာ. "

တရစ်ရစ်နာကျင်အုံခဲ မူးရီနေသောခေါင်းကို အနိုင်ထုပြီး နာရီလှမ်းကြည့်ကာ မျက်လုံးပြူးသွားသည်။

"ကိုးနာရီ. . ဘုရား. . ဗုဒ္ဓေါ. . ကယ်ပါ"

ခေါင်းကိုက်မှုကို ဂရုမစိုက်နိုင်တော့ဘဲ ရေချိုးခန်းထဲ ပြေးဝင်ရင်း. .

"ဒေါ်ကြီး ကော်ဖီလုပ်ထား အပြင်သွားမယ်ဝတ်စုံ ထုတ်

www.burmeseclassic.com



ပေးထား၊ ကားထုတ်ခိုင်းလိုက်. "

ဒေါ်ကြီးညိုသည် အပေါ်ထပ်မလှမ်းမကမ်း၌ရှိနေလိမ့်မည်ဟု သူယုံကြည်ပြီးသားဖြစ်သည်။

အမှန်တကယ်လည်း သူရေချိုးပြီးထွက်လာချိန်၌ သူလိုအပ်သည်တို့ အဆင်သင့်ရှိနေသည်။ ဘလက်ခ်ကော်ဖီချဉ်ခါးခါးကို အရင်သောက်ပြီး အဝတ်အစားဝတ် HandBag ကိုယူကာ ထွက်လာခဲ့သည်။ ခေါင်းကို သွားရင်လာရင်း ဖီးလိုက်သည်။

ဆယ်နာရီတိတိ၌ ရှုမငြီးတို့အိမ်မှာ လက်မှတ်ထိုးကာ လက်ထပ်ကြမည်။ ပြီးလျှင် ထိုမှာပင် တည်ခင်းထားသော နေ့လည်စာကို စားသောက်ကြမည်။ ပြီးလျှင် နှစ်ဘက်လူကြီးများကို ကန်တော့ပြီး ရှုမငြီးကို သူ့အိမ်သို့ ခေါ်ဆောင်လာရုံသာရှိသည်။

ခမ်းနားသော လက်ထပ်ပွဲမဟုတ်။ အကျဉ်းနဲ့လက်ထပ်လိုက်သည့်ပွဲဖြစ်သည်။

ခမ်းနားသောဧည့်ခံပွဲကို သူ့မိဘများ ရောက်လာချိန်၌ ကျင်းပပေးမည်ဟူသော ကတိကဝတ်ဖြင့် ထိုကိစ္စမျိုးဖြစ်လာခြင်း ဖြစ်သည်။

ရှုမငြီးတို့အိမ်သို့ သူ (၉)နာရီ(၄၅)မိနစ်တွင် ရောက်လာသည်။ ခမ်းနားထည်ဝါသော အိမ်တစ်အိမ်ဖြစ်သဖြင့် လူ နှစ်ဆယ်အစိတ်မျှလောက်အတွက် လုံလောက်သော ပြင်ဆင်မှုများကို ပေးထားသည်။

ရှုမငြီးအဘက်မှ အစ်ကိုကြီး၊ အစ်မကြီးစုံတွဲ၊ ဦးလေး၊ ဘ





ကြီး စုံတွဲပါလေသည်။ သူ့ဘက်မှတော့ ဦးဘအိုတို့စုံတွဲနှင့် ဦးလေးလို ခင်နေသော စုံတွဲတစ်တွဲ၊ နောက် သူငယ်ချင်းစုံတွဲမျှသာ ပါသည်။

ရပ်ကွက်လူကြီးနှင့် တရားသူကြီးတို့ ဇနီးမောင်နှံတို့ လည်းပါသည်။

ရှုမငြီး၏ သူငယ်ချင်းနှစ်ယောက်ဖြစ်သော လွင်မာနှင့် ခါက်တာရီတာက ဧည့်ခံကာ နေရာချထားပေးသည်။

ဆယ်နာရီတိတိတွင် ဦးဘအိုရောက်လာသည်။ တခါ လည်းလက်မှတ်ရေးထိုးခိုင်းပြီး လူကြီးများကို ကန်တော့စေ သည်။ ပြီးမှ ထမင်းစားသောက်ကြသည်။

ထိုအချိန်ရောက်မှ သူ ရှုမငြီးကိုကြည့်မိသည်။

ထူးကဲသောပြင်ဆင်မှုမျိုး မရှိချေ။ သို့သော် လှနေသည် ။ ဘယ်အချိန် ဘယ်အနေထားမျိုးပဲကြည့်ကြည့် ပင်ကိုယ်အ ကြောင့် မှေးမှိန်ခြင်းမရှိဘဲ အမြဲတောက်ပြောင်နေသည်။ င်းစားသောက်ရင်း ဦးဘအိုက လင်ဝတ္တရား၊ မယားဝတ္တရား တို့ ပြောဆိုဆုံးမနေသေးသည်။

အဘဦးဘအို ကမကထပြုခိုင်းမိတာများ မှားသွားလေ ဟူသောအတွေးက သူ့အာရုံ၌ပထမဦးဆုံးအကြိမ် ဖြစ် လာသော အတွေးဖြစ်လေသည်။

အဘကိုလွန်ဆန်နိုင်ဖို့သည် အတော်ခက်ခဲသောအရာ သည်။ မွန်းတည့်ဆယ့်နှစ်နာရီခန့်တွင် ဧည့်သည်များလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကုန်ကြသည်။

"ရှုမငြိုး ကျုပ်တို့လိုက်ပို့ပေးရဦးမလား"

ရှုမငြိုးက. .

"ရှင်တို့သဘောပေါ့. ."

"တော်ပါပြီ ဆေးရိုးသည် အဖြစ်မခံနိုင်ပါဘူး"

သူ မကြားချင်ယောင်ဆောင်နေလိုက်သည်။ လောကွ
မချော်ချင်။ သူ့အတွက်ယနေ့သည် အရေးကြီးဆုံးနေ့တစ်
ဖြစ်သည်။

လွင်မာနှင့်ရီတာ တကယ်တမ်းလိုက်မလာခဲ့ပါချေ

သူ၏ Land Cruiser ကားပေါ်၌ ရှုမငြိုး၏သား
သေတ္တာတစ်လုံးသာ ပါလာသည်။

ရှုမငြိုး သူ့နောက်သို့ ကောက်ကောက်ပါလာသည်
ဘုန်းလက်ရုံး ရင်ခုန်လှုပ်ရှားနေသည်။

ရှုမငြိုးလည်း ငြိမ်သက်နေသည်။ သူ့အနေဖြင့် မိန်း
သားတစ်ယောက်၏ ဘဝတစ်သက်တာအတွက် အရေးအ
ဆုံးအချိန်ကို ပိုင်ဆိုင်ရချိန်ဖြစ်သဖြင့် စိတ်လှုပ်ရှားကောင်း
ရှားနေပေလိမ့်မည်။ မိန်းမသားတစ်ယောက်အတွက် တစ်သ
မှာ တစ်ခါဆောင်ရသော မင်္ဂလာပွဲကို ယခုလိုအကျဉ်းမျှလော
နှင့် သူ့ဘဝပြောင်းလဲသွားခြင်းကို ကျေနပ်ချင်မှ ကျေနပ်ပေ
မည်။

ခြံဝရောက်လာသည်နှင့်. . .





"ဟင်း . ခြံကလည်း မြင့်လိုက်တာ၊ ပတ်ဝန်းကျင်နဲ့ အ
ဆက်အသွယ်ဖြတ်ထားသလို ဖြစ်မနေဘူးလား"

ဟွန်းတီးလိုက်သည်။ ခြံတံခါးကို ခြံစောင့်က လာဖွင့်ပေး
သည်။ ဂိတ်ရုံ၌ သူသည်အချိန်ပြည့်ရှိနေသည်။ ဂိတ်ရုံတွင် တယ်
လီဖုန်းနှင့် အိမ်ကိုဆက်သွယ်နိုင်သည်။

ကျယ်ဝန်းသောခြံနှင့် သူတို့အိမ်ထက် အဆပေါင်းများ
စွာ ခမ်းနားသောအိမ်ကို ရှုမငြိုးသဘောကျနေလိမ့်မည်ဟု သူ
ထင်ကြည့်ထားသည်။

သို့သော်. . .

"ရှင့်ခြံက မဟုတ်သေးပါဘူး၊ ထောင်ပူးဝထဲဝင်ရသလို
ရင်းကြပ်လိုက်တာ၊ အိမ်ကြီးကလည်း ရဲတိုက်ဆန်သလိုပဲ"

ရှုမငြိုးစကားကြောင့် အနာပေါ်တုတ်ကျသလို သူဆတ်
ဆတ်ခါ နာကျည်းသွားသည်။

"ဟုတ်တယ်လေ. . ဒီထဲမှာ အချစ်အကျဉ်းသားတစ်
ယောက်နေနေတယ်၊ ဒါကြောင့် ခင်ဗျားအဖော်ပြုပေးဖို့ ခေါ်
လာတာပေါ့. ."

"ဘာရှင့်. ."

သူ၏ခက်ထန်မာကြောသောစကားကြောင့် ရှုမငြိုး အံ့
အားသင့်သွားပုံရသည်။

ထိုစဉ် ပေါ်တီကိုအောက် ကားရပ်လိုက်သည်။ ဒေါ်ခြိုး
ညိုနှင့်မောင်ထွေးက လာကြိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွေး အိတ်တွေ အပေါ်ထပ်တင်ပေးလိုက်"

"ဟုတ်ကဲ့ဆရာ"

"လာ. . ဆရာကတော်"

ဒေါ်ကြီးညိုက လှမ်း၍နှုတ်ဆက်ကာ ဖိတ်ခေါ်လိုက်သည်။

"ကျွန်မကို ရှုမငြိုးပဲခေါ်ပါ ဒေါ်ဒေါ်"

"အို. . မဟုတ်တာ ဆရာကတော်ရယ်. ."

"ဒါဖြင့် မိန်းကလေးပေါ့၊ ကျွန်မအိမ်က အဒေါ်ကြီးခေါ်သလိုပဲခေါ်ပါလား"

"ဟုတ်. . ဟုတ်ကဲ့. . မိန်းကလေး"

"အခြားသူတွေကော. ."

"မရှိဘူး. . အဒေါ်တစ်ယောက်တည်းရှိတယ်"

"ဟင်. ."

ရှုမငြိုး အံ့အားသင့်သွားပုံရသည်။

သူ့အား လှမ်းကြည့်လိုက်သည်။ သူက မသိဟန်ဆောင်ကာ ဧည့်ခန်းသို့လျှောက်သွားပြီး အသင့်ဖျော်ကာ ချပေးထားသော သံပုရာရည်နှစ်ခွက်အနက် တစ်ခွက်ကို ယူသောက်လိုက်သည်။

ရှုမငြိုး နောက်မှ မကျေမနပ်လိုက်လာပြီး. . .

"ရှင် ဒါဘာသဘောလဲ ဒီလောက်ကျယ်ဝန်းတဲ့ အိမ်ကြီးတစ်လုံးမှာ အလုပ်သမားတွေမထားဘဲ ဟိုအဒေါ်ကြီးတစ်





ယောက်ထဲနိုင်မလား။ နောက် လူကြီးကို ခိုင်းရမှာအားနာတယ်"

ရှုမငြိုးသည် ပေါ့သေးသေးမိန်းမမဟုတ်မှန်း သူကြိုတင်တွက်ဆထားပြီးဖြစ်သည်။

အေးဆေးစွာပင် သံပုရာရည်တစ်ငုံနှစ်ငုံသောက်လိုက်ပြီးမှ ဖန်ခွက်ကိုပြန်ချလိုက်သည်။

"ရှင် ဘာအေးတိအေးစက် လုပ်နေတာလဲ၊ ကျွန်မ မေးနေတာဖြေလေ. ."

"ရှင်းရှင်းလေးပဲ ဒေါ်ကြီးညိုကိုခိုင်းရမှာ အားနာရင် ကိုယ်တိုင်လုပ်ပေါ့ ဒါပဲရှိတယ်၊ ကျုပ်က အိမ်မှာလူရှုပ်ရှုပ်ယှက်ယှက်ရှိတာမကြိုက်ဘူး"

"ဘုရားရေ ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ဘယ်လိုအကြံအစည်နဲ့များ ကျွန်မကို ယူလာတာလဲ ဦးဘုန်းလက်ရုံး"

"ဒါတွေ ခင်ဗျားမကြာခင် သိလာမှာပါ။ အကြံအစည်နဲ့ ခင်ဗျားကိုယူခဲ့တယ်ဆိုတာတော့ အမှန်အကန်ပဲ၊ ဒါပေမယ့် ဒီလောက်ထိလွယ်လွယ်ကူကူ ကြံစည်ရလိမ့်မယ်လို့ ထင်မထားခဲ့ဘူး. . ခင်ဗျားက တယ်လွယ်တာပဲ. ."

"ဘာ. . ရှင်ရှင်"

ဘုန်းလက်ရုံး သံပုရာရည်ဖန်ခွက်မှ လက်ကျန်ကိုမော့ချလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

ဆိုဖာဆက်တီတစ်လုံးဝယ် ခြေပစ်လက်ပစ် အမောကြီးပြတ်ထိုင်ချလိုက်ပြီး သူ့အားအကဲခတ်နေသော ရှုမငြိုးကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြည့်ကာ. .

"ခုလောလောဆယ် ခင်ဗျားကို ကျုပ်မရှင်းပြနိုင်သေးဘူး၊ မနက်ဖြန် ဟန်နီးမွန်းခရီးတစ်ခုကို လူကြီးတွေကျေနပ်အောင် ထွက်ပြဖို့ စီစဉ်လိုက်ဦးမယ်"

ပြောပြောဆိုဆို အပေါ်ထပ်သို့တောက်လျှောက် တက်ရင်း Hand Phone စက်ခလုပ်ဖွင့်ကာ အတွင်းရေးမှူးမလေး မာမာဟန့်ကိုခေါ်ကာ လေယာဉ်လက်မှတ်ကိစ္စ မေးမြန်းလိုက်သည်။

"ရပါတယ် ဆရာ"ဟူသော အဖြေကို သူရရှိလိုက်လေသည်။

"မောင်ထွေး. . မင်းတန်းလျားပြောင်းနေတော့ ကိစ္စရှိလို့ခေါ်မှ ဒီအိမ်ဘက်ကို ကူးရမယ်. . ကြားလား"

"ဟုတ်ကဲ့. ."

"ဒေါ်ကြီး လောလောဆယ်ဖုန်းလာရင်ကိုင်ပြီး ကျွန်တော်တို့အိပ်နေတယ်ပြောပါ၊ ဘယ်သူလဲဆိုတာတော့ မေးထားလိုက်ပါ. ."

ဖုန်းစက်ခလုတ်ကိုပိတ်ရင်း အောက်ထပ်ကို လှမ်းပြောလိုက်သည်။ ထိုစဉ် ရှုမငြိုးသည် သူ၏ရှေ့ရှုမှာရှိနေသော ကိုတိုး၏ပုံတူပန်းချီကားကို စိုက်ကြည့်နေလေသည်။

ဇဝေဇဝါဖြစ်နေပုံရသည်။

"ဒေါ်ရှုမငြိုး အဲ့ဒါဘယ်သူ့ပုံလဲဆိုတာ. . ခင်ဗျားသိသ





လား"

"မြင်ဖူးသလိုလိုပဲ. ."

"သိချင်ရင် လာခဲ့လေဗျာ"

သူက ခနိုးခနဲ့ပြုံးကာ ပြောလိုက်သည်။ ရှုမငြိုးလို ဇတ်ဇတ်ကြမိန်းမတစ်ယောက်အတွက် မခံချိမခံသာတွေ ဖြစ်နေလိမ့်မည်။ သူ အပေါ်ထပ်တစ်ဆစ်ချိုးလှေကားကို ဆက်တက်ခဲ့သည်။

ရှုမငြိုး လိုက်ပါလာခြင်းမရှိချေ။

ထင်တော့ထင်သည်။ ရှုမငြိုးလို မိန်းမတစ်ယောက်၏ ဂွံနှင့်မာနကို တော်ရုံတန်ရုံ ရိုက်ချိုး၍မရနိုင်ဟု သူနားလည်လက်ခံထားသည်။ ထို့ကြောင့်လည်း လက်ထပ်ဖို့ကိစ္စကို အလျှင်စလို စီစဉ်လိုက်ရခြင်းဖြစ်သည်။ လက်ထပ်ပြီးမှဆိုလျှင် ဘာပဲပြောပြော ပိုင်ပိုင်နိုင်နိုင်ရှိနေလေပြီ။

ထင်ထားသည့်အတိုင်းပင် ရှုမငြိုးသည် သူ့စကားကို နာခံခြင်းမရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ရှုမငြိး ဒေါသမီးက တစ်ကိုယ်လုံးပျံ့နှံ့လျက်ရှိရာ အသားများပင် တဆတ်ဆတ်တုန်ရီနေသည်။

နှုတ်ခမ်းသားတဆတ်ဆတ်တုန်ကာ သူ့ကို တစ်စုံတစ်ခု လက်တုန့်ပြန်လိုက်ချင်သည်။

ဒေါသတကြီး ရန်တွေ့လိုက်ချင်သည်။

သို့သော် ဒေါသစိတ်သည် အမှားအယွင်းကို ကျူးလွန်





နိုင်စွမ်းရှိလေသည်။

ထို့ကြောင့် ဒေါသကိုချုပ်ငြိမ်းအောင်ကြိုးစားပြီးမှ ဘုန်းသက်ရှုံးနှင့်ရင်ဆိုင်ရန် ကြိုးစားလိုက်သည်။

ဒေါ်ကြီးညို ဖျော်ထားပေးထားသော သံပုရာရည် အေးအေးလေးကိုသောက်လိုက်ရင်း ရှေ့တည့်တည့်ရှိနေသော နံရံပေါ်မှ ပုံတူပန်းချီကားကိုကြည့်ရင်း စဉ်းစားလိုက်သည်။

သူနှင့်ပတ်သက်ဖူးသော လူတစ်ယောက်၊ သူ့ကို ပရိုပို့စ်လုပ်ဖူးသူတစ်ယောက်ပဲဖြစ်ရမည်။

ဒီအပြုံး . . သွားတက်လေးများနှင့် အပြုံးကို သူနှစ်သက်သဘောကျ၍ လှေ့လာခဲ့သည့်သူ။

ဩော် . . မှတ်မိပြီ။ 'မင်းလက်ျာ' . . ။

ဟုတ်ပြီ . . လက်စသတ်တော့ 'မင်းလက်ျာ' ပုံပေပဲ။

မင်းလက်ျာနှင့်ဘုန်းလက်ရုံး ရုပ်ချင်းတော့မဆင်။

သို့သော် . . .

ရှုမငြိး စဉ်းစားတွေဝေမနေတော့ဘဲ သံပုရာရည်ဖန်ခွက်များထည့်ထားသော ဗန်းကိုမကာ မီးဖိုဘက်ဝင်ခဲ့သည်။ မီးဖိုဘက်တွင် တကုတ်ကုတ်အလုပ်ရှုပ်နေသော ဒေါ်ကြီးညိုက သူ့ကိုမြင်လျှင်မြင်ချင်း ပြာပြာသလဲပင် . . .

"ဟယ် မိန်းကလေး၊ ထားပါ ဒေါ်ကြီးလာသိမ်းပါ့မယ်"

"ဘယ်ဖြစ်မလဲအဒေါ် ရယ်၊ ဒေါ်ကြီးတစ်ယောက်တည်းပင်ပန်းတာပေါ့ . . "



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဘာအလုပ်မှ ရှိတာမှမဟုတ်ဘဲ၊ ထားပါ မိန်းကလေးရယ် မဆေးပါနဲ့ ဒေါ်ကြီးဆေးပါ့မယ်"

"အပန်းမကြီးပါဘူး၊ ဘာပဲပြောပြော ကျွန်မအတွက် လက်တိုလက်တောင်းအဖော်ကိုတော့ ဒေါ်ကြီးအတွက် ခေါ်ပေး ရမှာပဲ၊ ဒေါ်ကြီးဆရာက ဘယ်လိုဖြစ်နေသလဲဆိုတာတော့ ကျွန်မ မခန့်မှန်းနိုင်အောင် ဖြစ်နေတယ်၊ ဒါထက်မေးရဦးမယ် ဧည့်ခန်းက မင်းလက်ျာပုံမှန်းချီကားတွေ့တယ် ဘုန်းလက်ရှုံးနဲ့ ဘာတော်သလဲဟင်. . ."

ရှုမငြိုးက ဖန်ခွက်ကလေးများကို ဆေးကြောရင်းမေး လိုက်သည်။

ဒေါ်ကြီးညိုက ဟင်းဆီသပ်လူးနေရာမှ.

"ဟင်. . မိန်းကလေးက လူလေးအကြောင်း ဘာမှမသိ ဘူးလား. . ."

"ပြောတော့ ဒေါ်ကြီးရေ့ စိတ်ချရတဲ့ ကျေးဖူးရှင် အဘ ဦးဘအိုနဲ့လာတောင်းတော့ မငြင်းသာတဲ့အကြောင်းနဲ့ အမြန်ဆုံး လက်ထပ်လိုက်ရတယ်ဆိုပါတော့"

"ဖြစ်ရလေမိန်းကလေးရယ်"

"မင်းလက်ျာ၊ ဘုန်းလက်ရှုံး၊ မွန်တာရာတဲ့ မောင်နှမ သုံးယောက်ရှိတယ်၊ မင်းလက်ျာဆုံးသွားတာ သုံးနှစ်ခွဲလောက်ရှိ သွားပြီ"

"ဟင်. . ဘာဖြစ်လို့လဲ ဒေါ်ကြီး"





"ကားမှောက်ပြီးတော့လေ ဘုန်းလက်ရှုံးလည်း ပါသွား တယ်၊ နှစ်ယောက်စလုံးသေပြီထင်ခဲ့တာ မင်းလက်ျာက ပွဲချင်းပြီး ဆုံးသွားခဲ့တာ၊ ဘုန်းလက်ရှုံးကတော့ သေကံမရောက် သက်မ ပျောက်ဘဲ ကျန်ရစ်ခဲ့တာပဲ"

ရှုမငြိုး စိတ်မကောင်းဖြစ်သွားရသည်။

"ကျွန်မ မသိခဲ့ပါလား၊ လွန်ခဲ့တဲ့သုံးနှစ်ခွဲ. . အင်း အဲဒီ အချိန်ဆို ဗုဒ္ဓဂါယာဘုရားဖူးသွားတဲ့အချိန်ဖြစ်မယ်"

ရှုမငြိုးရင်ထဲ တစ်စုံတစ်ခုကို သံသယဝင်လာသည်။ ဘုန်းလက်ရှုံး၏လုပ်ရပ်များသည် ပုံမှန်မဟုတ်တာတော့ ကျိန်း သေသည်။

သူ့အစ်ကို မင်းလက်ျာကိစ္စနှင့်များ ပတ်သက်နေမလား။ ရှိစေတော့. . ဒါက တစ်ကဏ္ဍ. . .။

လောလောဆယ် ဆလင်းဘတ်အိတ်ထဲမှ ဖုန်းထုတ် ကာ မိခင်ထံသို့ဆက်သွယ်လိုက်သည်။

"ဟဲလို. ."

"မေမေ သမီးပါ"

"ဆို ခုပဲရောက်တယ် ခုဘာကိစ္စ အလောသုံးဆယ် ဆက်ရတာလဲ. . သားကော"

ဩော်မိခင်ကတော့ ဘာမှသိရှာမည်မထင်. .။ သူ့နှင့် သားမက် ငွေသားမက်ကို 'သား' ဟုပင်သုံးစွဲနေလေပြီ။ မိခင်စိတ် ဆင်းရဲစရာစကား မဆိုမိစေရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် မေမေ၊ ဒီလိုမေမေ ဒီမှာလေ အိမ်ကြီးတ အကြီးကြီး ဗာရီယအလုပ်သမားက မရှိဘူးဖြစ်နေတယ်၊ ယော ကျ်ားလေးတွေတော့ရှိပါတယ် ယောကျ်ားလေးဆိုတော့ အိမ်ထဲ ခိုင်းလို့မကောင်းဘူး၊ ဒါကြောင့် အသေးလေးကိုခေါ်ချင်တယ်"

"ဩော်. . သမီးအတွက်ပဲလေ ခေါ်ခေါ်. . ၊ နေနေ. . မေမေပဲ လာပို့ခိုင်းလိုက်မယ်၊ သမီးကားလည်းကျန်ခဲ့တယ်လေ ဒရိုင်ဘာနဲ့ကားကိုပို့ပေးရင်း အသေးလေးပါထည့်ပေးလိုက်မယ် ညနေစာကော"

"ဒီမှာလေ မေမေ့သားတော်မောင်ရဲ့လက်ရုံး ဒေါ်ကြီး ညိုရှိတယ်၊ မမောနိုင်မပန်းနိုင်ချက်ပြုတ်နေလို့ သမီးက အား နာတယ်မေမေ၊ ဒါကြောင့် အသေးလေးကိုခေါ်လိုက်တာ၊ မနက် ဖြန် ဟန်းနီးမွန်းသွားတဲ့အခါလည်း ဒေါ်ကြီးညိုအတွက် အဖော် ရပြီး သင်စရာရှိတာလည်း သင်ယူနိုင်အောင်လို့လေ"

"အေးပါ. . အေးအေး. . မေမေ အခုပဲလွှတ်လိုက် မယ်၊ ဒါပဲလား"

"ဟုတ်ကဲ့ မေမေ. . ."

ရှုမငြိုး ဖုန်းကိုပိတ်လိုက်ပြီး ဒေါ်ကြီးညိုအား. . .

"ဒေါ်ကြီးရေ ဂိတ်ကိုဖုန်းဆက်ပေးထားပါဦး. . ကျွန်မ ကား ပရာဒိုအဖြူရောင်လာရင် ဖွင့်ပေးဖို့"

"ဟုတ်ကဲ့ပါ မိန်းကလေး"

ရှုမငြိုးအတွက် ဤကိစ္စလောက်ကိုစီစဉ်ခြင်းသည် ဘာမှ





[illegible]အလွှင်းမဟုတ်ဟု ယုံကြည်သည်။

လောလောဆယ် ဘုန်းလက်ရုံးကို ရင်ဆိုင်ဖို့အရေး ရင် [illegible]လံလျက်ရှိသည်။

သို့သော် မယားဝတ္တရားရှိသည်။ ထို့ကြောင့် အပေါ် [illegible]သို့တက်ခဲ့သည်။

ခြေလှမ်းတစ်လှမ်းတက်လိုက်တိုင်း ရင်ခုန်သံနှုန်း တစ် [illegible]မြန်သွားသည်ဟု ထင်လိုက်ရသည်။

ထင်ထားသည့်အတိုင်းပင် အပေါ်ထပ်သီးသန့်ဧည့်ခန်း [illegible]န်းလက်ရုံးသည် စာရင်းဖိုင်တွဲများ ဖတ်ရှုလက်မှတ်ထိုးခြင်း [illegible] အလုပ်ရှုပ်နေသည်။

သူ့ကိုမြင်တော့ လုပ်လက်စကို ရပ်နားလိုက်ပြီး. . .

"အဲဒီဖွင့်ထားတဲ့အိပ်ခန်းက ကျုပ်တို့အခန်းပဲ ခင်ဗျား [illegible]ဝတ်အစားလဲချင်လဲလိုက်. . ပြီးမှ လာခဲ့. ."

ပေ့ါပါးသွားစေရန် အိမ်နေရင်းအဝတ်အစား လဲလိုက် [illegible]ယ်ဟူသော ရည်ရွယ်ချက်သည် သူ၏အမိန့်ဆန်သောစကား [illegible]ကြောင့် ပျောက်ကွယ်သွားပြီး. . .

"ရပါတယ်. . ပြီးမှ ရေတခါတည်းချိုးမယ်၊ ကျွန်မရှင့်ကို [illegible]ပြောစရာရှိသေးတယ်. . ."

"မေးစရာမဟုတ်ဘူးလား"

"မဟုတ်ဘူး"

ရှုမငြိုးသည် ကြောက်တတ်သူမဟုတ်။ ဘာအများမှမ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူသည် ဘာကိုမှကြောက်စရာမလိုဟု ခံယူထားသည်
ရာ ခပ်တည်တည်ပင် ဘုန်းလက်ရုံးနှင့် မျက်နှာချင်းဆိုင်
ဝင်ထိုင်လိုက်သည်။

"ပထမ ပြောစရာက ကျွန်မရဲ့လက်တိုလက်တောင်း
ဖော်ဖြစ်တဲ့ အသေးလေးကို ကျွန်မခေါ်လိုက်တယ်. . ."

"ဟင်. . မင်းက ဘာသဘောလဲ. ."

"အလုပ်ကို ကျွန်မ မကြောက်ဘူး၊ ဒါပေမယ့် ကို
အခေါ်အရွယ်လောက်ရှိတဲ့ ဒေါ်ကြီးညိုအတွက် လက်တိုလ
တောင်း ကူဖော်လောင်ဖက် ရှိသင့်တယ်ထင်တယ်၊ ရှင်
ကျွန်မကောက အပြင်ထွက်အလုပ်လုပ်ကြမှာဆိုတော့. ."

"နေဦး. အဲ့ဒီနေရာမှာ ခင်ဗျားကိုကျုပ် ပြောစရာရှိ
တယ်. ."

ရှုမငြိုးစကားကို ကြားဖြတ်ဝင်ကာပြောလိုက်သည်။
ရှုမငြိုးဘုန်းလက်ရုံးကို စူးစူးစိုက်စိုက်ပင် ကြည့်လို
သည်။ သူ့ရင်တွင်းဖောက်ထွင်းကြည့်ခြင်းဖြစ်သည်။

"ခင်ဗျား အလုပ်လုပ်ဖို့ မလိုတော့ဘူး"

"ဘာရှင့်. . ရှင် ကျွန်မခန္ဓာကိုယ်ကိုပဲ ပိုင်ဆိုင်နိုင်မ
ကျွန်မရဲ့စိတ် ကျွန်မရဲ့ဦးနှောက်ကို ပိုင်ဆိုင်ခွင့်မရှိဘူးဦးဘု
လက်ရုံးရဲ့. ."

"ဒါတော့ မတတ်နိုင်ဘူး၊ အန်ကယ်က ခင်ဗျားနေရာ
တစ်ဦးအစားထိုးဖို့ ရှာထားပြီးပြီတဲ့၊ ခင်ဗျားက ဒီအလုပ်ကိုစိ





င်စားတာမဟုတ်ဘဲ အဖေကိုကူညီရုံသက်သက်ပဲတဲ့၊ အိမ်
ထောင်ရှင်မဖြစ်လာပြီဆိုတော့ ပိုစိတ်ဝင်စားမှာမဟုတ်တော့
ဘူးဆိုပြီး ဆုံးဖြတ်လိုက်တာတဲ့၊ ခင်ဗျားကို ပြောမပြလိုက်ဘူးထင်
တယ်"

ရှုမငြိုး စိတ်ထဲခံပြင်းသွားသည်။ ဒီစကားတွေကတော့
အမှန်အကန်ပင်ဖြစ်သည်။

ရှုမငြိုး အလုပ်အပေါ် စိတ်မဝင်စား ဖခင်ကိုကူသည်ဆို
ထက် ဖခင်က သူ့ကိုကူညီနေရခြင်းက ခပ်များများပင်. . ။
ခင်အတွက် အလုပ်ကျွမ်းကျင်သူတစ်ယောက်က ကူညီမည်ဆို
ပါက ပို၍ကောင်းသည်။

"ဖေဖေ့သဘောအရဆိုရင်တော့လည်း ကျွန်မဘာမှ မ
တတ်ဘူးပေါ့. ."

"ဟုတ်ပြီ. . အခုတော့ ခင်ဗျားအိမ်ရှင်မတာဝန်ကိုပဲ ယူပေ
တော့၊ အခြားဘာပြောစရာရှိသေးသလဲ. ."

မဆိုင်းမတွပင်. . .

"အိမ်ရှင်မတာဝန်ဆိုတော့ အိမ်ထောင်ဦးစီးဖြစ်တဲ့ ရှင်
ကတော့ အိမ်ထောင်ဦးစီးရဲ့ ဝတ္တရားကို နားလည်မယ်ထင်ပါ
တယ်နော်. . ."

"ကျုပ်ဘက်က အမှားအယွင်းရှိရင် ခင်ဗျားထောက်ပြ
သေဗျာ၊ အဲ. . ခင်ဗျားဘက်က အခုကထိန်းသိမ်းလိုက်နေရမှာ
ကတော့ လူမှုရေးစည်းကမ်းပဲ အဲဒီကိစ္စကိုတော့ ကျုပ်လုံးဝခွင့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်မှာမဟုတ်ဘူးနော်. . "

"နေစမ်းပါဦး ရှင်က ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ပ

လိုက်တာလဲ. . "

"ဘာရည်ရွယ်ချက်နဲ့မှမဟုတ်ဘူး၊ ကျုပ် ကိုကို့အတွ

ကျုပ်ယူပေးတာ၊ သွေးအလူးလူးနဲ့ ညီအစ်ကိုနှစ်ယောက်စ

သေလုမျောပါး ဒဏ်ရာရနေချိန်မှာ ကိုကို့နှုတ်က ရှုမငြိမ်းလို့

သွားတဲ့ နောက်ဆုံးထွက်သွက်က နာမည်လေးတစ်ခုကြောင့်

"ကျွန်မ အဲဒီကိစ္စ မသိလိုက်ခဲ့ဘူး"

"ကဲပါဗျာ အဲဒီအကြောင်း မပြောပါနဲ့၊ ခင်ဗျားသွ

တော့. . "

ရှုမငြိမ်း ဆတ်ခနဲပင်ထကာ သူ့ကိုကျောခိုင်းခဲ့သည်၊

ဘုန်းလက်ရုံးထံမှ အချစ်စကားသည် ထိုနေ့မှစ၍ ကြ

ရတော့မည်မဟုတ်ကြောင်းကို ရှုမငြိမ်းရင်ထဲ သိလိုက်သလိုဖြစ်

သည်။

ခက်တာက "အဘကျေးဇူး" ဟူသောအကြောင်းပြချ

ထက် ရှုမငြိမ်းကိုယ်တိုင်က ဘုန်းလက်ရုံးကို ဖြင်းပယ်၍မရနို

သော တွယ်တာမှုက နှလုံးအိမ်သို့ ရစ်ပတ်နေခြင်းကြောင့်ပ

ဘုန်းလက်ရုံးကို လက်ထပ်ခဲ့ခြင်းဖြစ်သည်။







# အခန်း(၁၁)

ရှုမငြိမ်းမျှော်မှန်းခဲ့သော အချစ်နန်းတော်သည် မင်္ဂလာဦး

ပင် ကျေမွပျက်သုဉ်းသွားခဲ့သည်။ ဝိညာဉ်ပေါင်းစုံတို့ ကျင်

ည်ကျက်စားရာ ရဲတိုက်တစ်ခုသို့ ရောက်ရှိသွားသည့်အလား

းခဲ့ရသည်။

နာကျည်းစွာကျသောမျက်ရည်တို့ကို ဘုန်းလက်ရုံးမ

မြင်အောင် ရင်ထဲ၌သိမ်းဆည်းထားခြင်းကိုကပင် ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပို၍ထိရှနာကျင်စေခဲ့သည်။

နံနက် နေရောင်မြင့်တက်မှ နိုးလာခဲ့သည်။

နိုးနိုးခြင်း သတိရလိုက်သည်က ညကရေခဲခန်း။ ချစ်ခြင်း ရနံ့နှင့်မွှန်းထုံသော မင်္ဂလာဦးညမဟုတ်ခြင်းက သူ့အတွက် ရေ ခန်းပါပဲ. . ။

မည်သို့ဆိုစေကာမူ နိုးနိုးခြင်း လက်ယာဘက်တွင်အိပ် စက်သော ဘုန်းလက်ရုံးကိုကြည့်လိုက်သည်။ နှစ်ခြိုက်စွာအိပ် ပျော်နေဆဲဖြစ်သည်။

အိပ်နေသည့်အခါ အပြစ်ကင်းစင်လှသည်။ မျက်မှောင် ချီကာ ဒေါနှင့်မောနှင့်ပြောဆိုခြင်းတို့ ကင်းဝေးနေသဖြင့် ကြည့် ကောင်းနေသည်။ ရှုမငြီး တစိမ့်စိမ့်ကြည့်နေမိပြီး အတန်ကြာမှ အိပ်ရာမှထကာ ကိုယ်လက်သန့်စင်ရေချိုးပြီး အဝတ်အစားလဲ လိုက်သည်။

ပေလီခရီးစဉ်သို့ သူတို့ (၁၁)နာရီသံတွဲလေယာဉ်ဖြင့် သွားကြမည်ဖြစ်သည်။

ဒါကလည်း သဒ္ဓါကြည်ဖြူ၍မဟုတ်။ သက်သက် ရုပ်ပြ ကောင်းစေသော လုပ်ရိုးလုပ်စဉ် ဟန်နီးမွန်းခရီးစဉ်ဟု ရှုမငြီး သဘောပေါက်မိသောအခါ ရင်ဝယ်နာကျင်သွားသည်။

သူ့အတွက် ခရီးနှင့်သင့်တော်မည့် အဝတ်တစ်စုံ ထုတ် ခဲ့လိုက်သည်။ နာရီကြည့်လိုက်တော့ ရှစ်နာရီခွဲရှိနေပြီ။ ကိုးနာရီမှ မနိုးလျှင် နိုးလိုက်မည်ဟုစဉ်းစားပြီး အောက်ထပ်သို့ဆင်းခဲ့သည်။





"မိန်းကလေး. . စားတော့မလား"

"နေပါစေ ဒေါ်ကြီး၊ သူနိုးလာမှပဲစားတော့မယ်"

ဝံပုလွေလို အမှားအယွင်းတစ်ခုကို အလစ်ချောင်းနေ သည်ကို စိုးထင့်ပြီး သူ့ဘက်မှ အစစအရာရာအမှားမရှိအောင် ဆိုင်လိုက်ဖို့ဆုံးဖြတ်လိုက်ပြီးနောက် မိခင်ဆီဖုန်းဆက်လိုက် သည်။ ပေလီသို့ ဘာမှာဦးမလဲဟု မေးလိုက်သည်။

"ညကပဲ သားဖုန်းဆက်ပါတယ်၊ အိမ်ကိုလည်း မေမေ အားတဲ့အခါ လာကြည့်ပေးဖို့တောင် အပ်နေသေးတယ်."

ဟု မိခင်ကတော့ သားမက်အပေါ် ကျေနပ်စကားပြော သည်။ ရှိပါစေတော့မိခင်နှင့် အာလာပသလာပအနည်း ငယ်ပြောပြီးနောက် ရှုမငြီး အပေါ် ထပ်ပြန်တက်ခဲ့သည်။

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ဘုန်းလက်ရုံးကို သာလှုပ်နှိုးလိုက်သည်။

"အင်. . ."

"ရှင် ထတော့မှဖြစ်မယ်ထင်တယ် ကိုးနာရီထိုးပြီ"

"ဟုတ်လား. ."

ဘုန်းလက်ရုံးက ပျင်းကြောဆန့်ပြီး အိပ်ရာထက်မှထ တ်သည်။

"ဆယ်နာရီလေဆိပ်ဆင်းရမှာ အားလုံးပြင်ဆင်ပြီးပြီ လား"

"ပြီးပါပြီ. ."



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတည်းက အနည်းဆုံး(၅)ရက်၊ အကြာဆုံးတစ် ပတ်နေမည် ပြောထားသဖြင့် ညနေစောင်း သူအပြင်ထွက်သွား ချိန်တွင် ရှုမငြိုးသည် ဒေါ်ကြီးညိုအကူအညီနှင့် ပြင်ဆင်ထားပြီး ဖြစ်သည်။

ရှုမငြိုးဘက်ကတော့ လုပ်သင့်လုပ်ထိုက်သည်တို့ကို မယား ဝတ္တရားငါးပါးနှင့်အညီ လုပ်ဆောင်ပေးမည်။

သူ့ရေချိုးစဉ်၌ ပစ္စည်းများကို အသေးလေးနှင့် မောင် ထွေးအားခေါ် ယူကာ အောက်သို့ချခိုင်းထားလိုက်သည်။

သူသည် အသေးအမွှားကိစ္စလေးများကိုတော့ ဇာခွဲမ ပြောတော့. . ။

"အေးလေခင်ဗျားက အိမ်ရှင်မဆိုတော့ အိမ်ရဲ့တာဝန်၊ အလုပ်သမားတွေကိစ္စကတော့ ခင်ဗျားကိစ္စပေါ့ဗျာ၊ ဒါပေမယ့် မောင်ထွေးကိုတော့ အိမ်ထဲကို မလိုအပ်ဘဲ မခိုင်းနဲ့တော့ပေါ့"

"ကျွန်မနားလည်ပါတယ်."

ဟု သူပြတ်သားစွာပြောခဲ့ပြီး ဒေါ်ကြီးညိုက အကူအညီ နှင့် မောင်ထွေးကိုခေါ် ခိုင်းကာ. . ခရီးဆောင်သေတ္တာကိုအော အောက်သို့ချခိုင်းထားရသည်။ မချခိုင်းလို့ကလည်းမဖြစ်။

ဒီလောက်တော့ နားလည်ပေလိမ့်မည်။

"ခုနက မောင်ထွေးအသံ ကြားလိုက်သလားလို့"

"ပစ္စည်းတွေ ချခိုင်းတာပါ. ."

"ဟင်. ."





သူ့မျက်ဝန်း၌ ထူးခြားသော အရောင်တစ်ခုယှက်သန်း သွားသည်။ ရှုမငြိုးက ချက်ခြင်းပင်. . .

"ဒေါ်ကြီးနဲ့ အတူလာပြီး ချခိုင်းတာပါ."

သူ ဘာမှထပ်မပြောတော့. . .

"မင်း စားပြီးပြီလား"

"မစားရသေးဘူး ရှင့်ကိုစောင့်နေတာ"

"လေဆိပ်ရောက်မှ တစ်ခုခုစားကြမယ် စောစောသွား တာပေါ့. . ."

"ဒေါ်ကြီးအကုန်စီစဉ်ပေးထားပြီးပြီ အလဟဿ ဖြစ် ကုန်မယ်. . ."

သူက ဖျတ်ခနဲကြည့်လိုက်သည်။

အိမ်ရှင်မတစ်ယောက်အနေနှင့် အလဟဿကုန်ဆုံး ခြင်းကို အဖြစ်မခံနိုင်။

"အိမ်တစ်အိမ်ရဲ့ယိုပေါက်က မီးဖိုချောင်ပဲ၊ ကျွန်မဘက် က တာဝန်ကျေချင်တယ်၊ ရှင်ကြိုက်တဲ့ ရွှေတောင်ခေါက်ဆွဲကို ပြင်ဆင်ပြီးသားဖြစ်နေတယ်. ."

ရှုမငြိုးကို သူဘာမှပြန်မပြောဘဲ မှုန်ကုတ်ကုတ်နှင့် အ ခန်းအစားလဲလိုက်သည်နောက်. . .

"ခဏလာဦး"

ဟုဆိုကာ မီးခံသေတ္တာဆီလျှောက်သွားသဖြင့် ရှုမငြိုး လိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ဖွင့်နည်းကိုပြောပြပြီးဖွင့်စေသည်။ လျှို့ဝှက်နံပါတ်ခြင်း ကွဲပြားခြားနားရုံမှအပ အိမ်ကသေတ္တာမျိုးဖြစ်သဖြင့် ရှုမငြိမ်း လွယ်ကူစွာပင် ဖွင့်နိုင်သည်။

"လိုသလောက်ယူပါ. . ."

"ဘာအတွက်လဲ. . ."

"အိမ်အတွက်. . လက်ဆောင်အတွက်ဝယ်ဖို့. "

"မလိုသေးပါဘူး ကျွန်မမှာပါသေးတယ် လိုအပ်မှ. . ကျွန်မစာရင်းဇယားနဲ့တော့ မလုပ်နိုင်ဘူးနော် စာရင်းဇယားကို အင်မတန်မုန်းတာ ဦးနှောက်နဲ့ပဲ မှတ်လုပ်မယ် တစ်အုပ်ကုန် တစ်အုပ်သုံးမယ်. . ."

"ဒါကတော့ လက်မခံနိုင်ဘူး. ., ဘယ်အရာမဆို စံနစ်ဇယားတော့ ရှိသင့်တယ်၊ အိတ်ထဲ ပိုက်ဆံဘယ်လောက်ရှိလို့ရှိမှန်းမသိ ပျောက်လို့ပျောက်မှန်းမသိတာမျိုးတော့ အဖြစ်မခံနိုင်ဘူး၊ နောက်ရှိသေးတယ် ခဏ. ."

မီးခံသေတ္တာအတွင်းရှိ မီးခံသေတ္တာဗူးငယ်တစ်ခုကို ထပ်ဖွင့်လိုက်သည်။ အရည်အသွေးကောင်းမွန်သော မြနှင့်စိန်စီချယ်ထားသော လက်ဝတ်ရတနာများကို တွေ့လိုက်ရသည်။

"အဲဒါ ခင်ဗျားအတွက် ကိုကိုက မင်္ဂလာဦးလက်ဆောင်အဖြစ် ရည်မှန်းပြီးလုပ်ထားတဲ့ ပစ္စည်းလေဗျာ၊ ကိုကို့ ကိုယ်စား ကျုပ်ပေးတယ်၊ ယူလိုက် ဒါမှတမလွန်က ကိုကိုကျေနပ်နိုင်လိမ့်မယ်. . ."





ရှုမငြိမ်းလက်ထဲကို ပြောပြောဆိုဆိုနှင့် အတင်းထည့်လေသည်။

ရှုမငြိမ်းက ယူပြီး ပြန်ပိတ်ကာ မီးခံသေတ္တာထဲပြန်ထည့်လိုက်သည်။

"မလိုချင်ဘူး. . ကျွန်မဘဝမှာ ကျွန်မ မနှစ်သက်လို့မရွေးချယ်နိုင်ခဲ့တဲ့ လူတစ်ယောက်ရဲ့ပစ္စည်းကို ကျွန်မ လက်မခံနိုင်ဘူး"

"ဘာဗျ. . ကိုကို့ကို ခင်ဗျားမနှစ်သက်ခဲ့ဘူးဟုတ်လား၊ ဒါဖြင့် ခင်ဗျားနဲ့ကိုကို ဘာဖြစ်လို့တွဲခဲ့ကြသေးသလဲ. . ."

ရှုမငြိမ်းအတွက် စောစောစီးစီးရန်ဖြစ်ရမည့်ကိန်းကို မလိုလား. ,

"ကျွန်မတို့ မိတ်ဆွေအဖြစ်နဲ့ တွဲသွားတွဲလာလုပ်ခဲ့ပြီး သူ့ကိုလေ့လာခဲ့တာပါ။ သူမှမဟုတ်ဘူး သူ့အပြင် သုံးလေးဦးကိုလည်း ကျွန်မတွဲခဲ့မိတယ်. ."

"ခင်ဗျားဗျာ. ."

ပြောပြောဆိုဆို သူထွက်သွားသည်။ မချင့်မရဲငြိုးတွားလိုက်ခြင်းပေလား. . မသိနိုင်. .။

ရှုမငြိမ်းရင်ထဲ မချမ်းမြေ့နိုင်တာကတော့ သေချာသည်။ ချက်ခြင်းပင် သူ့နောက်လိုက်ဆင်းခဲ့သည်။ သူ၏ခင်ပွန်းသည် သူ့ အပေါ် ဘယ်လိုရည်ရွယ်ချက်နှင့် လက်ထပ်ခဲ့သနည်း။

အဖြေကို သိနေသလိုရှိသော်လည်း တပ်အပ်သေချာ



www.burmeseclassic.com

www.burmeseclassic.com



စေရန် မမေးရဲ။ မေးလိုက်လျှင် သိသလိုလိုရှိနေသော အဖြေအတွက် ရှုမငြီး ခံစား၍ရနိုင်မည်မထင်။

ရှုမငြီး ဘုန်းလက်ရုံးကို စိတ်ဝင်စားစွာ ချစ်မိနေခြင်းကိုက သူ့အတွက် တစ်ပန်းရှုံးနေပြီထင့် . . ။







# အခန်း(၁၂)

ဘုန်းလက်ရုံး ရှုမငြီးကို ငဲ့စောင်းကြည့်လိုက်သည်။ ပင်လယ်ပြင်ကိုငေးကြည့်နေသော ရှုမငြီး၏အတွေးအိမ်၌ ဘာတွေများ စိုးမိုးနေသနည်းဆိုသည်ကို သူသိချင်လာလေပြီ။

"ကိုကိုက ခင်ဗျားကို စွဲစွဲလမ်းလမ်းချစ်ခဲ့တယ်လို့ ခင်ဗျား မထင်ဘူးလား"

ရှုမငြီး ဆတ်ခနဲ သူ့ကိုလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်ပင်ကြီးအောက်၌ဒရင်းဘက်ကိုယ်စီနှင့် ထိုင်ကာအပန်းဖြေနေကြသော လက်ထပ်ပြီးခါစ လင်မယားနှစ်ဦးအတွက် ကြည်နူးဖွယ်ရာအလျဉ်းမရှိသောစကားကို ရှုမငြီး နှစ်မြို့နိုင်ခြင်းမရှိဟု ဘုန်းလက်ရှုံးနားလည်လိုက်သည်။

"ထင်ခဲ့သားပဲ. ."

"ဘာဗျ. ."

ဘုန်းလက်ရှုံး ရုတ်တရက်အံ့အားသင့်သွားသည်။

ဒေါသစိတ်က သူ့သွေးကြောထဲပျံ့နှံ့သွားသည်။

"ထင်ခဲ့ရဲ့သားနဲ့ ခင်ဗျားသူ့အချစ်ကို ဥပေက္ခာပြုရက်သလား"

"အချစ်ကို ရှင်ဘယ်လိုနားလည်ထားလို့လဲ. ."

"ကျုပ်ကိုပြန်မမေးနဲ့ ကျုပ်မေးတာပဲဖြေ. ."

"ဒါကတော့ ရှင်တစ်ဖက်သက်အနိုင်ကျင့်တာပဲ. . ရှင်ကျွန်မကို ဘာလို့လက်ထပ်ခဲ့တာလဲ၊ အနိုင်ကျင့်ဖို့သက်သက်ပဲလား၊ ရှင့်အစ်ကိုနဲ့ပတ်သက်ပြီး အနိုင်ကျင့်ဖို့သက်သက်ပဲလား"

ရှုမငြီးက သူ့အားစေ့စေ့ကြည့်ကာမေးလေသည်။

သူက မျက်လုံးစိမ်းဖြင့် စေ့စေ့ပြန်ကြည့်ကာ နာကျည်းစွာဖြင့်. .

"ဟုတ်တယ် ကိုကို့အတွက် မင်းကိုကလဲ့စားချေချင်လို့ လက်ထပ်ခဲ့တာပဲ. ."

"ဟင်. ."





ရှုမငြီး မျက်စိမျက်နှာပျက်သွားပြီး ရုတ်ခြည်းထထောက်သွားဟန်ပြင်ဆင်လိုက်သည်။

"နေဦး ဘယ်မှမသွားနဲ့၊ ခင်ဗျားကို ကျုပ်သွားခွင့်မပြုနိုင်ဘူး"

သူ ခတ်ထန်ထန်တားဆီးလိုက်သည်၊ သို့တိုင်အောင်ရှုမငြီးသည် သူ့စကားနားမထောင်ဘဲ သောင်ပြင်ဘက်ဆင်းချသွားသည်။

သူ့တောက်တစ်ချက်ခေါက်မိလိုက်သည်။ လိုက်ဆွဲကာတားဆီးလိုက်၍ ရှုမငြီးက မခံဘဲရုန်းဖယ်လျှင် ကြွေမြေဖျက်ပေလိမ့်မည်။ ဒေါသဖြစ်ဖြစ်နှင့် သူသွားရာဘက်ကို ငေးကြည့်နေသည်။

လှသလောက် အဆိပ်ပြင်းသော မိန်းမပေပဲ။

ကိုကိုစိုးသာ ဝင်မရှုပ်ခဲ့လျှင် ဤမိန်းမထံက အချစ်တွေကိုရယူပြီးမှ သူ့အသည်းနှလုံးကို မွမွကြေသွားစေရန် သူဖျက်ဆီးမှု က ပထမရည်ရွယ်ချက်. .

ယခုတော့ ကိုကိုစိုးက ဤမိန်းမကို သဘောကျသွားသဖြင့် အမြန်ဆုံးလက်ထပ်ချင်သည်ဟု သိလိုက်ရခြင်းက သူ၏ပထမ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ချိန်မရတော့ဘဲ ဤမိန်းမကို သူလက်ထပ်ခဲ့ခြင်းဖြစ်သည်။

သူ့ထံပါး၌ ကျွန်မယားတစ်ယောက်လို ထာဝရအကျဉ်းချထားလိုက်မည်ဟူသော ရည်ရွယ်ချက်က ရုတ်ခြည်းအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေအရ ပေါ် ပေါက်လာသော နောက်ရည်ရွယ်ချက်ဖြစ်သည်။

ကျွန်မယားတစ်ယောက်။ ခုလောလောလတ်လတ်ပင် သူ့အမိန့်ကိုမနာခံဘဲ ထွက်သွားသည်။

သွားစမ်း. . ဘယ်လောက်အထိ ဘယ်အချိန်ထိသွား နိုင်မလဲ.

အားနွဲ့သော မိမိထက်အင်အားနည်းပါးသော လူတစ် ယောက်ကို ကိုယ်ထိလက်ရောက်စေကားဖို့ကိုတော့ သူမလုပ် ချင်။ သို့သော် ထိုအားနွဲ့သောမိန်းမသားက သူတို့ကဲ့သို့ အင်အား ကြီးမားသော ယောက်ျားသားနှစ်ဦး၏ဘဝကို မွမွချေမှုန်း ပျက် သုဉ်းစေခဲ့ရသည့်အဖြစ်ကိုတော့ သူခွင့်မလွှတ်နိုင် တန်ပြန်ခံစား စေချင်သည်။

အချစ်သည်. . လူ့ဘဝအတွက် အရေးကြီးဆုံးမဟုတ် သော်လည်း တစိတ်တဒေသတော့ အရေးပါသည်။

ရှုမငြီးသည် သူ၏မြင်ကွင်း၌ရှိနေသည်။ ကျောင်းပိတ် ရက်အပန်းဖြေလာဟန်တူသော ကလေးသူငယ်တစ်ဦးနှင့်အတူ ခရုလေးများကို ကူကောက်ပေးနေသည်။

ကလေးက ဝကစ်ကာချစ်စရာကောင်းနေသည်။

နောက် ထိုကလေးနှင့်အတူ ဘောလုံးကိုဆော့ကစား ပေးနေသည်။

တုန်းလက်ရုံး မဲ့ပြုံးပြုံးလိုက်မိလေသည်။

ထိုအပြုံးက သူ့နှလုံးသားကို ထိရှနာကျင်မှုကြောင့် ဖြစ်





ပါလာသောအပြုံးပင်ဖြစ်သည်။

ဪ မိန်းမသားပီပီ မိခင်စိတ်နှင့် ကလေးချစ်တတ် သည်ပေါ့. . ။

ဘုန်းလက်ရုံးရင်ထဲ မီးစနှင့်အထိုးခံလိုက်ရသကဲ့သို့ ပူ လောင်သောဝေဒနာနှင့်အတူ ပင်လယ်ပြင်ကို ကျောခိုင်းကာ ဘယ်ဘက်ပြည်လှည့်ဝင်ခဲ့လေသည်။

အခန်းထဲရောက်သည်နှင့် ရေခဲသေတ္တာကိုဖွင့်ကာ. . ကို ပုလင်းဖွင့်ကာ ရေခဲရေနှင့်ရောစပ်သောက်ရင်း ခံရခက် သောဝေဒနာဆိုးများကို မေ့ပျောက်ပစ်ရန်ကြိုးစားလိုက်လေ သည်။

မူးလာလျှင် ခံရခက်သောဝေဒနာတို့ လျော့ပါးသွားလိမ့် မည်ဟု သူယုံကြည်မိလေသည်။ ထို့ကြောင့်. .

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

“ညီလေး. . ရှုမငြိုး ကိုကို့ကို ရက်စက်တယ်ကွာ”

“ဗျာ. . ကိုကို”

လက်ျာက အရက်ကလေးဝင်လာသည်နှင့် ရှုမငြိုး... ချင်း၊ လွမ်းချင်းကို ရေရွတ်လေတော့သည်။

“ရှုမငြိုး. . သူ့အတွက် ကိုကိုဘယ်လောက်ခံစားနေ... တယ်ဆိုတာကို သူနားမလည်ဘူးလားကွာ၊ မဟုတ်ပါဘူး...





...လည်မှာပါ. . သက်သက်မဲ့ သူရက်စက်တာ. . ”

“သူနားမလည်လို့နေမယ်၊ သူဘယ်မှာလဲ သူ့လိပ်စာ ... . . ကိုကို သူ့ကိုဘယ်လောက်ချစ်တယ်၊ သူ့အတွက် ကိုကို ...ဘယ်လောက်ခံစားနေရတယ်ဆိုတာကို ကျွန်တော်သွားပြော ...မယ်လေ. . . ”

“သူသိတယ်. . ကိုကို သူ့ကိုချစ်တာ သူသိတယ် ဒါပေ ...့ သူက လက်မထပ်နိုင်ဘူးတဲ့. . ”

“ဘာဖြစ်လို့ လက်မထပ်နိုင်ရမှာလဲ၊ ကိုကို့လို ဆရာဝန် ...ယောက်ကို. . ”

“အေး. . ဘာကြောင့် ကိုကို့အပေါ် စိမ်းကားရက်စက် ...တယ်ဆိုတာ ကိုကိုလည်းမသိဘူး”

“သိအောင်ကြိုးစားပေါ့ ကိုကိုရာ”

“ကြိုးစားတယ် အကပ်မခံဘူး၊ ခု နောက်တစ်ယောက် ...တွဲနေပြန်ပြီကွာ. . ”

“ဟာ. . ဒီမိန်းမမျိုး မေ့ပစ်လိုက်ပါ ကိုကိုရာ. . ”

ထိုစဉ် ဘုန်းလက်ရုံးအသက် နှစ်ဆယ့်တစ်နှစ်သာရှိ ...သည်။ အမေရိကားသို့စီးပွားရေးပညာ သင်ယူနေစဉ်ကာလ ...ကျောင်းပိတ်ရက် အိမ်သို့ပြန်လာစဉ်ဖြစ်သည်။

အရက်ကိုအဖော်ပြုရင်း အသည်းကွဲနေသော အစ်ကို ...သူ မင်းလက်ျာကိုတွေ့လိုက်ရသည်။ မိဘနှစ်ပါးကလည်း ...အမေရိကားသို့ ရောက်နေသည်။ အဖိုးအဖွားနှင့် သူတို့မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သာရှိသော အိမ်ကြီးအတွင်း အဖိုးအဖွားကလည်း အသက်ကြီးပြီဖြစ်၍ သိပ်အပြောအဆိုမရှိတော့ ကိုကိုသည် ဆေးခန်းပင် မထိုင်တော့ဘဲ စိတ်လေလွင့်နေသည်။

ဟိုတယ်များသို့သွား၊ အရက်သောက်၊ မူးပြီးပြန်လာ၊ ဒရိုင်ဘာဦးလေးကြီးက အိပ်ရာထဲပို့ပေးနှင့် သံသရာလည်နေခဲ့သည်။

သူရောက်လာတော့ ကိုကိုမင်းလကျ်ာ ထိုသို့ဖြစ်သည်မှာ နှစ်ပတ်မျှသာရှိသေးသည်ဟု သိရသည်။

"တော်ပါတော့ ကိုကိုသိပ်များနေပြီ"

"မေ့လို့မရဘူး ရှုမငြိုးကို ကိုကိုသိပ်ချစ်တယ်. . ချစ်တယ်ကွာ၊ သေတာတောင် မေ့မှာမဟုတ်ဘူးကွာ၊ အဲ့ဒီအထိ ချစ်တယ်၊ ဒါတွေကို သူနားမလည်ဘူးလား၊ ခံစားချက်မရှိဘဲ ယောကျ်ားတွေကို အရူးလုပ်ဖို့သက်သက် သူတဲ့တာလားကွာ"

"ဟာ. . အသည်းနှလုံးမရှိတဲ့မိန်းမကို မေ့ပစ်လိုက်စမ်းပါကိုကိုရာ. ."

အစ်ကိုလုပ်သူက သောက်ပြီးတော့ ရှုမငြိုးတမ်းချင်းတွေရေရွတ်၊ သူက အေးသောတိုင်းပြည်နေသော်ငြားလည်း အရက်မသောက်ခဲ့၊ အရသာခါးသက်သက်ပူးရှိန်းစူးရှပြီး လူကို မူးယစ်စေသော ထိုအရက်အရသာမျိုးကို သူ မနှစ်သက်၍ လုံးဝမသောက်ခဲ့၊ ယခုလည်း ရန်ကုန်ပြန်ရောက်သည့်အချိန် အခိုက်အတန့်၌ အစ်ကိုနှင့်အတူ အဖော်လိုက်ရင်းမှ အစ်ကိုဖြစ်သူ၏





အသည်းကွဲဇာတ်လမ်းကို ဖန်တီးသူမှာ ရှုမငြိုးမှန်း သိရလေသည်။

"မေ့လို့မရဘူး၊ ပြောသွားတယ် လွယ်လွယ်လေး ပြောသွားတယ်. ."

"ဘယ်သူကလဲ. ."

"ရှုမငြိုးကလေ၊ ကိုကို သိပ်ချစ်ရတဲ့ ရှုမငြိုးကပေါ့ကွာ"

"အရက်မူးနေသူအား Follow လိုက်ပေးရင်း ထိန်းသိမ်းရသည့်အလုပ်က မလွယ်ကူ။

"ကျွန်မ ဝမ်းနည်းပါတယ် ကိုမင်းလကျ်ာ၊ ကျွန်မ ရှင့်ကိုဘယ်လိုမှ ခံစားလို့မရနိုင်တဲ့အတွက် ခွင့်လွှတ်ပါ၊ ကျွန်မကိုနောက်ထပ်တွေ့ဆုံဖို့ မကြိုးစားပါနဲ့တဲ့လေ. . အဟင်းဟင်း"

ရယ်တာလား ငိုတာလား ဘုန်းလက်ရုံး ကွဲပြားစွာမသိ။ မင်းလကျ်ာထံမှ တဟင်းဟင်းရယ်သံလိုလို ငြီးတွားသံနှင့်အတူ မှေးစင်းနေသောမျက်ဝန်းဝယ် မျက်ရည်များက ပြည့်လျှမ်းနေသသည်။

ယောကျ်ားမျက်ရည်. .။

ယောကျ်ားမျက်ရည်သည် တော်ရုံနှင့်မကျ။ အတော့်ကိုထားရ၍သာ ကျဆင်းခြင်းဖြစ်သည်။

အစ်ကိုဖြစ်သူကိုကြည့်ပြီး ကရုဏာဒေါသနှင့် ယူကြုံးမရဖြစ်မိလေသည်။ ဆရာဝန်ဘွဲ့ရပြီးပြီ၊ ပါရဂူဘွဲ့တောင် ထပ်ယူဖို့ဘာကအားထားသည်။ ယခုတော့ သူက မိန်းမတစ်ယောက်အ



www.burmeseclassic.com

www.burmeseclassic.com



တွက် သူ၏အဖိုးတန်အချိန်များကို ဖြုန်းတီးပစ်နေသည်။

"ကိုကို ခင်ဗျားယောကျ်ားမဟုတ်ဘူးလား"

"ဟုတ်တယ် ယောကျ်ား၊ ယောကျ်ားဖြစ်လို့ သိပ်လှတ
မိန်းမတစ်ယောက်ကို ချစ်မိတယ်၊ ချစ်မိလို့ရယူချင်တယ်၊ ပို
ဆိုင်ချင်တယ်၊ ပိုင်ဆိုင်ခွင့်မရတော့ ခံစားရတယ်ကွာ၊ လူမိုက်တ
ယောက်လို ရှေ့နောက်မစဉ်းစားဘဲ ရယူသိမ်းပိုက်ချင်တယ်ကွ
ဒါပေမယ့် အဲ့ဒီလိုလုပ်ဖို့ သူ့အမုန်းကိုလည်း ငါမခံစားရဲ
ညီလေးရ. ."

"တော်ပါတော့. . ကိုကိုများနေပြီ ပြန်ကြရအောင်"

"နေပါဦး. . ငါ့အာရုံမှာ သူ့ကိုဖျောက်လို့မရသေးဘူ
ပျောက်သွားအောင် သောက်ပါရစေဦး"

သူစိတ်ရှုပ်ထွေးနေသည်။ အသက်(၂၀)ရှိသောသူသ
ရည်းစားမရှိခဲ့သော်လည်း အနောက်တိုင်း၌ ပညာသင်ယူနေ
ဖြစ်သဖြင့် Girl Friend များတော့ရှိခဲ့သည်။ သို့သော်. . သူ
ထုံးစံကိုမလိုက်လျော၊ မိမိနိုင်ငံက ထုံးစံမျှလောက်သာ သူတို့
သူငယ်ချင်းပေါင်းပေါင်းခဲ့သည်။ အချိန်တန်၍ ပညာစုံ၍ အ
မြန်မာပြည်သို့ပြန်ရောက်လျှင် အင်မတန်လှပ သိမ်မွေ့နူးည
မြန်မာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ပေါက်ဖွားလာသေ
ပညာတတ်မြန်မာမိန်းမကိုသာယူမည်ဟူသော ရည်ရွယ်ချက်
သူ့နှလုံးအိမ်၌ သိမ်မွေ့စွာ စိတ်ကူးအိမ်လေး၌ သော့ခတ်သိ
ဆည်းထားခဲ့သည်။





ယခု အစ်ကိုဖြစ်သူ၏ အခြေအနေဆိုးကိုမြင်တွေ့ရ
သော့ သူ၏ခံယူချက်က ပို၍ပြင်းထန်လာသည်။ တကယ့်ကို
မိန်းကလေးကို ရှာဖွေရမှာပဲဖှ. .။

ထိုည ဆယ့်တစ်နာရီကျော်မှ အစ်ကိုဖြစ်သူ စားပွဲပေါ်
ခေါင်းငိုက်ဆိုက်ကျသွားခဲ့သည်။

အစ်ကို့ကို စားပွဲထိုးအကူအညီနှင့်တွဲပြီး ကားပေါ်ပို့ရ
သည်။

ကားနားရောက်တော့ အစ်ကိုလုပ်သူက ဂဂျီဂကျောင်
နားပြန်သည်။

"ငါမောင်းမယ် ညီလေး"

"ဘယ်ဖြစ်မလဲ ကျွန်တော်မောင်းမယ်"

"ငါ ရှုမပြီးအိမ်သွားမယ်၊ ရက်စက်မှုအပေါင်း သရဖူ
ဆောင်းခဲ့တဲ့ ဒင်းကို ငါခံစားနေရတာတွေ ပြောပြမယ်ကွာ. ."

ပြောပြောဆိုဆို ဒရိုင်ဘာနေရာဝင်ယူသည်။

"ဒုက္ခပါပဲ. . ဖယ်စမ်းပါ ကိုကိုရာ ကျွန်တော်မောင်းပါ့
မယ်. ."

"မင်းမောင်းလို့မဖြစ်ဘူး. . မင်း လမ်းမသိဘူး"

"ပြောပြပေါ့ဗျာ. ."

ဖယ်ခိုင်း၍မရ. . မတတ်သာသည့်အဆုံး လိုက်လျော
လိုက်သည်။ ထိုလိုက်လျောလိုက်ရမှုက သူတို့ဘဝတစ်ခုလုံး
အမှောင်ထုသို့ တိုးဆင်းသွားစေသည့် ပြင်လို့မရသော အမှား



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ဖြစ်သွားခဲ့လေသည်။

ရှုမငြီးတမ်းချင်းကို နာနာကျည်းကျည်းရေရွတ်ရင်း သတိလက်လွတ်ဖြစ်နေသော မင်းလက်ျာသည် လမ်းဆုံတစ်ခု၌ တစ်ဖက်လမ်းကျယ်မှလာသောကားကို ဦးစားမပေး မမြင် ဟွန်းသံမပေးဘဲ မောင်းချလာရာ. .

"ဟာ. . ကိုကို. ."

သူ့သတိပေးကာ လှမ်းပြီးထိန်းလိုက်သော်လည်း နောက် ကျသွားလေပြီ။

"ဝုန်း. ."

မိုးကြိုးပစ်သံအလား ဆူညံသောပေါက်ကွဲထိခိုက်မှု နှင့်အတူ သူ့တစ်ကိုယ်လုံးလည်း မြောက်တက်သွားလေသည်။


ပြာဝေသောအကြည့် နာကျင်မှုက မခံမရပ်နိုင်သည့် ကြားက အစ်ကိုဖြစ်သူကို ရှာဖွေလိုက်ဘည်။ သွေးသံရဲရဲကြား နှုတ်ခမ်းလှုပ်ကာ တစ်စုံတစ်ဦးကို တမ်းတမ်းတတခေါ်နေသည်။

"ရှုမငြီး. ."

နောက် သူဘာမှမသိတော့ အမှောင်ထုကြီးအတွင်း နက်ရှိုင်းစွာ ထိုးဆင်းကျသွားလေတော့သည်။







# အခန်း(၁၄)

"အား. . ကိုကို. . ကိုကို"

အသံနက်ကြီးနှင့်လန့်အော်ရင်း ခေါင်းအုံးပေါ်မှ ခေါင်း တခါခါဖြစ်ကာ ရှုန်းကန်ရုန်းကြီးစားနေသော ဘုန်းလက်ရှုံးကို ကြည့်ကာ ရှုမငြီး ဖတ်လက်စစာအုပ်ကို ပစ်ချပြီး သူ့အနီးသို့ ချဉ်းကပ်လိုက်သည်။

"ရှင်. . ရှင် ဘာဖြစ်တာလဲ. ."


www.burmeseclassic.com

www.burmeseclassic.com



ဖောခွေးများနှင့်အတူ ရှန်းကန်သလိုဖြစ်နေသော ဘုန်းလက်ရုံးကိုကြည့်ပြီး အလန့်တကြားမေးလိုက်သည်။

"ရေ . . ရေ . ."

ရှုမငြိုး ရေခဲရေတစ်ခွက် ငှဲ့ပေးလိုက်သည်။ ဘုန်းလက်ရုံး ကုတင်ထက်ငုတ်တုတ်ထိုင်နေပြီး ပတ်ဝန်းကျင်ကို ကြောင်ကြောင်စီစီလေး ဝေ့ဝဲကြည့်လိုက်သည်။

"အိပ်မက်ဆိုးမက်လို့လား"

ရှုမငြိုးက ရေခွက်ကမ်းပေးရင်း မေးလိုက်သည်။ သူ့အမေးကို ဘုန်းလက်ရုံးမဖြေနိုင်သေး၊ ရေတစ်ခွက်ကို ကုန်အောင်သောက်လိုက်သည်။

ထိတ်လန့်တုန်လှုပ်ခြောက်ခြားမှုမျိုးသည် ယောက်ျားတွေမှာလည်း ရှိတတ်လိမ့်မည်ဟု ရှုမငြိုးစစ်ခါမှ တွေးထင်မထားခဲ့ချေ။ ဖောခွေးများဖြင့် ချွေးသီးချွေးပေါက်ကျနေသော သူ့ မျက်နှာနှင့် လည်ပင်းတလျှောက်ကို မွှေးပုဝါလေးဖြင့် သုတ်ပေးလိုက်မိသည်။

"ဖယ်စမ်း . . ခင်ဗျား ကျုပ်အသားကိုမထိနဲ့ . ."

သူ၏ ပုတ်ခတ်ဖယ်ရှားလိုက်မှုကြောင့် ရှုမငြိုး ညာလက်ဖမိုးလေး နာကျင်သွားပြီး ပုဝါလေးလည်းလွင့်ကျသွားသည်။

"ရှင် . ."

သူက ဖန်ခွက်ကို စားပွဲပေါ်တင်လိုက်ပြီးနောက် ကုတင်ပေါ်မှဆင်းကာ ပြူတင်းပေါက်၌သွားရပ်သည်။





ညအမှောင်ထုပင်ဖြစ်လင့်ကစား စိုးမိုးထားသော ကြယ်အလင်းရောင်တို့ကြောင့် ပင်လယ်ပြင် လေလှိုင်းကြက်ခွပ်ကလေးများသည် ဖိတ်ဖိတ်တောက်လင်းလက်လျှက်ရှိသည်။

ရှုမငြိုး သူ့နောက်ပါးမှနေ၍ လှမ်းမြင်ရသောပင်လယ်ပြင်ကိုကြည့်မိရင်း ရင်ထဲ၌နင့်နင့်သီးသီး စူးရှနာကျင်လာသည်။

ရှုမငြိုး စာနာတတ်ပြီ။

ချစ်သူ၏ ရက်စက်မှု ဥပေက္ခာပြုမှုကို ခံစားရသူတို့၏ နှလုံးသားဝယ် ထိရှနာကျင်မှုမှာ ခန္ဓာကိုယ်ပေါ်မှအနာတရမျိုးနှင့် လုံးဝမတူ၊ ခန္ဓာကိုယ်ပေါ်မှ အနာတရသည် ခံရလျှင် ခဏသာဖြစ်ပေလိမ့်မည်။

ယခုတော့ သူ၏စေတနာမေတ္တာယိုစိမ့်မှုဖြင့် ဘုန်းလက်ရုံးအပေါ် ယုယကြင်နာမှု အစပျိုးလိုက်သည်။ ထိုအပြုအမူကို လက်မခံဘဲ ဘုန်းလက်ရုံးပြုမူလိုက်မှုက သူ့နှလုံးသားကို ပုတ်ခတ်ထုတ်လိုက်သလို နာကျင်သွားသည်။

"ကျုပ်လမ်းလျှောက်ထွက်မယ် ခင်ဗျားအိပ်နှင့် သော့ခတ်သွားမယ်"

လှည့်မကြည့်ပဲပြောကာ ညအိပ်အင်္ကျီနှင့် အပြင်ဝတ်ကို လဲလှယ်လိုက်သည်။

"ကျွန်မလည်းလိုက်မယ် . "

"မလိုက်နဲ့ ကျုပ်တစ်ယောက်တည်းပဲလျှောက်ချင်တယ် . . ခင်ဗျားအနားမှာနေရတာ ကျုပ်သိပ်ပူလောင်တယ် . "



www.burmeseclassic.com

www.burmeseclassic.com



ရှုမငြိုး ရင်နာ့နာနှင့်မဲ့ပြုံးပြုံးကာ. .

“ဒါဖြင့် ဘာဖြစ်လို့ယူထားသေးသလဲ. .”

“မုန်းလို့. .”

“ဟင်. .”

ပြောပြောဆိုဆို တံခါးဖွင့်ထွက်ကာ ဝုန်းခနဲပြန်ပိတ်သွားလေသည်။

ရှုမငြိုးမှာ ကြက်သေသေကျန်ရစ်ခဲ့သည်။

မိန်းမကို မုန်းလို့လက်ထပ်ယူသည့်ယောက်ျား ဒီတစ်ခါတည်းကြားဖူးသည်။

စောစောက ဘုန်းလက်ရှုံး၏ နောက်ကျောပြင်ကို မြင်ကွင်းမှပျောက်ကွယ်မသွားမချင်း ငေးမိနေခြင်းဖြစ်သည်။ ငေးရင်းမှ မျက်ရည်စတို့က အတားအဆီးမဲ့စွာ ကျလာသည်။

သူက ရှုမငြိုးကိုမုန်းသော်လည်း ရှုမငြိုးကတော့ သူ့ကိုချစ်မိသွားလေပြီ။ အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးအုပ်ရမည်လား။

ချင်းစိမ်းနှင့်မိတ်သလင် သူကြင်မှကိုယ်ကြင်ရမည်လား။

ဘာပဲဖြစ်ဖြစ် သူ့ကိုဘုန်းလက်ရုံးမုန်းတီးရခြင်း၏ အကြောင်းအရင်းကိုတော့ သိအောင်စုံစမ်းရမည်။

မင်းလကျာ၏ချစ်ခြင်းကို ငြင်းပယ်ရုံမျှလောက်နှင့် ရှုမငြိုး၌ အပြစ်မရှိဟုထင်ပါသည်။ ထိုအဖြစ်မျှလောက်နှင့် ဘုန်းလက်ရုံး သူ့အပေါ် မုန်းတီးသည်ဆိုလျှင် မတရား။

ရှုမငြိုး အတွေးတို့ချာချာလည်ရင်း အိပ်မပျော်နိုင်ချေ။





အိပ်မက်ထဲ လမ်းလျှောက်သူပမာဖြစ်နေခဲ့သော ဘုန်းလက်ရုံးသည် သန်းခေါင်ကျော်မှပြန်ရောက်လာသည်။

“ခင်ဗျား မအိပ်သေးဘူးလား”

“အင်း. .”

“ဘာဖြစ်လို့လဲ. .”

“ရှင့်ကိုစောင့်နေတာ. .”

“ကြိုက်သွားပြီ. . ဟုတ်တယ်ခင်ဗျား အမြဲတမ်းပဲ ကျုပ်မအိပ်မချင်း စောင့်နေပေးရမယ်၊ ကျုပ်အနားမှာ ကျုပ်လိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးရမယ်၊ ခင်ဗျားဘဝဟာ. . ကျုပ်ရဲ့အနှုန်း အကျဉ်းထောင်မှာ တစ်သက်လုံးလွတ်ရက်မရှိ နေသွားရမယ်”

ရှုမငြိုးကို အမွှမပွေ့ဖက်ပြီးနမ်းရှုံ့ကာ ပြောဆိုနေသော စကားများကို ရှုမငြိုး မကြားတစ်ချက် ကြားတစ်ချက်နှင့် သူ၏ အမူရှုထိုးဆန်ဆန် အပြုအမူတို့အောက်ဝယ် ရှုမငြိုး မျက်ရည်များနှင့်အတူ တစ်ညတာကို ဖြတ်ကျော်ရပေဦးတော့မည်။

ပင်လယ်ကဗွီးပင်၊ အုန်းပင်၊ ပုန်းညက်ပင်ကြီးတို့က ပင်လယ်လေကို ဖြတ်သန်းတိုက်ခတ်လာသော လေကြမ်းလေရမ်းတို့ကို တဟီးဟီး တဟဲဟဲ ရန်လုပ်ရင်း ညချမ်းသည် မှောင်မိုက်ခြင်း အတိဖြင့်သာ. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ပေလီ၌ ငါးရက်ဟူသောအချိန်သာ ကုန်ဆုံးခဲ့သည်။ ရှုမငြိမ်းသိလိုသော အကြောင်းအရာတို့ကို သူဘာမှမပြောချေ။

သူပြောချင်မှပြောသည်။ ရှုမငြိမ်းမေးလျှင် ဖြေချင်မှဖြေသည်။ တကယ့်ကို လင်ကိုကြောက်ရွံ့နေရသော မယားသဖွယ် မျိုး သူဖြစ်နေခဲ့သည်။ ရှုမငြိမ်း သည်းခံလိုက်သည်။ ဘုန်းလက်ရုံး၌ နာကျည်းဖွယ်ရာအတိတ်တစ်ခု ရှိနေလိမ့်မည်။





ထိုအတိတ်သည် မင်းလက်ျာနှင့်ပတ်သက်ဖို့သာများသည်ဟုတော့ တွေးထားပြီးသားဖြစ်သည်။

ရန်ကုန်ပြန်ရောက်တော့မှ ရှုမငြိမ်းတွေးထင်ထားချက်တို့ နှောင်းကန်လေပြီဟု သိလိုက်ရသည်။

"လူလေး. . ဆရာကြီးဆီက ဖုန်းလာတယ်၊ မမကြီးဆီ အကောပဲ. ."

"ဘာတဲ့လဲ. ."

ဒေါ်ကြီးညိုက ရှုမငြိမ်းကိုကြည့်လိုက်ပြီး ပြောသင့်မပြောသင့်ချိန်ဆနေဟန်တူသည်။ ရှုမငြိမ်းအပေါ် အားတုံ့အားနာ ဖြစ်နေပုံရသည်။

"ပြောပါ ဒေါ်ကြီး၊ သူ့ကို အရေးစိုက်စရာမလို့ဘူး"

ရှုမငြိမ်းရင်ထဲ အောင့်သက်သက်ဖြစ်သွားသည်။ ဘုန်းသက်ရုံး၏စကားသည် ဇနီးသည်၏ဂုဏ်သိက္ခာကိုချလိုက်ခြင်းဖြင့် သူ၏ ဂုဏ်သိက္ခာကိုပါ ကျဆင်းသွားစေသည်ကို ပညာတတ်ဖြစ်သောသူ့ အနေနှင့် သိသင့်ပါသည်။

"ဘယ်ဟုတ်ပါ့မလဲ လူလေးရယ်၊ ကပါ ဆရာကြီးတို့က သူလေး မိန်းကလေးကိုလက်ထပ်လိုက်ခြင်းအတွက် နားမလည်နိုင်သလို အသိအမှတ်မပြုနိုင်ဘူးတဲ့. ."

"ဟင်. ."

"ရှင်. ."

ရှုမငြိမ်းရင်ထဲ အပြင်းထန်ဆုံးသောနာကျင်မှုကို ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



သောစကားပင်. .

သိမ်ငယ်လိုက်သည့်ဖြစ်ခြင်း. .

တကယ့်ကိုပင် သူ့ကြောင့်ခံစားခဲ့ရဖူးသူတို့၏ ကျိန်စာသည်များ သူ့အပေါ်တွင် စူးရှစွာသက်ရောက်နေပြီလား။

"အဘကော ဒီကိစ္စကိုသိသလား အဘစီစဉ်ပေးလိုက်တာလို့ မပြောဘူးလား"

ဘုန်းလက်ရုံးသည် သူ့မိဘများ၏ သဘောဆန္ဒမပါဘဲ သူ့အားလက်ထပ်ခြင်းပါလားဟု သိလိုက်ရသည်။

ယူကြုံးမရစိတ်၊ နောင်တစိတ်များရောပြွမ်းကာ. . ဆောက်တည်ရာမဲ့ခံစားလိုက်ရသည်။ ရပ်တည်၍မရသည့်အဆုံး အပေါ်ထပ်သို့ပြေးတက်ခဲ့သည်။

ကုတင်ထက် ဝမ်းလျားထိုးချလိုက်ပြီး ခေါင်းအုံးနှင့်မျက်နှာအပ်ကာ ငိုကြွေးလိုက်သည်။ သူ့အသည်းနှလုံးကို မာကြောခိုင်ခံ့လိမ့်မည်ဟု ထင်ထားခဲ့ရသမျှတို့သည် တကယ်တမ်း အချစ်နှင့် ရင်ဆိုင်လိုက်ရသောအခါ သည်းကြွေလုမတတ်ခံစား ငိုကြွေးလိုက်ရလေပြီ။

အတန်ကြာအောင်ငိုကြွေးရင်း မျက်ရည်ခမ်းစပြုချိန်တွင် အနားသို့ တစ်စုံတစ်ဦးရောက်လာသည်။

ဒေါ်ကြီးညိုဖြစ်နေသည်။

"မိန်းကလေး"

Snow Towel လေးဖောက်ကာပေးပြီး ကုတင်စွန်း၌





ထိုင်လိုက်သည်။

ရှုမငြီး ထထိုင်ပြီး မျက်ရည်များစိုစွတ်နေသောမျက်နှာကို သုတ်ပစ်လိုက်သည်။

"မိန်းကလေး. သိပ်ခံစားနေရမယ်ဆိုတာ ဒေါ်ကြီးသိပါတယ် စိတ်လည်းမကောင်းဘူး"

"သူကော. ."

"ဆရာကြီးဦးဘအိုဆီ ထွက်သွားတယ်. . ၊ အဘက ဒီတစ်ရောက်ခြင်းလာခဲ့ဖို့မှာထားတာကိုး သူဆင်ထားတဲ့ဇာတ်ကို သူနိုင်နင်းအောင် ကနိုင်သရွေ့ ကပေရတော့မှာပေါ့"

ရှုမငြီး ဘုန်းလက်ရုံးထံမှ သိခွင့်မရသေးသော အကြောင်းအရာတို့ကို ဒေါ်ကြီးညိုထံမှ သိခွင့်ရတော့မည်ဟု တွက်ဆလိုက်မိသည်။

"ကျွန်မ ဘာကိုမှ နားမလည်တော့ဘူး ဒေါ်ကြီးရယ်"

"အဲဒါကိုက မိန်းကလေးမှားတာ၊ လူလေးက မိန်းကလေးကို ဘာရည်ရွယ်ချက်နဲ့ လက်ထပ်တာလဲဆိုတာကို ကြိုတင်မသိခဲ့ဘူးလား. ."

"ဟင့်အင်း. . ဒေါ်ကြီးသိလားဟင်. ."

"အင်း. ."

ရှုမငြီး မိမိကိုယ်ကို အပြစ်တင်လိုက်သည်။ အပြင်လူတွေတောင် သိထားသည့်ကိစ္စကို မိမိကဘာကြောင့်မသိရသလဲ။ လူကဲခတ် ဉာဏ်မျှအထိညံ့ဖျင်းရသလား။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး. . ကျွန်မလေ အရမ်းကိုခံစားရတယ် ဓာ ကြောလှမြို့ထင်ထားတဲ့ ကျွန်မအသည်းနှလုံးတွေဟာ သူနဲ့တွေ့ မှပဲ ဖယောင်းတိုင်လို အရည်ပျော်ကျသွားပြီး သိပ်ကိုခံစား တာပဲ ဒေါ်ကြီးရယ်. . "

ရှုမငြိုးပြောရင်း ရင်ထဲလှိုက်ဖိုတက်လာသဖြင့် ကြေ ပွင့်မျက်ရည်စက်တို့က လိမ့်ဆင်းလာခဲ့လေသည်။ အသေးလေး ကို ပင်ကူးစက်သွားပြီး အသေးလေးမှာ ဘုမသိဘမသိ မျက် ရည်ဝဲလာလေသည်။ ပြီးမှ အသေးလေးကို နှုတ်ပိတ်နေဖို့ ကိစ္စမိဘများ နားမရောက်ဖို့အရေးကြီးသည်။

"သားကြီးမင်းလကျ်ာနဲ့ မိန်းကလေး ချစ်သူတွေ ဖြစ် ကြတယ်မဟုတ်လား"

"ဟင်. . မဟုတ်ဘူး၊ ချစ်သူအဆင့်မရောက်ခဲ့ပါဘူး. . boy friend အဆင့်လောက်ပါပဲ၊ တွဲပြီး လှေလာရုံပါပဲ"

"ခက်တယ် မိန်းကလေးရယ်၊ ဒေါ်ကြီးတို့လို ကိုယ့်ကို ကိုတုန့်ဖိုးထားမြတ်နိုးတတ်တဲ့ မိန်းမတွေရဲ့မျက်စိ မြန်မာ့ယဉ် ကျေးမှု ရိုးရာဓလေ့မျက်စိရဲ့အမြင်မှာတော့ မောင်ဘွားအရင်း အချာတွေနဲ့ကလွဲပြီး အခြားသူစိမ်းနဲ့နှစ်ယောက်တည်း တွဲသွား တွဲလာဆိုရင် သမီးရည်းစားပဲသတ်မှတ်ကြတယ်၊ ဒေါ်ကြီးတို့ မိသားစုဘက်က မိန်းကလေးနဲ့ မင်းလကျ်ာကို ချစ်သူလို့ထင်း ကြတာ"

"မဟုတ်ခဲ့ပါဘူး"





"ထားပါတော့လေ ဒီဘက်ကသိတာ မိန်းတလေးက ဆွေဖောက်သွားလို့ မင်းလကျ်ာ ဖေါက်တော်လေးခံစားရပြီး သူ အရက်သောက်ပြီး ဖြေသိမ့်ရှာတယ်၊ အဲ့ဒီမှာပဲ မူးမူးနဲ့ရမ်းပြီး မိန်းတလေးကို တမ်းတရင်း ကားမောင်းပြီး မိန်းကလေးဆီကို သွားမှာ ကားမှောက်သေဆုံးသွားတာ. . "

"ဟင်. . "

"မိန်းကလေး ပယောဂကြောင့်လို့ တစ်မိသားစုလုံးက သတ်မှတ်ကြတယ်. . "

ရှုမငြိုးရင်ထဲ ထိရှမှုဖြင့်နာကျင်လာရာ စကားပင်မပြော နိုင်တော့ဘဲ ရင်ထဲဆို့နင့်သွားသည်။

အလှအားကိုးနှင့် ယောကျ်ားများကို အရူးလုပ်ခဲ့သလို ဖြစ်ခဲ့သော မိမိအပြုအမူအတွက် နောင်တရမိလေသည်။ ယခုမှ ဝေနာတတ်လာပြီး ချစ်တတ်သူတွေ၏ခံစားချက်ကို ကိုယ်တိုင် ခံစားတတ်လာမှနားလည်လာသည်။ စိတ်မကောင်း ခြင်းကြီးစွာနှင့် အတူ မင်းလကျ်ာ၏ပုံတူပန်းချီကားကို မော့ကြည့်လိုက်မိသည်။

"သားကြီးမင်းလကျ်ာဆုံးတော့ သူ့အနားမှာ လူလေး ဘုန်းလက်ရုံးက ရှိနေတယ်၊ သူလည်း ထိခိုက်ဒဏ်ရာရခဲ့တယ်၊ မင်းလကျ်ာရဲ့ ခံစားရမှုအနိဋ္ဌာရုံမြင်ကွင်းကို လူလေးက အနီး ကပ်ဆုံး မြင်တွေ့ခံစားခဲ့ရတော့ ရှုမငြိုးဆိုတဲ့မိန်းကလေးကို သိပ် ဘိုနာကျည်းမုန်းတီးခဲ့တာပေါ့. "

"ဒါ. . ဒါဆို. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မိန်းကလေးကို သူတမင်လက်ထပ်ခဲ့တာ
သူ မိန်းကလေးကို နှိပ်စက်ဖို့ လက်ထပ်ခဲ့တာလို့ဒေါ်ကြီးထ
တယ်"

"ရှင်. ."

ရှုမငြိး ရင်ထဲအောင့်တက်လာသည်။

"ပညာတတ်လူတန်းစားဆိုတော့ မိန်းကလေးကို ကို
ထိလက်ရောက်ညှင်းပန်းနှိပ်စက်မှာတော့ မဟုတ်ဘူး၊ ဒါပေမယ့်
စိတ်ပိုင်းဆိုင်ရာကိုတော့. ."

"တော်ပါပြီ ဒေါ်ကြီးရယ်၊ ကျွန်မ ထင်ထားတဲ့အတိုင်း
ပဲလား"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ သားသမီးဆိုတဲ့နှော
ကြိုးရှိခဲ့ရင်တော့ သူ့စိတ်တွေ ပြောင်းလဲသွားမှာပါ. ."

မိန်းမသားတစ်ယောက်၏ဘဝသည် ဆူးကျလည်းဖက်
ဖက်ကျလည်းဖက်ပါပဲလားဟု သဘောပေါက်လိုက်ပြီး. .

မိမိအမှားက မိမိထံသို့သာ ပြန်လည်ရောက်ရှိတ
သည်ကို ရှုမငြိးသဘောပေါက်လိုက်သည်။

မိမိ၏အပူကို မိဘများထံကူးစက်သွားမှာစိုးရိမ်သည်

"အသေးလေး"

"ရှင်. . မမ. ."

"ဒီအိမ်ကအကြောင်း ငါ့ဘာပဲဖြစ်ဖြစ် မေမေတို့ကိုလုံး
အသိမပေးရဘူးနော် ကြားလား"





"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်မမရယ်၊ ဒါပေမယ့်
စိတ်ဆင်းရဲရမယ်ဆိုရင် ဆရာ့ကိုကွာလိုက်ပါလား"

ရှုမငြိးတုန်လှုပ်သွားသည်။

ထိုစကားကို ဘုန်းလက်ရှုံးလိုလားနေမလား။

မိမိကကော. .။

"မဖြစ်သေးပါဘူး. .၊ ကိုင်း. . ကျွန်မ နားလိုက်ဦးမယ်
ဒေါ်ကြီး၊ ညနေမှပဲ မေမေတို့အိမ်သွားတော့မယ်"

ရှုမငြိး ပြောပြောဆိုဆို အပေါ်တက်ခဲ့သည်။

ဘုန်းလက်ရှုံးက သူ့ကိုမုန်းတီး၍ လက်ထပ်သည့်တဲ့။
သူ့ အစ်ကိုအတွက် ကလဲ့စားချေတာတဲ့လား။ ယောကျ်ားတစ်ဦး
အိမ်ထောင်ကျခြင်းသည် ကံနိမ့်၍ဟု ရှေးလူကြီးများကပြောကြ
သည်။ မိန်းမတစ်ဦး ဇာတာကောင်းလာလျှင် အိမ်ထောင်ကျ
သည်တဲ့ ထိုအယူကို ရှုမငြိးလက်မခံ။ မိမိဘဝသည် တကယ့်ကို
ထောင်နှင့်တူသော အိမ်ထောင်ရေးအကျဉ်းထောင်ထဲကို ကျ
ရောက်ခဲ့လေသည်။

သို့သော် ထိုအိမ်ထောင်ရေးကို မိမိရင်ထဲက လိုလားစွာ
ခဲ့သည်။ ဘုန်းလက်ရှုံး၏ ပိုင်စိုးခြင်းကို မိမိကိုယ်တိုင်လိုလားခဲ့
၍ ဤကိစ္စဖြစ်မြောက်လာခြင်းဖြစ်ကြောင်းကို ဘယ်သူမှသိနိုင်
မည်မထင်ပါ. .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

အဘဦးဘအိုထံမှ ပြန်ရောက်လာပြီးနောက်. . ဘုန်း
လက်ရုံး စိတ်လေးသွားသည်။

မိဘများက ရှုမငြိးကို ကွာရှင်းပေးဖို့တောင်းဆိုသည့်တဲ့

အဘဦးဘအိုက ကိုကိုလကျာသေဆုံးမှုတွင် မိန်းက
လေးတစ်ဦး၏ ပယောဂကြောင့်ဟုသာ အကြမ်းဖျင်းသိထား
သည်။ ဂယနဏာမသိချေ။





ထိုမိန်းကလေးမှာ ရှုမငြိးဖြစ်နေကြောင်း သိရသောအ
ခါ. .

"ငါတစ်သက် တပည့်သားချင်းတွေရဲ့အပေါ် ပေးခဲ့တဲ့
အကူအညီ တစ်ခါမှမမှားယွင်းခဲ့ဖူးဘူး လူလေး၊ မင်းနဲ့တွေ့မှပဲ
အမှားတစ်ခုကျူးလွန်သလိုဖြစ်သွားပြီ၊ မင်းဘာရည်ရွယ်ချက်
နဲ့ငြိုးကို လက်ထပ်ခဲ့တာလဲ. ."

"ချစ်လို့ပါ."

ဘုန်းလက်ရုံး မုသားသုံးလိုက်သည်။

"ဟော. . မင်းလကျာသေတာ. . သူ့ကြောင့်သေသွား
တယ်ဆိုတာ၊ အင်းလေ. . သူ့ကြောင့်လို့ တိုက်ရိုက်မစွပ်စွဲတဲ့တိုင်
အောင် သွယ်ဝိုက်သောနည်းအရတော့ သူ့ပယောဂကြောင့်လို့
ပြောလို့ရတယ်၊ အဲ့ဒီမိန်းကလေးမှန်း မင်းမသိဘူးလား"

"နောက်တော့မှသိပေမယ့် ကျွန်တော်က ချစ်မိသွားပြီ
ပြီး အဘရယ်. ."

ဘုန်းလက်ရုံးသည် မာယာပရိယာယ်ကြွယ်တတ်လာပြီ။

"ဒါကြောင့် မေမေတို့ကနေ့ကွက်မှာစိုးလို့ အဘကို အကူ
အညီတောင်းပြီး အမြန်ဆုံးလက်ထပ်ရတာပေါ့. ."

"အင်း. ."

အဘအို သက်ပြင်းအရှည်ကြီးချလိုက်သည်။ နောက်မှ
တစ်လုံးခြင်း. .

"အင်း. . ဒါကြောင့် ရှေးလူကြီးတွေက ကြားသုံးကြားမ



www.burmeseclassic.com

www.burmeseclassic.com



ဝင်နဲ့လို့ မှာသွားခဲ့တာကိုး"

"ကျွန်တော် ရှုမငြီးကို ကွာမပေးနိုင်ဘူးအဘရယ်"

"အင်းလေ အိမ်ထောင်မှုဘုရားတည် ဆေးမှင်ရည်စုတ် ထိုး ဤသုံးမျိုး နောင်ပြင့်ရန်ခက်တဲ့အမျိုး. . ပေပဲ ဘယ်တတ်နိုင် တော့မလဲလေ၊ မင်းမိဘများလည်း သမီးရှိတဲ့သူပေပဲ သမီးချင်း ကိုယ်ချင်းစာဖို့ ငါဆုံးမလိုက်ပါတယ်၊ မင်းသာ မိန်းကလေးအပေါ် နှမချင်းစာနာပြီး ခွင့်လွှတ်မြတ်နိုးသွားမယ်ဆိုရင်. . ခုကိစ္စဟာ လည်း အဘမမှားဘူးလို့ အဘလိပ်ပြာ အဘလုံချင်တယ်ကွာ"

ဘုန်းလက်ရုံး မလုံမလဲဖြစ်သွားသည်။ သို့သော် ဟန်မ ပျက်ပင်. .

"စိတ်ချပါ အဘမျက်နှာမပျက်စေရပါဘူး၊ ကျွန်တော် သူ့ကို သေတပန်သက်တဆုံး ပေါင်းဖော်သွားမှာပါ"

"အင်း. . သားသမီးသံယောဇဉ်ရခဲ့ရင် မင်းတို့နှောင် ကြိုးဟာ ပိုခိုင်မာသွားမှာပါ"

ဘုန်းလက်ရုံး မျက်နှာတစ်ခုလုံး ရဲတွတ်သွားသည်။ မျက် ဝန်းပင် ပူစပ်ပူလောင်ဖြစ်လာသကဲ့သို့ ခံစားလိုက်ရသည်။

သူအဘအိုကို လက်ဆောင်တွေပေးကာ ကန်တော့ပြီး ပြန်လာသာလာခဲ့ရသည်။ အိမ်ကိုမဝင်ချင်သေးသဖြင့် ကုမ္ပဏီ သို့ တန်းလာခဲ့ပြီး. . လုပ်စရာအလုပ်များနှင့် ညွှန်စရာများကို တောက်လျှောက်ညွှန်ကြားခြင်းဖြင့် အချိန်များကိုသုံးပစ်လိုက် သည်။





ညနေအိမ်ပြန်ရောက်တော့ ရှုမငြီးကိုမတွေ့ရသဖြင့် ဒေါ်ကြီးညိုအား. . .

"ဒေါ်ကြီး. . သူကော"

"မိန်းကလေး သူ့မိဘအိမ်သွားတယ်"

"ဟင်. . အဲဒီလိုသွားတော့ကောင်းမလား၊ လင်စုံမယား ဖက်ရှိတာကို သူ့မိဘတွေ အထင်လွဲမှာပေါ့. ."

"ဒီလိုဆိုလည်း လိုက်သွားလိုက်လေ လူလေးရယ်. ."

"နေပါစေတော့ အမှန်ဆို သူစောင့်နေသင့်တယ်"

"လူလေးဘယ်အချိန်ပြန်လာမယ်မှန်းမှ မသိတာ၊ ကိုင်း ထမင်းစားတော့မလား"

"မစားတော့ဘူး အပြင်ပြန်ထွက်မယ်၊ အဲဒီမှာပဲစားမယ် ညဆယ်နာရီလောက်မှ ပြန်လာမယ်နော်. "

"အေး. . ဩော် လူလေးအချိန်ရရင် ဒေါ်ကြီးပြောစရာ ရှိတယ်. ."

"ဘာများလဲ ဒေါ်ကြီး"

ဒေါ်ကြီးညိုလက်ပေါ်၌ သူတို့မောင်နှမများ ကြီးပြင်းခဲ့ရ သည်ဖြစ်သဖြင့် ဒေါ်ကြီးညိုအပေါ်၌ငယ်စဉ်ကတည်းက သူသံ ယောဇဉ်ရှိခဲ့သည်။ ကလေးဘဝကဆိုလျှင် မိခင်ပျောက်၍မငို၊ ဒေါ်ကြီးညိုပျောက်လျှင် ငိုတတ်သည်။ ဒေါ်ကြီးညိုအပြင်ထွက် လျှင် ထဘီစဆွဲပြီး လိုက်တတ်သူဖြစ်သည်။

ဒေါ်ကြီးညို၏ မျက်နှာသည် အစဉ်အေးချမ်းနေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“လူလေး စိတ်ဆိုးလည်း ခံရမှာပဲ၊ မိန်းကလေးကို လူလေးဘယ်လိုကြောင့်ပဲ လက်ထပ်ခဲ့ လက်ထပ်ခဲ့ စိတ်ဆင်းရဲအောင် မလုပ်သင့်ဘူး”

ဘုန်းလက်ရုံးပြုံးသွားသည်။ ဒေါ်ကြီးညိုကို သူရှုမငြီးနှင့်ပတ်သက်ပြီး ဘာကြောင့်လက်ထပ်ခဲ့ကြောင်း တစ်ခါမှဖွင့်ဟမတိုင် ပင်ခဲ့ပဲလျှက် ဒေါ်ကြီးညိုကသိနေသည်။ လက်ထပ်မည့်နေ့ ရောက်မှ. . .

“ကျွန်တော်လက်ထပ်တော့မယ်”

“ဘယ်နေ့လဲဘယ်သူနဲ့လဲ”

“ဒီနေ့ပဲ. . ရှုမငြီးနဲ့”

“ဟင်လူလေး. . မင်း. .”

ဒေါ်ကြီးညိုပါးစပ်အဟောင်းသားဖြစ်သွားပြီး သူ့အားတအံ့တဩကြည့်နေစဉ်မှာပင် သူထွက်ခဲ့သည်ကို သတိရလိုက်သည်။

ဒေါ်ကြီးညိုက ဤမိသားစုအကြောင်း ခရေစေ့တွင်းကျသိထားသော လူယုံတော်ပေပဲ။

“ကျွန်တော် သူ့ကိုအနာတရဖြစ်အောင် မလုပ်ပါဘူး”

“ခန္ဓာကိုယ်ပေါ် အနာတရထက် စိတ်ကိုအနာတရဖြစ်စေတာက ပိုဆိုးတယ်၊ မိန်းကလေးက လူလေးကို ချစ်လို့လက်ထပ်ခဲ့တာပါ”





“မဖြစ်နိုင်ဘူး၊ အင်မတန်မာယာများတဲ့မိန်းမ သူ့စကားတွေများ မယုံလိုက်နဲ့”

“မြွေမြွေချင်း ခြေမြင်ပါတယ် လူလေးရယ်၊ မိန်းကလေးတာ လူလေးအပေါ် အမှန်တကယ်ချစ်တယ်လို့ ယုံကြည်တယ်၊ လွယ်လင့်တကူ ကွာမပေးလိုက်ပါနဲ့”

“ကွာရှင်းတယ်ဆိုတာ နှစ်ဦးသဘောတူမှ ဖြစ်တာပါ၊ နေပါဦး ဒေါ်ကြီးသူက ကျွန်တော့်ကိုချစ်တယ်လို့ ဒေါ်ကြီးဘယ်လိုလုပ်သိသလဲ”

“သူကိုယ်တိုင်ဝန်ခံလို့ပါ. .”

“ပါးစပ်က လေပါပဲ. . ကျွန်တော်တောင်သူ့ကို ရယူဖို့ချစ်တယ်ဆိုတဲ့စကားကို လျှာဖျားလေးနဲ့ပြောခဲ့သေးတာပဲ”

သူက ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

“လူလေး သူနဲ့ပတ်သက်ပြီး မခံစားရဘူးလား”

“အယင်း. . မုန်းတီးခြင်းဆိုတဲ့ ခံစားမှုကတော့ ရှိတာပေါ့”

“မုန်းတီးသူတစ်ယောက်နဲ့အတူ အိပ်စက်လို့ရတယ်တဲ့ သားကလေးရယ်၊ ကလေးစိတ်ကို ကလေးဆန်းစစ်ပါဦး”

ဘုန်းလက်ရုံးသည် ဒေါ်ကြီးညို၏ နောက်ဆုံးစကားကြောင့် တုန်လှုပ်သွားသည်။

ဒေါ်ကြီးညိုကို ပေါ့သေးသေးတွက်၍မရ။ သင်းဖွားဆရာမဘဝမှ သူ့မိခင်သံယောဇဉ်ဖြစ်၊ မင်းလက်ခုပြီးတော့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းကျောင်းပေးရာမှ သူတို့အိမ်၏ ရာသက်ပန်အိမ်တော်စိုးကြီး ဖြစ်သွားခဲ့လေသည်။ ဒေါ်ကြီးညို၏ သံယောဇဉ်နှင့် မေတ္တာကို သူအထင်မသေးရဲ။ အဒေါ် သားချင်းထက်ပင် တွယ်တာသူဖြစ်သည်။

သူအပေါ် ထပ်သို့ တက်မည်လုပ်ပြီးမှ ဒေါ်ကြီးညိုရှိရာ မီးဖိုသို့လိုက်ဝင်ပြီး. . .

"အဒေါ်ကြီး ဒီကအဖြစ်အပျက်တွေ မေမေတို့လုံးဝမသိပါစေနဲ့နော်. . "

"မသိပါစေနဲ့နော် လုပ်မနေနဲ့သားရေ့ မင်းမိဘများကမင်းကို တစ်ခုခုတော့ ဒဏ်ပေးလိမ့်မယ်ထင်တယ်"

"ပေးလည်းခံလိုက်မယ် ဒေါ်ကြီးရာ. . ၊ မသကာ အမွေဖြတ်ရုံပေါ့၊ အဲ့ဒီအခါ ဒေါ်ကြီးက ကျွန်တော်နဲ့လိုက်နေမှာလား"

"လိုက်မှာပေါ့လူလေးရယ် ညရောက်ရင် ဖုန်းဆက်လိမ့်မယ် မင်းပြန်လာဖြစ်အောင်ပြန်လာ. . "

"ဟုတ်ပါရဲ့. . ဒါဆို ကိုးနာရီမထိုးခင်လောက် ရောက်အောင်ပြန်လာမယ်၊ သူ့ကို ဖုန်းပေးမကိုင်နဲ့နော်"

"ဒေါ်ကြီးနားလည်ပါတယ်၊ သူကလည်း မကိုင်ပါဘူး သူ့ဟန်းဖုံးကိုပဲသုံးတယ်"

"ဒါဖြင့် ကျွန်တော်သွားမယ်"

သူ ကားပြန်ထွက်ခဲ့တော့ လမ်းထဲ၌ ရှုမင်္ဂြီးနှင့်ကားချင်းဆုံမိသည်။ သူတို့ကားချင်းရှောင်တိမ်းကာ ထွက်ခဲ့လေသည်။





သူစိမ်းတွေလိုပဲ ဆက်ဆံကြသည်။ ကားနောက်ကြည့်မှန်မှ သူကြည့်မိသည်။

ထို့အတူ ရှုမင်္ဂြီးသည်လည်း သူ့အား ထိုကဲ့သို့ပင် ခိုးကြည့်လိမ့်မည်ဟု သူယုံကြည်လေသည်။

ဒေါ်ကြီးညို၏စကားများသည် သူ့ကိုယ်သူပင် ဆန်းစစ်ရမလို ဖြစ်နေလေပြီ။ မချစ်မနှစ်သက်သောသူနှင့် ဘယ်သူမှမပေါင်းဖော်ခြင်း. . .

မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းတည်းဟူသောဒုက္ခဆင်းရဲခြင်းကို လူတိုင်းက ရှောင်ရှားချင်ကြသည်။ သူကျတော့ ထိုသို့မဟုတ်၊ မချစ်မနှစ်သက်သူနှင့် အတူတကွပေါင်းဖော်နေထိုင်သည်။ ထိုသို့နေထိုင်ခြင်းက ဘာအကျိုးများရှိနိုင်မည်နည်း။

သူစိတ်ချမ်းသာနေသလား။ စိတ်မချမ်းသာ. . . ။

မိဘများသူ့ကြောင့် သောကရောက်ရပြီ။ ဒေါသဖြစ်ရပြီ။ သူလည်းလိမ်ညာပြီး သူ့အကြံအစည်ကို ပတ်ဝန်းကျင်ကနော်မိစေရန် ဖုံးကွယ်ထားရသည်။

သို့ဆိုလျှင် ရှုမင်္ဂြီးကို ကွာရှင်းပေးလိုက်ရမလား။

တစ်ခုလပ်ဟူသော ဘွဲ့ထူးသစ်ရသွားရုံမှအပ ရှုမင်္ဂြီး၌သောကများများ ဝိုင်းဝိုင်းလည်နေနိုင်သေးသည်။ ရှုမင်္ဂြီးအလှသည်သူ့ကိုတောင် တချီတချီ ဖမ်းစားနိုင်စွမ်းရှိသည်။

သူဖုန်းကို စက်ခလုတ်ဖွင့်ပြီး ရှုမင်္ဂြီး၏နံပါတ်ကို နှိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ရှုမငြိုးသည် သူ၏နံပါတ်ကို တွေ့မြင်ပေလိမ့်မည်။

"ပြောပါ. ."

"ကျုပ် ဒီညပြန်မအိပ်ဘူး၊ မေမေတို့ဆီက ဖုန်းလာရင် ဒေါ်ကြီးပဲကိုင်ပြီး ဖြေပါစေ၊ ခင်ဗျားလုံးဝမကိုင်နဲ့နော်"

"ကျွန်မသိပါတယ်"

"ဒါပဲ. ."

သူဖုန်းကိုပိတ်လိုက်သည်။

ရှုမငြိုးနှင့်ဝေးရာတွင် ခေတ္တနေကြည့်လိုက်ဦးမည်။







# အခန်း(၁၇)

မြို့ထဲ(၃၅)လမ်း၌ သူဝယ်ထားသော တိုက်ခန်းတစ်ခန်း ရှိနေသည်။ ထိုမှာ သူညအိပ်ဖို့ကြိုးစားသည်။ အိပ်၍မရ မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်မက်ဆိုးက မက်ပြန်သည်။

အမှန်တော့ အိပ်မက်ဆိုးမဟုတ် သူ့ဘဝကို ခြောက်လှန့်နေသော အနိဋ္ဌာရုံမြင်ကွင်းက သူ့အားနှိပ်စက်နေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နာရီကြည့်လိုက်သည်။ ညဆယ်နှစ်နာရီ။

သူချက်ခြင်းပင် ညအိပ်အကျီချွတ်ပြီး အဝတ်အစား ကောက်ဝတ်ကာ မီးများပြန်ပိတ်ပြီး အခန်းကို သော့ခတ်၍ပြန်ခဲ့သည်။ ကားစောင့်ကို မနည်းနှိုးရသေးသည်။ တော်တော်စိတ်ချရသည်။

(၆)မိုင်ခွဲရှိ သူ့အိမ်ကြီးဆီသို့ရောက်လာခဲ့သည်။ ကားဟွန်းသံပေးလိုက်သည်နှင့် ဂိတ်စောင့်က တံခါးဖွင့်ပေးသည်။

သူပေါ်တီကိုအောက်၌ပင် ကားကိုရပ်ထားလိုက်သည်။

အိမ်မကြီးတံခါးကိုဖွင့်ပေးသူမှာ ဒေါ်ကြီးညိုမဟုတ်ဘဲ ရှုမငြိမ်း ဖြစ်နေသည်ကို သူအံ့အားသင့်စွာတွေ့မြင်လိုက်ရသည်။

ညအိပ်အကျီအဖြူရောင်လေး ကပိုကရိုရှိနေသည့်တိုင် အောင် သူ့အလှက မှေးမှိန်မသွား တောက်ပဆဲဖြစ်နေသည်။

ဘုန်းလက်ရုံးက အိမ်ထဲဝင်လိုက်သည်။ ရှုမငြိမ်းက တံခါးသေချာစွာပြန်ပိတ်လိုက်ပြီး. . .

"ဘာစားဦးမလဲ. . "

"မစားတော့ဘူး. . "

သူ ညစဉ်လိုလို အရက်သောက်ပြီးမှ ရဲဆေးတင်ကာ အိပ်ရာဝင်ခဲ့သည်။ ယနေ့မသောက်။ သူ့ကိုယ်သူဆန်းစစ်ရမည်။ သူ့လုပ်ရပ်သည် အဓိပ္ပါယ်မဲ့နေပြီလား။

သူ အိပ်ရာဝင်ခဲ့သည်။





ရှုမငြိမ်းက သူ့လက်ဝဲတွင် ငြင်သာစွာဝင်လှဲရင်း. . .

"ကျွန်မနဲ့ရှင်အမေနဲ့ စကားပြောဖြစ်ကြတယ်"

"ဟင်. . "

သူ ဆတ်ခနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်သည်။

ရှုမငြိမ်းသည် သူ့ဘက်သို့လှည့်ကာ. . ခပ်စောင်းစောင်းလေး အိပ်နေသည်။

"မေမေက ကျွန်မနဲ့စကားပြောမယ်ဆိုပြီး ဒေါ်ကြီးကို ပြောလို့ ဒေါ်ကြီးကခေါ်ပေးတာပါ. "

ဘုန်းလက်ရုံး တည်ငြိမ်အောင်ကြိုးစားလိုက်ပြီး. .

"ဘာတွေပြောကြသလဲ"

"မေမေက ကျွန်မကိုမေးတယ်၊ ဘာရည်ရွယ်ချက်နဲ့ သူ့သားကိုလက်ထပ်တာလဲတဲ့. . "

"ခင်ဗျားဘာပြောလိုက်သလဲ. "

ရှုမငြိမ်း မျက်လွှာချလိုက်သည်။ စောင်ကို မေးစေ့နားအထိဆွဲခြုံရင်း

"ဘာရည်ရွယ်ချက်မှ မရှိပါဘူး ချစ်တာတစ်ခုတည်းနဲ့"

"တော်စမ်းပါ. . "

ဘုန်းလက်ရုံး တုန်လှုပ်သွားပြီး နေထိုင်ရခက်ခဲသလိုဖြစ်သွားရာ ပက်လက်အနေအထားသို့ ပြောင်းလိုက်မိသည်။ သူ ရင်တွေလှိုက်ဖိုပြီး ဂဏှာမငြိမ်ဖြစ်အောင် ဖန်တီးနေလေသလား။

"မေမေ မယုံဘူး၊ ကျွန်မကို အမျိုးမျိုး ရင့်ရင့်သီးသီးပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုစွပ်စွဲပါတယ်၊ ရှင့်ကိုကွာပေးဖို့ ကျွန်မတို့ ကြိုက်သလောက်သ
တောင်းလို့ ပြောတယ်"

"ခင်ဗျား ဘာပြန်ပြောလိုက်သလဲ"

"မေမေ့သားဆန္ဒဟာ ကျွန်မဆန္ဒပါလို့ပြောလိုက်တယ်
မေမေက ကျွန်မကိုသူ့ကို မေမေလို့မခေါ်နဲ့လို့ ပြောပါတယ်. .
ကျွန်မကိုလည်း ချွေးမအဖြစ် အသိမအမှတ်မပြုဘူးလို့ပြောတယ်
ကျွန်မ မေမေပဲခေါ်လိုက်ပါတယ်"

ဘုန်းလက်ရုံးငြိမ်သက်ပြီး နားထောင်နေလိုက်သည်
သူလိုလားသည့် ရှုမငြိုးထံမှအချစ်ကို သူရရှိလာပြီ။ ချစ်ရသူ
တစ်ဖက်သက်ခံစားမှုကို ရှုမငြိုးခံစားတတ်စေရမည်။

"ခု ကျွန်မတို့ရဲ့ အိမ်ထောင်ရေးမှာကျွန်မရဲ့အပြစ်ေ
ကြောင့် ဖြစ်ပေါ်လာခဲ့တာပါလို့ပဲ ကျွန်မခံယူထားပါတယ်၊ ရှ
ကျေနပ်နိုင်ပါ့မလား"

ဘုန်းလက်ရုံး လှုံ့လျောင်းနေရာမှထပြီး လသာဆော
ဘက်ထွက်ခဲ့သည်။ အစစအရာရာ လက်မြှောက်အရှုံးပေး
သော ရှုမငြိုးကို သူရင်ဆိုင်ဖို့ တုန်လှုပ်သလိုခံစားလိုက်ရသည်

ရှုမငြိုး လိုက်ပါလာသည်။

သူ့နံဘေးလိုက်ရပ်ရင်း. .

"ရှင် ကျွန်မကိုလက်ထပ်ရတဲ့ ရည်ရွယ်ချက်ကျွန်မသိ
ပါပြီ"

"ဘာသိတာလဲ. "





"ရှင် ကျွန်မကို. ရှင့်အစ်ကိုအတွက် ကလဲ့စားချေတယ်
ဆိုတာကိုလေ. ."

"ရှင့်အစ်ကိုအတွက် ဟုတ်လား. . ဟင်း. . ဟင်းဟင်း
ဟတ်. . ဟားဟား"

ဘုန်းလက်ရုံး ရင်ထဲအောင့်တက်လာသဖြင့် ခြောက်
သပ် စွာရယ်မောလိုက်သည်။ အားနွဲ့သောမိန်းမတစ်ယောက်ကို
အနိုင်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ခြင်းမပြုမှုဘူးဟု ဆုံးဖြတ်
ထားသည့်တိုင်အောင်. . .

ရှုမငြိုး၏တုန့်ပြန်စကားများက သူ့အနာပေါ် တုတ်ကျ
သွားသည့်အလား ဆတ်ဆတ်ခါနာကျင်သွားစေသည်။

ထို့ကြောင့် သူသည် မွန်ထူသွားပြီး အသိစိတ်တို့ လွင့်
ပျယ်သွားကာ ရှုမငြိုးပါးပေါ် သို့ လက်ပြန်ရိုက်ချလိုက်မိသည်။

"ဖြန်း. . "

ရှုမငြိုး မျက်နှာလည်ထွက်သွားသည်။ ချက်ခြင်းပြန်မတ်
လိုက်သည်။ ရုတ်တရက် သူ့အားကြောင်၍ ငေးကြည့်သည်။
နောက် ချာခနဲလှည့်ကာ အိပ်ခန်းထဲသို့ပြန်ပြေးဝင်သွားလေ
သည်။

ဘုန်းလက်ရုံး ကြက်သေသေကာ ကျန်ရစ်ခဲ့သည်။ ထုပူ
သွားသော သူ၏ဘယ်လက်ကိုဖြန့်ကြည့်ကာ ကျန်ရစ်ခဲ့သည်။
သို့သော် သူ့နားဝယ် ပဲ့တင်ထပ်ကျန်နေသည်က. .

"ကလဲ့စားချေတယ်ဆိုတာ သဘောထားသေးသိမ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပါ။ အဲဒီလို သေးသိမ်တဲ့အလုပ်မျိုးကိုလုပ်တတ်တဲ့ ယော ကျ်ားတစ်ယောက်အတွက် ခံစားခဲ့ဖူးတဲ့ ကျွန်မနှလုံးသား ဒဏ်ခတ်တဲ့ အနေနဲ့ ထာဝရအကျဉ်းချပစ်လိုက်မယ်၊ ကျွန်မဘ မှာ အချစ်ထာဝရဆိတ်သုဉ်းပါစေလို့လေ”

ကျိန်စာတိုက်သွားတာ ကိုယ့်ကိုယ်ကိုဒဏ်ခတ်ကျိန် တိုက်သွားတာထက် သူ့ကို သဘောထားသေးသိမ်တဲ့လူဟု စွဲသွားတာ. .

အနာပေါ်တုတ်ကျတာထက် နာကျင်သွားသည်။ ခ ခက်လိုက်တာ။ ဘုန်းလက်ရုံးလုပ်ရပ်သည် တကယ်ပဲ သဘော ထားသေးသိမ်တဲ့လူတွေရဲ့ လုပ်ရပ်ဖြစ်သွားပြီလား၊

အား. . .

ဘုန်းလက်ရုံး အိပ်ခန်းထဲပြန်ဝင်ခဲ့သည်။

ကုတင်စွန်းတစ်ဖက်ဝယ် သူအားကျောပေးပြီးငြိမ်သ နေသော ရှုမငြိမ်းကိုတွေ့လိုက်ရသည်။

တောင်းပန်ရမလား။

ဘုန်းလက်ရုံး နေထိုင်ရခက်ခဲလာသဖြင့် အိပ်ခန်းထဲ ထွက်ခဲ့ပြီး အပေါ်ထပ်ဧည့်ခန်း ဆိုဖာရှည်ကြီးထက်ဝယ် လျောင်းချလိုက်သည်။

အိပ်မပျော်နိုင်သဖြင့် ဆရာဝန်ပေးထားသော အိ ဆေးကို ယူသောက်လိုက်သည်။

သူ့ဘယ်လက်က ထုံပူမှုမပျောက်သေး။





ဖွေးဥနုနယ်သော ရှုမငြိမ်း၏ ဘယ်ဘက်ပါးပြင်လေး မည် သို့ဖြစ်နေမည်နည်း။ နာကျင်နေမလား။ ရောင်ကိုင်းနေမ လား. . ။

ဘုန်းလက်ရုံး စိတ်ကိုတင်းထားလိုက်ရသည်။ ရှုမငြိမ်း နှလုံးသားကို တစ်သက်လုံး ခံစားသွားရအောင် ဒဏ်ပေးမည်ဟူ သော ရည်ရွယ်ချက်ဖြင့် လက်ထပ်ခဲ့ပြီးကာမှ ခုလိုပျော့ညံ့လာ သောစိတ်ကြောင့် သူ့ကိုယ်သူ မကျေမနပ်ဖြစ်ရင်း အိပ်ပျော်စေ ရန် ကြိုးစားလိုက်သည်။

မကြာခင် အိပ်ဆေးအရှိန်ဖြင့် သူအိပ်ပျော်သွားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ရှုမငြိုး ယောင်ကိုင်းနေသော ဘယ်ဘက်ပါးပြင်ကို ကြည့်ကာ မျက်ရည်ကျလာသည်။ အသားပေါ်ကအနာထက် ရင်တွင်းအနာက ပိုဆိုးရွားလေသည်။

မျက်ရည်သုတ်ပြီး ရေချိုးခန်းထဲဝင်ခဲ့သည်။ ကိုယ်လက်သန့်စင်ရေချိုးပြီးနောက် သနပ်ခါးရေကျဲလေးပွတ်လိမ်းလိုက်သည်။ အဝတ်လဲလိုက်သည်။





နောက် အပေါ်ဧည့်ခန်း ဆိုဖာဆက်တီရှည်ကြီးပေါ်တွင် အိပ်ပျော်နေသော ဘုန်းလက်ရုံးကိုငုံ့ကြည့်လိုက်သည်။

နှစ်ခြိုက်စွာအိပ်ပျော်နေသည်။ အိပ်ပါစေတော့. .။

အောက်ထပ်သို့ ဆင်းခဲ့သည်။

ပါးယောင်ကိုင်းမှာစိုးသဖြင့် ညက ရေခဲအုံ့ခဲ့သည်။ လင်ယောကျ်ား၏ ရက်စက်မှုကို ခံစားရလိမ့်မည်ဟု တစ်ခါမှသူတွေးထင်မထားခဲ့ဖူးပါချေ။ ယခုတော့. . .

စာနာတတ်ပြီး ကိုယ်က အသည်းနှင့်အောင်ချစ်ရသူ၏ ဥပေက္ခာပြုမှုသည် ချစ်တတ်သူတို့၏ရင်၌ သည်းကြွေလုမတတ် ခံစားရပါလား။ မင်းလက်ျာအပါအဝင် အခြားယောကျ်ားများသူ၏ ဥပေက္ခာပြုမှုအတွက် အတော်ခံစားရပေလိမ့်မည်။

အချစ်သည် ကစားစရာမဟုတ်။ ထို့အတူ ယောကျ်ားများသည်လည်း လှည့်စားစရာ အစမ်းသပ်ခံမဟုတ်ပါ။

ရှုမငြိုး မှားခဲ့ပြီ။ မချစ်နိုင်လျှင် မတွဲတာ၊ မျှော်လင့်ချက်မပေးတာ အကောင်းဆုံးဟု သင်ခန်းစာရလိုက်သော်လည်း ထိုသင်ခန်းစာက နောက်ကျနေလေပြီ။ ရှုမငြိုး နောင်တရမိသည်။

ကော်ဖီတစ်ခွက်သောက်ပြီး ဘုန်းလက်ရုံး နိုးအလာကို စောင့်နေစဉ်မှာပင် လွင်မာနှင့်ရီတာထံမှ တယ်လီဖုန်းလာလေသည်။

"ဒီနေ့ စနေနေ့လေမချော. .၊ ယောကျ်ားရသွားတာနဲ့ ညီးကမ်းဖောက်တော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်သည်ဆိုတာ အိမ်ထောင့်စည်းကမ်းရှိတယ် လေမိန်းမတို့ရဲ့ ကျုပ်သူ့ကို အခြားသွားစရာကိစ္စရှိမရှိ မေးပြီးမှ ကျုပ်ရှင်တို့ကို အကြောင်းပြန်နိုင်မယ်"

"အလို့. . တယ်ဦးကျိုးနေပါလား၊ နေစမ်းပါဦးရှင်က ရှင့်ပုဂ္ဂိုလ်လေးကို ဘယ်လိုခေါ်တာလဲကျုပ်တို့ကို လက်ချာပေးပါဦး. "

ရှုမငြီးပြုံးလိုက်သည်။ သို့သော် ထိုအပြုံးသည် မချိုပြုံးသက်သက်သာဖြစ်ပေလိမ့်မည်။

"ဟုတ်တယ် မိန်းမကျုပ်တို့ကိုပြော. "

လွင်မာနှင့်ရီတာ တယ်လီဖုန်းကို ပူးကပ်ပြောနေကြသည်။

"ရှင်တို့က ဘယ်လိုခေါ်မယ်ထင်သလဲ"

"မှန်ရင်. . ရှင် ကျုပ်တို့ကိုဘာကျွေးမှာလဲ"

"စားချင်တာ. . "

"ဒါဖြင့်ကျုပ်တို့ပြောမယ်"

"အင်း. . "

"မောင်လို့"

ရှုမငြီးရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ခေါ်ချင်တာပေါ့ ရင်ထဲတိတ်တခိုးခေါ် ခဲ့ရသည့် နာမ်စားလေးပေပဲ။

"ဟိတ်. . မိန်းမကြည့်စမ်း ငြိမ်သွားလိုက်တာ၊ မိန်းမ ကပ်စေးနဲနေပြီထင်တယ်၊ ကဲပါ. . မိန်းမရယ် အဲဒီလောက် ရင်





တုန်မနေပါနဲ့ ကျုပ်တို့က Sea Food လောက်ပဲ စားမှာပါ၊ ကိုင်း ဘယ်အချိန်လာခေါ်ရမလဲ"

"နေဦး. . သူမနိုးသေးဘူး"

"ဟင်. . ဒီအချိန်အထိ မနိုးသေးဘူး၊ ရှင်တို့ဟာ လွန်လှချည်လား"

"နိုးတာနဲ့ ရှင်တို့ဆီ ဖုန်းဆက်မယ်၊ ခု ဘယ်သူ့အိမ်မှာလဲ"

"ဘယ်သူ့အိမ်မှာမှ မဟုတ်ဘူး၊ ရှင့်ဆီကို နာရီဝက်အတွင်း အရောက်လာခဲ့မယ်. . ဒါပဲ. . ဒါပဲ. . "

ရှုမငြီး ဘယ်လိုမှမတားဆီးနိုင်မီ တယ်လီဖုန်းချသွားကြလေသည်။

သူငယ်ချင်းအရင်းအချာကြီးတွေပဲ အပေါ်ထပ် မတက်ပါနဲ့ဦးလို့ ပြောလျှင်လည်း ရမည်မဟုတ်။ ရှုမငြီး အပေါ်ပြန်တက်ခဲ့သည်။ ဘုန်းလက်ရုံးက မနိုးသေး။

"ဒုက္ခပါပဲ. "

ရှုမငြီး မနိုးရက်။ ဧည့်ခန်းဆိုဖာ၌ အိပ်ပျော်နေသည်ကို သူငယ်ချင်းများမြင်ပါက အမေးအမြန်းထူကြဦးမည်။

မနိုးရက်သော်လည်း နိုးလိုက်သည်။

"ထစော့. . "

"အင်. . "

"ကျွန်မ သူငယ်ချင်းတွေ လာကြလိမ့်မယ်၊ ရှင့်ကို ဒီပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းတွေ့သွားရင် အမေးအမြန်း ထူကြလိမ့်မယ်"

ဘုန်းလက်ရုံးက ကိုယ်ပေါ်ရောက်နေသော စောင်ကို ကြည့်ကာ ရှုမငြိုးကို ဖြတ်ခနဲ ကြည့်လိုက်သည်။ ရှုမငြိုးက စောင်ကိုယူကာ ခေါက်လိုက်ရင်း. .

"ညက ရှင်အိပ်ပျော်နေလို့ မနိုးတော့ဘဲ စောင်ပဲလာခြုံပေးလိုက်တာ"

ဘုန်းလက်ရုံးက သူ့ပါးပြင်ကိုလှမ်းကြည့်ပြီး. . .

"ဆောရီးနော် ညကကိစ္စ ကျုပ်လက်လွန်သွားတယ်. . မရည်ရွယ်ပါဘူး"

"ကိစ္စမရှိပါဘူး ခန္ဓာကိုယ်ပေါ်က အနာတရထက် ရင်တွင်းအနာတရကမှ ကြီးလေးတဲ့အနာတရပါ၊ ထားပါလေ သူ့ကိုခွင့်တောင်းစရာရှိသေးတယ်. ."

သူ့ထက်အသက်ငယ်သော်လည်း အိမ်ထောင်ဦးစီးဖြစ်သူ လင်ယောကျ်ားအပေါ် ရှုမငြိုးတန်ဖိုးထားရိုသေပြလိုက်သည်။

"ဘာလဲ. ."

"ဒီနေ့စနေနေ့လေ သူငယ်ချင်းတွေ လာခေါ်ကြမယ် ဈေးဝယ်မယ်"

"သိတယ်. . သိတယ် သွားလေ၊ ကျုပ်တော့ မလိုက်နိုင်ဘူးနော်"

"ရပါတယ် သူလည်း အားမှာမှမဟုတ်တာ၊ သူ့မိခင်အတွက် Orchid မှာ အဆင်ဆန်းရောက်ရင် ဖြတ်ခဲ့ပေးမယ်နော်"

"သဘောပဲ၊ မီးခံသေတ္တာထဲမှာ အသုံးလိုသလောက်ယူသွားနော်"

"မလိုသေးပါဘူး"

"မလိုလို့ဖြစ်မလား၊ ခင်ဗျားဘက်က ကျုပ်အပေါ် တာဝန်ကျေသလို ကျုပ်ဘက်ကလည်း တာဝန်ကျေစေရမယ်ပေါ့. . ယူသုံးပါ"

ရှုမငြိုးက ဘာမှထပ်မပြောတော့ဘဲ သူ့အတွက် အစာအစားများ ထုတ်ပေးလိုက်သည်။

ထိုစဉ် ကားဟွန်းသံကြောင့်. .

"ဟော. . လာပြီထင်တယ်ရှင့်ကို ကျွန်မ သူတို့ရှေ့မှာ ခေါင်လို့ခေါ်မယ်နော် ခွင့်ပြုမယ်မဟုတ်လား"

သူ့မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများ ပြောင်းလဲသွားသည်။ ရှုမငြိုး သူ့ထံမှ စကားပြန်မစောင့်ဘဲ. . .

"ကျွန်မဆင်းနှင့်မယ်ရှင် ဆင်းလာခဲ့နော် ရှင်လာမှ နေ့စာစားမယ်၊ ဒီနေ့ နန်းကြီးသုတ်ထားတယ်"

ရှုမငြိုး ပြောပြောဆိုဆို အောက်ထပ်သို့ဆင်းခဲ့သည်။

တော်သေးသည် လွင်မာနှင့်ရီတာတို့ ကားပေါ်တီကိုအောက်အရောက်၌ သူလည်းဧည့်ခန်းရောက်သွား၍. .

"လာကြ ကော်ဖီသောက်ပြီးကြပြီလား"

"ဒီအချိန်မှတော့ သောက်ပြီးပြီပေါ့၊ ရှင်တို့သာ ဇိမ်နဲ့







www.burmeseclassic.com

www.burmeseclassic.com



အိပ်နေကြ"

"မနာလိုမရှိနဲ့လေ ရီတာ၊ နှစ်ကိုယ်တူအိပ်စက်ကြတော့ ပတ်ဝန်းကျင်ကိုမေ့ အချိန်ကိုမေ့၊ ဆွေမေ့မျိုးမေ့၊ သူငယ်ချင်းမေ့ ပေါ့ဟဲ့"

လွင်မာနှင့်ရီတာ အတိုင်အဖောက်ညီကြသည်ကို ရှုမငြိမ်းက မချိပြုံးပြုံးရင်း. .

"မိန်းမတွေ ရှင်တို့လည်း အဲ့ဒီလိုခံစားချင်ရင် ယူလိုက်ကြတော့လေ၊ အရိုးများသလေး ချီးခါးသလေး လုပ်မနေကြနဲ့တော့ပေါ့"

"ရှင်ကတော့ ပြောအားရှိပြီကိုး. . ရှင့်လို ကုသိုလ်မျိုး ကျွန်မတို့ မမှီနိုင်ဘူး၊ ကောင်းလိုက်တာနော် အိမ်ကြီး ကျုပ်တို့ အပေါ်တက်ကြည့်လို့ရမလား"

"နေဦး. . သူသွားမှ. "

"ရှုမငြိမ်း ရှင့်ပါးက ရောင်နေတာလား"

ဖြတ်ထိုးဉာဏ်က. . ရှုမငြိမ်းခေါင်းထဲ အလိုအလျောက် ရောက်လာသည်။

"အေးဟယ် သွားကိုက်လို့လေ၊ ဟိုမှာ အုန်းရည်နဲ့ပင်လယ်စာ၊ ကောက်ညှင်းတွေ အစားများခဲ့လို့ အပူကြွတာ"

"အင်း. . ဖြစ်ရမယ်"

ထိုစဉ် ဘုန်းလက်ရုံးလှေခါးပေါ်မှ အပြုံးနှင့်ဆင်းလာသည်။ အတက်ချိကေ့စ်ကို ကိုင်ဆင်းလာသဖြင့် ရှုမငြိမ်းက ပြေး





ကြိုကာ. .

"မောင်က တခါတည်းတန်းသွားတော့မှာလား"

"အင်း. . မ သူငယ်ချင်းတွေရောက်နေပြီပဲ လွတ်လွတ်လပ်လပ်သာနေကြတော့၊ မောင် ချိန်းထားတဲ့ကိစ္စရှိလို့ သွားတော့မယ် ဘာမှမစားတော့ဘူး နောက်တောင်ကျနေပြီ၊ မရီတာနဲ့မလွင်မာ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"ဟုတ်ကဲ့ပါ"

ရှုမငြိမ်း ကားပေါ်အထိလိုက်ပို့ပေးလိုက်သည်။ ကားပေါ်သို့ အိတ်တင်ပေးအပြီး၌သူက. . .

"အပိုတွေသိပ်လုပ်ပြမနေပါနဲ့. . ခင်ဗျားအပေါ် ကျုပ် ဘယ်တော့မှကြွေမှာမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ"

ရှုမငြိမ်း ဘာမှပြန်မပြောနိုင်ခင်မှာပင် သူ့ကားထွက်သွားလေသည်။

ရှုမငြိမ်း စိတ်ထဲကြိတ်၍ ကြုံးဝါးလိုက်မိလေသည်။

အလင်းရောင်မှာတောင် ရိုက်လင်းတန်းရှိရင် ပြန်လင်းတန်းဆိုတာ ဖြစ်ပေါ်လာနိုင်သေးတာပဲ။ အချစ်ဆိုတဲ့ အင်အားကြီးမားတဲ့အရာကြီးမှာကော အသွားအပြန်တန်ပြန်သက်ရောက်မှုဆိုတာ မရှိနိုင်ဘူးလို့ ရှင်တပ်အပ်သေချာစွာ ငြင်းရဲပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

ဘုန်းလက်ရုံး ရုံးခန်းသို့အရောက်၌ မိဘများထံမှ တယ်လီဖုန်းလာသည်နှင့် ကြုံလိုက်ရလေသည်။

"ဟဲလို"

"သားငယ် မင်းဘယ်လိုလုပ်လိုက်တာလဲ"

"သား တောင်းပန်ပါတယ်မေမေ၊ သား သူ့ကို မခွဲနိုင်လို့ပါ"

သူ၏အကြံအစည်ကို ဘယ်သူမှမရိပ်မိ မသိရှိစေရ။





တစ်ယောက်ထည်းကြိတ်၍ ကြံစည်ခဲ့သည်။

"မင်းမို့လို့ကွယ် သတင်းကြားကြားချင်း မေမေတို့ လုံးဝမယုံကြည်နိုင်ဘူး၊ သမီးချင်းမစာနာလို့ပြောတာမဟုတ်ဘူး ဒါပေမယ့် ကွာလိုက်ပါသားငယ်၊ မေမေ သူ့မျက်နှာကို မမြင်ချင်ဘူး"

ဘုန်းလက်ရုံးရင်ထဲ နာကျင်လာသည်။ ရှုမငြီးက ရှိရှိသမျှ အပြစ်ဟူသမျှတို့ကို သူ့ကိုယ်သူသာ ပုံချအပြစ်ယူထားရှာသည်။

"သားငယ်ထက် အသက်ကလည်းကြီး၊ အတွေ့အကြုံတလည်းများတော့ သားငယ်ကို သူကပဲဖမ်းယူခဲ့တာပါလို့ ဝန်ခံတယ်လေ၊ ဘယ်လောက်အရှက်နည်းသလဲလို့"

"ဟင်. . မဟုတ်ဘူးမေမေ လုံးဝမဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင် သူ့ကို သူများလက်ပါမှာစိုးလို့ အဘကို အကူအညီတောင်းပြီး အမြန်ဆုံး လက်ထပ်ယူလိုက်တာ"

"သားငယ် မေမေ့ကိုညာနေတာလား"

"မညာပါဘူး မေမေမယုံရင် OG ဒေါ်သန်းသန်းသိတယ် မဟုတ်လား၊ သူ့သား ဒေါက်တာအုပ်စိုးနဲ့ဆေး မိဘချင်းသဘောတူပြီး လူငယ်ချင်းတွေ့ပေးပြီး စီစဉ်ဖို့ကြိုးစားနေတုန်း သားက ဖြတ်ယူလိုက်တာ"

"သားငယ်ရယ် မိန်းမဒီလောက်ရှားသလား၊ ကိုယ့်အစ်ကိုရဲ့အသက်ကို တိုက်ရိုက်မဟုတ်တာတောင် သွယ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com



သောနည်းနဲ့ သတ်ခဲ့တဲ့မိန်းမရဲ့မျက်နှာကို သား တစိမ့်စိမ့် ကြည့်ရဲသလား"

"တော်ပါတော့ မေမေ၊ ကျွန်တော် ဘာမှမပြောချင်ပါဘူး၊ ကျွန်တော်ပြောချင်တာ သားသူ့ကိုမကွာပေးနိုင်ဘူး"

"အေး. . ကွာမပေးနိုင်ရင်လည်း မင်းသဘော၊ မေမေတို့ရဲ့ မိဘဘိုးဘွားပိုင်အိမ်ကြီးမှာတော့ မေမေတို့မကြည်ဖြူနိုင်တဲ့ မိန်းမတစ်ယောက် သခင်မလုပ်နေတာကိုမခံစားနိုင်ဘူး၊ ဒီတော့ မကြီးညိုကိုပဲ အိမ်အပ်ထားပြီး မင်းတို့လင်မယား တစ်နေရာရာမှာ ပြောင်းနေကြပေတော့၊ မင်းကုမ္ပဏီအတွက် လိုအပ်တဲ့ ငွေကြေးအကူအညီလည်း လုံးဝထပ်မပေးနိုင်တော့ဘူးဆိုတာ မှတ်ထားလိုက်ပါ၊ အိမ်ကို သံရုံးငှားထားလိုက်မယ်"

ဘုန်းလက်ရုံး မေးကြောကြီးများထောင်ထလာသည်အထိ အံကိုတင်းတင်းကြိတ်ထားမိသည်။ မိခင်အသံပျောက်သွားပြီး ဖခင်အသံဆက်လက်ထွက် ပေါ်လာသည်။

"ဘုန်းလက်ရုံး"

"ဖေဖေ"

"ဖေဖေလည်း ယောကျ်ားတစ်ယောက်အနေနဲ့ သဘောထားကြီးချင်ပါတယ်၊ ဒါပေမယ့် ဖေဖေ့ရင်ထဲမှာ သားကြီးသေဆုံးသွားခဲ့တာ မနေ့တစ်နေ့ကလိုပဲ ခံစားနေရတုန်းပဲ ဒါကြောင့်. . မင်း အမေဆန္ဒဟာ ဖေဖေ့ဆန္ဒပဲ၊ မင်းမိန်းမကို မစွန့်နိုင်ရင် မင်းရဲ့ပိုင်ဆိုင်မှုဟာ (၃၅)လမ်းကတိုက်ခန်းနဲ့ အငြိမ့်ပတ်နေတဲ့ စကြိုက်ကုမ္ပဏီရဲ့အစုရှယ်ယာနဲ့ပဲ မင်းကျေနပ်လိုက်တော့. . ၊ ဒါပဲ ဘုန်းလက်ရုံး"





ဘုန်းလက်ရုံး အချိန်အတန်ကြာအောင် ငိုင်နေပြီးမှ စကားပြောခွက်ကို ချလိုက်သည်။

"ခံစားမှုကို ဦးစားပေးတတ်တဲ့ မိန်းမတစ်ယောက် ကိုယ်တိုင်ခံစားသွားစေရန် ကလဲ့စားချေ၊ ပညာပေးနေတာပါဖေဖေ"

ဟု သူပြောထွက်သည့်တိုင်အောင် မိဘများက သူ့ကိုယုံကြည်ကြမည်တဲ့လား။ ဘုန်းလက်ရုံး၌ မာနရှိသည်။

ချက်ခြင်းပင် အိမ်သို့ဖုန်းခေါ်လိုက်သည်။

"ဟဲလို. . အမိန့်ရှိပါရှင်"

"ဩော်. . ခင်ဗျားမသွားသေးဘူးလား"

"သွားတော့မယ်မောင် ခုပဲသွားတော့မလို့"

"ကောင်းပြီလေ စောစောပြန်ခဲ့ပါ၊ ခင်ဗျားနဲ့ သွားစရာရှိတယ်"

"ဘယ်နှစ်နာရီလောက်ဆိုရင် ဖြစ်မလဲမောင်"

မောင်ခြင်းထပ်နေခြင်းသည် အနားမှာ သူ့သူငယ်ချင်းများရှိနေ၍ဟု ဘုန်းလက်ရုံးသဘောပေါက်မိသော်လည်း ရင်ထဲအမည်မသိသော ခံစားမှုတစ်ရပ် ခံစားလိုက်ရလေသည်။

"လေးနာရီလောက်"

"ကောင်းပြီမောင်. . မ ရောက်အောင်ပြန်ခဲ့ပါ့မယ်"

"ကြည့်စမ်း. . ကြည့်စမ်း. . မိန်းမ ဦးကျိုးနေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အချစ်နဲ့တွေ့တော့ ဖယောင်းလိုပါပဲလား"

ဟု သူငယ်ချင်းများနောက်မှ ဝိုင်းလှောင်နေသံကိုကြား လိုက်မိသောအခါ သူပြုံးလိုက်မိသည်။ သို့သော် သူ့အပြုံးသည် မတောက်ပသည်ကတော့ သေချာနေလေပြီ။

ငွေအင်အားလည်းပတ်မှုအတွက်ကတော့ အဆင်ပြေ နိုင်ပါ့မလား. . မပြေလျှင် ဘယ်နှယ့်လုပ်ရမည်နည်း။

ဘုန်းလက်ရုံး ချက်ခြင်းပင် အတွင်းရေးမှူးကိုခေါ်ထ လိုအပ်သော စရင်းဇယားများကို တောင်းယူကြည့်သည်။ ခု နေဂျင်းနှင့် တိုင်ပင်ရသည်။

"ဝင်ရမယ့် Income Amount က နောက်လမှဆ ဒီလထဲပေးရမယ့်ငွေနဲ့ဆို သိန်းနှစ်ထောင်လောက်တော့ လို မယ်"

အမှန်ဆို ဒီငွေလောက်ကတော့ သူဖြည့်ဆည်းလည ပတ်ပေးရုံသာရှိသည်။ ရှာကြံရမည်။

"ဪ. . ဟိုတယ် လေလံဆွဲမယ်ဆိုတဲ့ကိစ္စကော အဲ ဆို လိုဦးမယ်ထင်တယ်"

"နောက်နေ့ အစည်းအဝေးခေါ်ပြီး ဆုံးဖြတ်တာပေါ့ ချယ်ရီ"

သူအကြံအိုက်သွားသည်။ သူ့လက်ထဲ၌အစုရှယ်ယ ငါးဆယ့်နှစ်ရာခိုင်နှုန်းရှိသည်ဆိုသော်လည်း ဖခင်က (၂၅% မိခင်နှင့် သူတို့မောင်နှမနှစ်ဦးက (၁၀%)စီဖြစ်နေသည်။ ဘ





ဦးလည်း သူ့ကိုယ်ပိုင်ငွေစာ သိန်း(၁၀၀၀)လောက်သာရှိသည်။

ကိစ္စတော့မရှိနိုင်ဘူးဟု သူထင်သည်။ အမှုဆောင်အ စည်းအဝေးခေါ် ယူဆုံးဖြတ်ချက်ယူလိုက်ပြီးမှ ဆုံးဖြတ်မည်။

လောလောဆယ် အိမ်ပြောင်းဖို့. . ။

ဒေါ်ကြီးညိုဆီ ဖုန်းဆက်လိုက်သည်။ အကျိုးအကြောင်း နှင်းပြပြီး အကြံဉာဏ်ယူရသည်။

"မပြောင်းနဲ့ပေါ့ လူလေးရယ်၊ မမကြီးတို့လည်းလာနိုင် တာမှမဟုတ်တာ"

"သံရုံးငှားဖို့ပြောပြီးပြီပြောတယ်၊ ဘာပဲပြောပြော မိဘ ကြည်ဖြူတဲ့အိမ်မှာ ဖက်တွယ်ပြီးတော့ မနေချင်ဘူး၊ ဒေါ်ကြီး ညိုတို့(၃၅)လမ်းအိမ်ကိုသာ သွားရှင်းထားလိုက်ပါ၊ အင်း အိမ်က ထပ်ခိုးရှိတယ်ဆိုပေမယ့် အဖော်မိန်းကလေးထားရတာတော့ ကျွန်တော်စိတ်ကျဉ်းကြပ်မိမှာပဲ"

"မိန်းကလေးကို ရှင်းပြပြီးပြီလား. . ."

"မပြောပြရသေးဘူး ကျွန်တော် သူမရောက်ခင်ပြန်လာ ခဲ့မယ်"

"ခက်တယ်လူလေးရယ် မမကြီးတို့ဖုန်းဆက်ရင် ဒေါ် ကြီးတောင်းပန်ပြီး အသနားခံကြည့်ဦးမယ်"

"နေပါစေ ဒေါ်ကြီး၊ ကျွန်တော့်အတွက်ဆို လုံးဝမပြော နဲ့. . ဘယ်သူကမှ ရွှေဖွန်းကိုက်မွေးဖွားခဲ့တာမဟုတ်ဘူး၊ ကျွန် တော် ယောကျ်ားပါ၊ မှန်တယ်ထင်လို့ လုပ်ထားတဲ့ကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းအဆိုးကို ကျွန်တော်ပဲတာဝန်ယူမယ် ရွှေတောင်ကြ မှာဝယ်ထားတဲ့မြေကွက် ရှိသေးတယ်၊ အဲဒီမှာ တဖြည်းဖြည်း ဆောက်ယူတာပေါ့၊ ဒါပဲနော်ဒေါ်ကြီး ပစ္စည်းတွေသိမ်းထား ပြင်ဆင်ထားပေးပါ၊ ကျွန်တော် ဒီနေ့ညနေပဲပြောင်းမယ် ညဖု ဆက်ပြီး နှင်ချတာမျိုးကို ကျွန်တော်မခံစားနိုင်ဘူး”

သူကပဲ စိတ်မြန်ကိုယ်မြန်ရှိလွန်းတာလား မိဘတွေက သူ့အပေါ် ရက်စက်လွန်းတာလား၊ သူမတွေးချင်တော့. . .

သို့သော်. . ဘုန်းလက်ရုံး ကိုယ့်ကိုယ်ကိုသုံးသပ်မိတ တော့ရှိသည်။ သူမှန်သည်ထင်၍လုပ်သော အလုပ်အတွ ဘယ်တော့မှ နောက်ဆုတ်လိမ့်မည်မဟုတ်။ ရှေ့သို့သာ ဖွတ်တိ မည်။

သူ ဒေါ်ကြီးညိုနှင့် စကားပြောပြီးနောက် သူ၏အခ အခဲများကို ဖြေရှင်းပေးနေကျ အဘအိုထံသို့ထွက်ခဲ့သည်။

အဘအိုက အကောင်းဆုံးအကြံ ဉာဏ်ပေးသည်။

“လူလေးအတွက် အကောင်းဆုံးနည်းလမ်းကတော့ ငွေ ကြေးအခက်အခဲရှိပါတယ်ဆိုတဲ့အကြောင်း အမှုဆောင်တွေ မသိဖို့ လိုတယ်၊ ကိုယ့်အပေါ် ယုံကြည်မှုမနည်းသွားစေနဲ့ အ သက်အရွယ်ကြီးပြီး အတွေ့အကြုံရင့်ကျက်တဲ့သူတွေကို ဦး ဆောင်နေရတာဆိုတော့ မင်း သူတို့ရဲ့ယုံကြည်မှုကို ရဲရဲတင် တင်းခံယူပါ၊ ကိုယ်က ငွေကြေးအခက်အခဲရှိကြောင်း မတင်ပြ လုပ်ငန်းသဘောအရ ငွေဘယ်လောက်လိုတယ် ငွေချေးမယ်





စ်လတန်သည် နှစ်လတန်သည်ပေါ့၊ အတိုးဘယ်လောက် တ်မှတ်မယ်၊ ဘယ်သူ ပါဝင်ချင်သလဲမေး၊ အနည်းဆုံး ဘယ် ာက်ပါဝင်ရမယ်ပေါ့ကွာ၊ အေး. . အဲဒီအခါ တစ်ဦးစနှစ်ဦးစ လာမယ်၊ ကျန်ငွေအားလုံး မင်းတာဝန်ယူလိုက်ပါ၊ နိုင်မာတဲ့ငွေ းစာချုပ် လုပ်လိုက်ပါ၊ အဘ မင်းကို (၁၀၀၀)လောက်တော့ ညီနိုင်မယ်၊ သဘောပေါက်တယ်နော်. . ”

“ပေါက်ပါတယ် အဘ၊ ကျေးဇူးလည်းတင်ပါတယ်”

“အေး. . ကျေးဇူးတင်လို့ အဘကျေးဇူးဆပ်ချင်တယ် ရင် မင်းကိုယုံကြည်လို့ အဘသြဇာမလွန်ဆန်နိုင်ဘဲ အဘကို ကြည်ပြီး မိဘတွေက မင်းလက်ထဲ ဝကွက်အပ်လိုက်တဲ့ သမီး ငြိုးကို မင်းဘယ်သောအခါမှ ဒုက္ခမပေးရဘူး တန်ဖိုးထားရ ယ်”

“ကျွန်တော်ကြိုးစားပါ့မယ်”

ရှုမငြိုးကို တန်ဖိုးထားဖို့ဆိုတာတော့ ဖြစ်နိုင်လိမ့်မည် ဆင်။ သူ့စိတ်နှလုံးကို ဒုက္ခပေးဖို့ရည်ရွယ်ချက်နှင့် လက်ထပ်ခဲ့ ည်ပဲ။

သို့သော် အဘအိုကိုတော့ သူလွန်ဆန်၍မရ။ အဘအို သြဇာ အဘအို၏လောင်းရိပ်အောက်က သူရုန်းထွက်၍ ရဦး ည်မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ရှုမငြိမ်း ဝမ်းမနည်းပါ။ (၃၅)လမ်းပထမထပ်ရှိ အ
လက်ရုံး ပိုင်တိုက်ခန်းသည် (၂၅×၅၀) အကျယ်အဝန်းရှိသည်
ထပ်ခိုးက ၇ပေအမြင့်ရှိပြီး ပေ၂၅ပတ်ဝန်းကျင် အကျယ်အဝ
သာရှိသဖြင့် အိပ်ခန်းအပြည့်တစ်ခန်းသာ ဖွဲ့စည်းထားနိုင်သည်
Aircon အပေါ်ထပ်(၁)လုံး အောက်ထပ်၌ (၂)လုံး တပ်
ထားသည်။





"အငယ်လေးကို အိမ်ပဲပြန်ထားလိုက်တော့မယ်"

"အိမ်ပြန်ထားရင် လူကြီးတွေသိကုန်မှာပေါ့"

"ဖုံးကွယ်ထားလို့ရတဲ့အရာမှ မဟုတ်တာ၊ သူ့ကုမ္ပဏီအတွက်အသုံးလိုလို့ (၆)မိုင်ခွဲကခြံကို သံရုံးကိုနှစ်ချုပ်နဲ့ငှားလိုက်တယ် ဆိုရင်ပြီးတာပါပဲ"

"ငွေပေါ်တာနဲ့ ရွှေတောင်တန်းကမြေကို တစ်ခါတည်းဆောက်ပေးမယ်"

"အင်း. . ."

"လူလေးနဲ့မိန်းကလေး ဒေါ်ကြီး ထမင်းပွဲပြင်ထားခဲ့ပြီး အငယ်လေးကို ပြန်ခေါ်သွားမယ်"

"ဟုတ်ကဲ့. . ဒီနေ့တော့ ဒေါ်ကြီးနဲ့ပဲထားလိုက်ပါ။မနက်ဖြန်မှ ကျွန်မလာခေါ်ပြီး အိမ်ပြန်ပို့ပေးလိုက်ပါ့မယ်"

ဒေါ်ကြီးညိုနှင့် အငယ်လေး၊ မောင်ထွေးတို့ မျက်စိမျက်နှာပျက်စွာဖြင့် ပြန်သွားကြလေသည်။

ရှုမငြိမ်းက တိုက်ခန်းကိုလှည့်ပတ်ကြည့်ရှုလိုက်သည်။ ပြင်ဆင်ဖွဲ့စည်းထားမှုကတော့ လိုလေသေးမရှိ။ ပါကေးခင်း ကြွေပြားကပ်ထားသည်။ အပေါ်ထပ်ကို ခန်းလုံးပြည့် အီတလီလုပ်ကော် ဇောခင်းထားပြီး ကျွန်းငါးထပ်သားနှင့်ဖွဲ့စည်းကာရံထားသည်။ ကျွန်းကွက်များမှာ ပေါ်လစ်ရောင်ဖြင့် အဆင်အသွေးလှပနေသည်။ ခေါင်းရင်းဘက်တွင် ပြူတင်းပေါက်များရှိသည်။ အောက်ထပ်ထပ်ခိုးလွတ်နေရာတွင် ဘုရားခန်းသဘောထားရှိ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဧည့်ခန်းနှင့်တဆက်တည်း ထမင်းစားခန်းကို ကျွန်းနှင့် ဆ
နုတ်ဖော်ထားသော ခန်းစီးကာရံမှအပ သီးခြားအခန်းဖွဲ့မထား
ချေ။ နံရံကပ်ဘီဒိုများ၌ ပန်းကန်များနှင့် အရက်ပုလင်းအချို့
ထားထားလေသည်။ ထမင်းစားခန်း၌ ရေခဲသေတ္တာတစ်လုံး
ထားရှိပြီး မီးဖိုဌ်တစ်လုံး ရှိသည်။ အဝတ်လျှော်စက်တစ်လုံး
သည်။ ဂတ်စ်မီးဖိုနှင့် လျှပ်စစ်မီးဖို၊ ထမင်းပေါင်းအိုးအစုံအလင်
တို့ကို ဒေါ်ကြီးညိုတို့ကိုယ်တိုင် ပြင်ဆင်ပေးသွားသည် ထင်
သည်။

ရှုမငြိး မီးဖိုချောင်ထဲ ဝင်ကြည့်နေစဉ်မှာပင် ဘုန်းလက်
ရုံး ရောက်လာပြီး. .

"ကျုပ်လည်း တတ်သမျှမှတ်သမျှတွေဝယ်ပြီး လုပ်ထား
တာပဲ၊ အချိန်ကနည်းနေတော့ ခင်ဗျားစိတ်တိုင်းကျပါ့မလား"

"ရပါတယ်၊ လိုတာ ကျွန်မနောက်နေ့ ဖြည့်လုပ်လိုက်
မယ် ယာယီပဲဟာ၊ ရှင် ထမင်းစားတော့မလား"

သူ စိတ်မောလူမောဖြစ်နေပုံရသည်။ မျက်နှာသည် ညှိုး
နွမ်းနေပြီး အရင်ကလို မျက်နှာကြောကြီးတင်းမနေချေ။

"သွားစရာရှိသေးတယ်၊ ခင်ဗျားနေရဲမလား လိုက်ခဲ့
မလား"

"နေရဲပါတယ်၊ အိမ်မှာ လုပ်စရာလေးတွေ ရှိနေသေး
တယ်"

အိမ်ရှင်မတစ်ယောက်ဖြစ်လာမှတော့. . ရှုမငြိး အ





ကောင်းဆုံးနေအိမ်တစ်ခုကို ဖန်တီးပေးချင်သည်။

"ဟင်. . ဘာတွေလိုအပ်သေးလို့လဲ"

"လိုအပ်တာပေါ့၊ ဘာရယ်တော့ မယ်မယ်ရရပြောလို့
မရဘူး၊ လောလောဆယ်တော့ အိမ်သစ်လိုဖြစ်နေလို့ ရှင်အား
မယ့်တစ်ရက် ဘုန်းကြီးပင့်ပြီး မင်္ဂလာဦးဆွမ်းကျွေးသဘောမျိုး
ဆွမ်းကျွေးပြီး ပရိတ်လေးဘာလေးရွတ်ပြီး အိမ်သစ်တက်သ
ဘော လုပ်ရအောင်"

"ဒါတွေတော့ ကျုပ်နားမလည်ဘူး၊ ဒါပေမယ့် လူတွေ
ဖိတ်လို့မဖြစ်ဘူးထင်တယ်"

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မလည်း မဖိတ်ပါဘူး၊
ဒါပေမယ့် မေမေတို့ကတော့ သိသွားမယ့်အတူတူ ကျွန်မမိဘနဲ့
သူငယ်ချင်းနှစ်ယောက်ကိုတော့ ဖိတ်လိုက်မယ်နော်"

"ခင်ဗျားသဘောပဲလေ၊ သွားမယ်. . သော့တွဲယူသွား
တယ်၊ သိပ်မကြာပါဘူး. ."

ရှုမငြိး ခေါင်းညိတ်ကာ တံခါးဝအထိလိုက်ပို့ပေးလိုက်
သည်။ ဘာပဲပြောပြော ချစ်သူနှင့်အတူနေခြင်းဟူသော သုခက
တော့ ရှုမငြိးမှာရှိနေပြီ။ ဘုန်းလက်ရုံးအတွက်ဆိုလျှင် ဘာပဲပေး
ဆပ်ရပေးဆပ်ရ ပေးဆပ်ချင်နေသည်။

ရှုမငြိး ထမင်းအုပ်ဆောင်းကိုဖွင့်လိုက်ပြီး ဒေါ်ကြီးညိုက
တော့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ပေးထားသည်။ တစ်
ယောက်တည်းစားသောက်ရသည်မှာ ငြီးငွေ့ဖွယ်ကောင်းလွန်း


www.burmeseclassic.com

www.burmeseclassic.com



လှသည်။

စားသောက်ဆေးကြောပြီးနောက် မီးခံသေတ္တာကိုဖွင့်ကာ ရွှေတောင်တန်းမြေနှင့်ပတ်သက်သော စာရွက်စာတမ်းများ စာချုပ်များ ဂရန်များကိုစစ်ဆေးလိုက်သည်။ ပါဝါမီတာ၊ ရေနှင့်ဖုန်း ပါပါပြီးသား ရှေးအိမ်အိုအိမ်ပျက်တစ်ခုပေပဲ။ အသစ်ပြန်ဆောက်ဖို့ အိမ်ဆောက်ပါမစ်ကျပြီးသည်ကိုတွေ့ရသည်။ နောက် ဘဏ်စာရင်းစာအုပ်။ ဘဏ်၌ထားသည့်သိန်းတစ်ထောင်ကျော်သာရှိသည်။ လက်ဝတ်လက်စားက စိန်ရံထားသော မြတစ်ဆင်စာနှင့် ယောက်ျားဝတ်စိန်လက်စွပ်နှင့် ရွှေချောင်းတစ်ချောင်း တစ်ပိဿာချောင်းဖြစ်မည်။ နောက် ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ။

ရှုမငြိုး ကော်ဇောပေါ်၌ထိုင်ကာ စာရွက်စာတမ်းများကို သီးသန့်အိတ်များနှင့် သိမ်းဆည်းပြီး ထည့်လိုက်သည်။ မိမိ၏ လက်ဝတ်ရတနာများကိုလည်း တပေါင်းတစည်းတည်းထားလိုက်သည်။ နောက် နံရံကပ်ဗီဒိုဖွင့်ကာ အဝတ်အစားများကို စိတ်တိုင်းကျ ချိတ်ဆွဲလိုက်သည်။

သူချစ်ကိုမရပေမယ့် ကိုယ်ချစ်ကိုရပြီပဲ။ နှလုံးသားကို အကျဉ်းချကာ ချစ်သူအတွက် ကိုယ့်ဘဝတစ်ခုလုံးကို ပေးဆပ်လိုက်မည်ဟု ရည်ရွယ်သည်။

စကြဲ့ကုမ္ပဏီ၏ ရှယ်ယာလက်မှတ်များကိုကြည့်ပြီး ဘုန်းလက်ရုံး မျက်နှာမကောင်းရခြင်းကို ရိပ်မိလိုက်ပြီ။ စာကြည့်





စားပွဲ၌ နှင်းဆီပန်းအိုးထိုးပေးလိုက်သည်။ (၆)မိုင်ခွဲမှအိမ်နှင့်စာလျှင်တော့ ဆီးစေ့နှင့် မြင့်မိုရ်တောင်ပမာ ကွာခြားနေပြီ။

×××တူနှစ်ကိုယ် တဲအိုပျက်မှာနေရ×××ချစ်တာ ချစ်တာ ပဓါနလို့ ဆိုချင်ပါတယ်×××

သီချင်းလေးတအေးအေးနှင့် အိပ်ခန်းဧည့်ခန်းတို့ကို စိတ်တိုင်းကျပြင်ဆင်ပြီးသွားချိန်၌ရေချိုးပြီး ညအိပ်အင်္ကျီလဲကာ ကုတင်ပေါ်၌ပင်လှဲလျောင်းကာ ဗီစီဒီအခွေကြည့်ကာ အပန်းဖြေလိုက်သည်။

ထိုစဉ် တံခါးဖွင့်သံ၊ ပိတ်သံကြားပြီး ဘုန်းလက်ရုံးပြန်ရောက်လာသည်။ သူဆင်းကြိုမည်လုပ်စဉ် သူကထပ်ခိုးသို့တန်းတက်လာသဖြင့် ကိုယ်ရှိန်သပ်လိုက်သည်။

"ရေချိုးလိုက်ဦးမယ်"

အင်္ကျီကို ကူချွတ်ပေးမည်ပြုစဉ်. .

"နေနေ. . ရတယ်"

သူတားဆီးသည့်ကြားက ရှုမငြိုးက ဝိုင်းကူပေးလိုက်သည်။ အောက်ထပ်ဆင်းသွားပြီး ရေချိုးရသည်။ ရေချိုးခန်းတွင် မျက်နှာသုတ်ပုဝါ ကိုယ်သုတ်သဘက်များကို ရှုမငြိုး အဆင်သင့် ထားပေးထားပြီးဖြစ်သည်။

တိုက်ခန်းကျဉ်းလေးကမှ သူနှင့်ရှုမငြိုးကို ပိုမိုနီးကပ်စေသည်။ နွေးထွေးမှုပိုစေသည်။

သူတက်လာစဉ် ညအိပ်အင်္ကျီကိုကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ချွတ်လိုက်သောပုဆိုးကိုယူကာ အဝတ်ခြင်းထဲသို့ထည့်လိုက်သည်။

"ရပါတယ်. . ကျုပ်အလုပ် ကျုပ်လုပ်ပါ့မယ်၊ နေ့စဉ် ထမင်းဟင်းကို ဒေါ်ကြီးပဲချက်ပြုတ်ပြီး မောင်ထွေးကို လာပို့ခိုင်းလိုက်တယ်"

"တာ. . မလိုပါဘူး ကျွန်မချက်နိုင်ပါတယ် ဘာအလုပ်မှ လဲမရှိဘဲ၊ နောက်ပြီးတော့ သူ့ကိုပြောချင်တာတစ်ခုရှိတယ်၊ သူ့ လုပ်ငန်းထဲ ငွေလည်ပတ်ဖို့ လိုအပ်ချင် လိုအပ်လိမ့်မယ် ကျွန်မ ကားကို ရောင်းလိုက်ရင်ကောင်းမယ်"

"ဘာ. ."

သူသည် လှဲလျောင်းနေရာမှ ဆတ်ခနဲထထိုင်ပြီး ရှုမငြိး ကိုမျက်မှောင်ချီ၍ကြည့်လိုက်သည်။

"ခင်ဗျားဘာတွေသိထားလို့ ကျုပ်ကိုဒီစကားပြောတာ လဲ"

"ညနေသုံးနာရီခွဲလောက်က. . ကျွန်မ ရှင့်ရုံးခန်းကို ရောက်ခဲ့တယ်၊ ရှင့်ဆက်ခ်ကက်ထရီနဲ့ စကားပြောဖြစ်ကြတယ် ကုမ္ပဏီရဲ့အကြောင်း မေးမြန်းရင်း သိခဲ့တာ"

"ခင်ဗျား စပ်စုစရာမလိုဘူးလေ"

"လင်မယားဆိုတာ ဆိုးအတူ ကောင်းဘက်လေ၊ တစ်ယောက်အခက်အခဲရှိရင် တစ်ယောက်ဖြေရှင်းပေးရမှာပဲ၊ လိုအပ်ရင် အပိုဖြစ်နေတဲ့ ကျွန်မကားကိုရောင်းလိုက်ပါ စိန်တွေ





လည်းရှိသေးတယ်"

"တော်ကွာ. . ကျုပ် မင်းကိုယူတာ မင်းဘဝကို ကျုပ်ရဲ့ အလုပ်အကျွေးအဖြစ် ရာသက်ပန်သိမ်းပိုက်သွားဖို့တစ်ခုပဲ၊ ခင်ဗျားဆီက ဘာမှမမျှော်ကိုးဘူး၊ ကျုပ်မသိဘဲ ခင်ဗျားဘာမှမလုပ်ရဘူး. . ဒါပဲ"

ထိုစဉ်. . မီးပျက်သွားသဖြင့်. .

"ဟင်. . ဒုက္ခပါပဲအိုက်တော့မှာပဲ"

သူက မီးခလုတ်ထပိတ်လိုက်သည်။

"အင်ဗာတာ ဖွင့်ဦးမလား"

"ဟင့်အင်း. . အိပ်တော့မယ်. ."

ဘုန်းလက်ရုံး ပြောပြောဆိုဆို ပြန်လှဲလိုက်သည်။ အနည်းငယ်လျှောင်သဖြင့် ရှုမငြိး နောက်ဘက်ပြူတင်းပေါက်များ ကို ဖွင့်လိုက်သည်။ ခြင်လုံဇကာကိုတော့မဖွင့်. .။

"အမိ. ."

"ရှင်. ."

"စိတ်ညစ်နေပြီလား"

"ဘာကိုလဲ. ."

"ခုလိုတိုက်ကျဉ်းလေးမှာနေရမယ်လို့ အမိအိပ်မက်မက် ခဲ့ဖူးရဲ့လား. ."

ရှုမငြိး အမှောင်ထဲ၌ပြုံးလိုက်မိသည်။

"မမက်ခဲ့ဖူးပေမယ့် မက်ခဲ့ဖူးတဲ့ မှော်ဘီတာလို ခြံမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ရှာ့ အိပ်မက်အတိုင်း အကောင်အထည်ဖော်လိုက်တာပဲ"

"အင်း. . ဟုတ်သားပဲ အဲဒီမှာသွားအိပ်ရအောင် လေ လေးတဟူးဟူးနဲ့ဇိမ်ပဲ. ."

"ခုလည်း အိပ်ပါ. . ယပ်ခပ်ပေးမယ်"

ရှုမငြိုးက ယပ်ခပ်ပေးလိုက်သည်။

သို့သော် ကြာကြာခပ်ပေးခွင့်မရလိုက်ချေ။ ယပ်ခပ်ပေး နေသော ရှုမငြိုး၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကာ တားဆီး လိုက်သည်။

"ဘာဖြစ်လို့လဲ. ."

"ကျုပ်အပေါ် အဲဒီလောက်လုပ်ပြဖို့မလိုပါဘူး. . ကျုပ် က ခင်ဗျားအပေါ် ကောင်းတဲ့ လူတစ်ယောက်မှမဟုတ်တာ"

ရှုမငြိုးက လက်ကိုရုန်းကာ. .

"ကျွန်မ ဘာမှမမျှော်လင့်ဘူး၊ ဒါပေမယ့် ရှင့်ကိုလုပ်ပေး ချင်တယ်၊ အဲဒီလိုလုပ်ပေးခွင့်ရနေတာကိုပဲ ကျွန်မကျေနပ်ပျော် ရွှင်နေမှာပါ"

"ဟာကွာ. ."

ရှုမငြိုး သူ၏ မချင့်မရဲတွေးပိုက်မှုကိုခံလိုက်ရပြီး သူ့ရင် ခွင်သို့ အလိုအလျောက်ရောက်ရှိသွားလေသည်။

ရှုမငြိုးအတွက် နွေးထွေးသွားသကဲ့သို့ ခံစားလိုက်ရ သည်။

တစ်နေ့နေ့မှာ သူ့မျှော်လင့်ချက်တွေ ပြည့်ဝလာမှာပါ။





လင်မယားဟူသော သံယောဇဉ်ကတော့ သူတို့နှစ်ဦးကို ချည် နှောင်ရစ်ပတ်သွားလိမ့်မည်ဟု ရှုမငြိုးမျှော်လင့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"ဟင်. . . ဘယ်ဖြစ်မလဲ၊ အိမ်မှာပဲ ပြန်လာနေကြပါလား"

မိခင်ဒေါ်မြင့်မြတ်က မယုံကြည်နိုင်သလိုဖြစ်ပြီး မြောလိုက်သည်။

"မနေချင်ပါဘူး. . တိုက်ခန်းကကောင်းပါတယ်"

"ဒါဖြင့် ဘောက်ထော်ကအိမ်မှာ သွားနေကြပါလား။ အိမ်ငှားတွေကို ထပ်မတင်တော့ဘူးလေ၊ နောက်လဆိုပြည့်ပြီ"





"သူလက်ခံပါ့မလားမသိဘူး"

"အိုကွယ် ညည်းခုလို ကျဉ်းကျဉ်းကျုံ့ကျုံ့နေရတာတော့ မေမေ့ မကြည့်ရက်ပါဘူး"

"ကောင်းပါတယ် မေမေလိုက်ကြည့်လေ၊ တိုက်ခန်းဆိုတော့ ပတ်ဝန်းကျင်ကလည်းရှိတာပဲ၊ ပြီးတော့ ရွှေတောင်ကြား မှာသူ့အိမ်ရှိတယ် အဟောင်းကိုဖျိုပြီး ကားဂိုဒေါင် အလုပ်သမားတန်းလျားသဘော ဆောက်ပြီးပြီ အဲဒါ သူဆက်ဆောက်မယ် ပြောတယ်. ."

"အေးလေ. . ချစ်လို့ အလောသုံးဆယ် စိုးရိမ်ယူကြပြီးမှတော့ ချစ်သူအတွက်အကောင်းဆုံးဖြစ်အောင်တော့ သူဖန်တီးပေးမှာပဲပေါ့လေ၊ ဒါပေမယ့် အိမ်သန့်ရှင်းရေး၊ အချက်အပြုတ်၊ အလျှော်အဖွတ်အတွက်ကတော့ အငယ်လေးကို သူရှိုးသွားချိန် လောက်လွှတ်ပေးမယ်. ."

"ရပါတယ် မေမေ. . ရက်ခြားလောက်ဆိုရင် ဖြစ်ပါတယ် အိမ်မှာစားဖြစ်ကြတာနည်းနည်းပါ၊ ဒါထက် ဖေဖေ ဒုံမန်နေဂျင်းနေရာ ရွေးလိုက်ပြီလား"

"မရွေးရသေးဘူး သမီးကို ခွင့်ရက်ရှည်အနေနဲ့ပဲထားထားတာ. ."

"ဒါဖြင့် သမီးပြန်ဝင်လုပ်ချင်တယ် မေမေ. ."

"ယောက်ျားယူပြီးမှများအေ၊ တော်ကြာ သားသမီးရလာရင်. ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအခါလည်း အဲဒီအလျောက်ပေါ့. . ၊ လောလော ဆယ်တော့ သူသွားရင် သမီးပျင်းတယ်မေမေ. ."

"အင်း. . ဒါဖြင့် ညည်းအဖေကိုသွားပြောလိုက်လေ"

"ဒါဖြင့် ကုမ္ပဏီပဲလိုက်သွားတော့မယ်"

"ဟဲ့. . ထမင်းစားသွားဦးလေ"

"ဟင့်အင်း. . မဆာသေးဘူး မေမေရဲ့"

ရှုမငြိမ်း ပြောပြောဆိုဆို ပြန်ထွက်ခဲ့သည်။ အငယ်လေး ကိုတော့ သေသေချာချာနှုတ်ပိတ်ထားသဖြင့် မိဘများကို ပြော လိမ့်မည်မထင်ချေ။

ဖုန်းထံရောက်သွားတော့ ဖခင်က လျှောလျှောရှုရှုပင် ခွင့်ပြုလေသည်။ ဖခင်၏ခွင့်ပြုချက်ရပြီးမှ ရှုမငြိမ်း ဘုန်းလက်ရုံးနှင့် ပြုပ့်မလားဟု စိုးထိတ်မိသည်။ ထို့ကြောင့် ဖုန်းဆက်ကာ ခွင့်ပန် လိုက်သည်။

"ဦးဘုန်းလက်ရုံးလား. . ကျွန်မပါ. ."

"ဆို. ."

"ဒုမန်နေဂျင်းအတွက် ဖေဖေ့မှာအခက်အခဲဖြစ်နေလို့ ကျွန်မ ခဏဝင်ကူပေးချင်တယ်ဖြစ်မလားဟင်. ."

ရှုမငြိမ်း အပျော့ပျောင်းဆုံးနှင့် အငြင်သာဆုံးတောင်းပန် တိုးလျှိုးလိုက်သည်။ တဘက်မှ အတန်ကြာအောင် ငြိမ်သက်နေ ပြီးမှ. .

"ကျုပ်တစ်ယောက်တည်း ရှာတဲ့ဝင်ငွေနဲ့ ခင်ဗျားစည်း





အပြည့် နေနိုင်မှာမဟုတ်ဘူးလို့ ယူဆလိုက်လို့များ တမင် ဝင်လုပ်နေတာလား. . အမိ"

"အိုမဟုတ်ရပါဘူးကွယ်၊ တို့က ဖေဖေ့ကိုကူညီချင်လို့ ဒုမန်နေဂျင်းရာထူးဆိုတော့. . သူသိပါတယ် စိတ်ချရတဲ့သူမှ မှာ သူမကြိုက်ရင်တော့လည်း"

"ကြိုက်တော့မကြိုက်ဘူး၊ ဒါပေမယ့် ဒယ်ဒီ အကူအညီ တယ်ဆိုရင်တော့လည်းလုပ်ပေါ့၊ ဒါပေမယ့် အမြဲတစေတော့ ဟုတ်ဘူးနော်. ."

"So Thanks"

ရှုမငြိမ်း တယ်လီဖုန်းခလုတ်ပိတ်လိုက်သည်။

ဘုန်းလက်ရုံးသည် ထင်သလောက်မဆိုးလှပေ။ ကလဲ့ ချေလို၍ ယူလိုက်ပါသည်ဆိုတော့ မိန်းမတစ်ယောက်အ တွက် သူ အားကြိုးမာန်တက် ရှာဖွေနေပြီ။

ရှုမငြိမ်း စိတ်ချလက်ချပင် ဒုမန်နေဂျင်းစားပွဲပေါ်ရှိ ဖိုင်တွဲ ကိုဖွင့်လိုက်သည်။ နောက် အတွင်းရေးမှူး မိန်းကလေးကို ခေါ်ယူကာ သိလိုသည်တို့ကို မေးမြန်းလိုက်သည်။

အလုပ်က ကျွမ်းကျင်နေပြီဖြစ်ခြင်းကြောင့် အုပ်ချုပ်မှု န်နေဂျင်းကိုခေါ်ယူကာ လိုအပ်သည့်အကြောင်းအရာတို့ကို မေးမြန်းလိုက်သည်။

ညနေ(၅)နာရီအမီ အိမ်သို့ပြန်လိုက်သည်။ အိမ်ထဲ၌ ငြိမ်သက်နေသည်။ ဒေါ်ကြီးညို လာရှင်းပေးထားသည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီပြန်ဟင်းလျာများက အုပ်ဆောင်းအောက်ဝယ် အ
ဆင်သင့်ခူးခပ်ထားသည်။ မီးဖိုချောင် White Board ၌ ယို
ယားဟင်းချိုကို စားခါနီးနွှေးသောက်ပါ (ဒေါ်ကြီး) ဟုရေးထ
လေသည်။ အဝတ်အစားဟောင်းများကိုလည်း လျှော်ဖွတ်
တိုက်ပေးပြီးဖြစ်လေသည်။ သူ့ထဘီကိုပါ တိုက်ပေးသွားသ
ရှုမငြီး အားနာရလေသည်။ စိတ်ထဲထင့်၍ မနက်ကလျှော်ဖွတ်
၍ တော်သေးသည်။

ထိုစဉ် ဘုန်းလက်ရုံးပြန်ရောက်လာသည်။ မျက်နှာ
နီရဲပြီး အပေါ်ထပ်သို့တန်းတက်ကာ အိပ်ရာထဲထိုးအိပ်လို
သဖြင့် ရှုမငြီးစိုးရိမ်သွားသည်။

"သူဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

အငြင်သာဆုံးသောလေသံနှင့် မေးလိုက်သည်။ သူ့
မှ တုန့်ပြန်မှုမကြားရ၊ ခေါင်းအုံးနှင့်မျက်နှာကပ်ထားသည်။
ခုခုအတွက် ခံစားနေရပုံရသည်။

ရှုမငြီးက သတိရပြီး သံပုရာရည်တစ်ခွက်ကို ဒေါ်
ညို့လက်ရာအတိုင်းဖျော်ပြီး သူ့အပါးပြန်တက်ခဲ့သည်။

"သံပုရာရည်သောက်လိုက်ပါလား. နေမကောင်း
လား. . တို့ဘာလုပ်ပေးရမလဲ. ."

သူ ခေါင်းမထောင်သေး တစ်ဖက်ကိုစောင်းလိုက်သည်

"ဘုရားရေ. သူငိုနေပါလား" ဟု ရင်တွင်း တအံ့တ
မြည်တမ်းလိုက်သည်။ ယောကျ်ားမျက်ရည်. . .





ယောကျ်ားမျက်ရည်သည် ဤမျှလောက်လွယ်လိမ့်မည်
တော့ သူ့ခံစားချက်သည် အင်မတန်ပြင်းထန်၍သာ ဖြစ်လိမ့်
မည်။

နောက် ဖုန်းကောက်ကိုင်ကာ ဖုန်းဆက်ပြန်သည်။

"ဘယ်လိုလဲ အဆင်ပြေနိုင်ပါ့မလား၊ ဘယ်လောက်
ပေးရပေးရဗျာ၊ ချာပနမှီမှဖြစ်မယ်"

တစ်ဖက်ကပြောသံကို မကြားရ. .

"တစ်ပတ်တော့ထားမှာပဲ."

". . . . . . . ."

"မေမေတို့လည်း အရောက်သွားမှာပါ."

". . . . . . . . ."

"ဟုတ်ကဲ့. . ဖြစ်နိုင်ရင် မနက်ဖြန်သွားချင်တယ်"

". . . . . . . . . ."

"ကျေးဇူးပါပဲ."

ဖုန်းပိတ်လိုက်သည်။ နောက် အိပ်ရာထက် ပြန်လှဲချပြီး
တ်စိစုံမှိတ်ထားလိုက်သည်။

"ရှုမငြီး. ."

"သူဘယ်သွားမလို့လဲ. ."

". . . . . . . . . ."

သူ့ရင်မှာ သောကလုံး ဆို့နင့်ကောင်းဆို့နင့်နေမည်။
သို့သော် ထိုသောကလုံးအတွက် ဖြေသိမ့်မှုတော့ပေး



www.burmeseclassic.com

www.burmeseclassic.com



သင့်သည်ထင်ပါသည်။ အကြောင်းအရင်းမှန်ကို မသိတော့ခ
သည်။

"သူ ဘာဖြစ်လို့လဲ၊ တို့ မျှဝေခံစားပေးချင်တယ်"

ဘုန်းလက်ရုံး မျက်ဝန်းဖွင့်လာသည်။ သို့သော် မျက်ရည်များနှင့်အကြည့်ခါတ်ဖုံးကာ ရီဝေသောအကြည့်ဖြင့်ကြည့်လိုက်သည်။

"ရှုမငြိုး"

"ပြောလေ. ."

"ညီ. . ညီမလေး. . ဆုံးသွားပြီ. "

"ဟင်. "

ရှုမငြိုး ရုတ်တရက်အံ့အားသင့်ကာ ကြက်သေသေသွားသည်။ သူလည်း စကားပြောဖို့ အားယူနေပုံရသည်။

"ဂျပန်မှာ ကျောင်းတက်ရင်း အလုပ်လုပ်နေတဲ့ ညီမလေး မွန်တာရာလား"

သူခေါင်းညိတ်လိုက်သည်။

ရှုမငြိုးမောင်လည်း မွန်တာရာကဲ့သို့ပင် ဂျပန်၌ကျောင်းတက်ရင်း အလုပ်လုပ်နေသည်။ ကိုယ်ချင်းစာတရားတို့ဖြင့် ရှုမငြိုးရင်ထဲ ကြေကွဲဝမ်းနည်းကာ.

"ဖြစ်ရလေ သူရယ်၊ ဘာဖြစ်လို့လဲဟင်"

"ကားအက်ဆီးဒင့်လို့ပြောတာပဲ"

"အို. . တို့စိတ်မကောင်းပါဘူးတို့ ဘာကူညီပေးရမယ်"





"ကျွန်တော် လက်မှတ်ရတာနဲ့သွားမယ်၊ ဒီတော့ ခင်ဗျား မိဘအိမ်ပြန်နေချင်နေပါ"

"ဟင့်အင်း. . မနေပါဘူး၊ အငယ်လေးကို ညအိပ်ဖော် ခေါ်ပြီး ဒီမှာပဲနေမယ်၊ သူရဲ့အဝွေ့အသက်တွေက ဒီမှာရှိတာပဲ၊ အိမ်ထောင်ကျပြီးမှတော့ တို့ဘဝကို သူပဲပိုင်သွားပြီသူ့အရိပ်ကိုပဲ တို့မှီခိုအားထားတယ်၊ သူဘာတွေယူသွားမလဲ မမေ့အတွက် ဝယ်ထားတဲ့အစတွေနဲ့ ထိုးခိုင်းထားတဲ့ သုံးပင်လိမ်ဆွယ်တာ ခေါင်းစွပ်တွေကို ထည့်ပေးလိုက်မယ်နော်"

"ရပါတယ်. "

"တို့လိုက်ခဲ့ချင်တယ်၊ ဒါပေမယ့် တို့ကိုမြင်ရင် သူ့မိဘတွေ သောကအပေါ် ဒေါသဆင့်မှာလည်းစိုးတယ်၊ သူငွေလိုမယ် ထင်တယ်"

"ရတယ် ဒါတွေဘာမှမပူနဲ့ ဟိုမှာနည်းနည်းကြာချင်ကြာမယ်၊ ဒါကြောင့် မနက်ဖြန်လုပ်ငန်းအတွက် လိုအပ်တာကိုလုပ်ရအောင်ခင်ဗျားကို GP လွှဲထားခဲ့မယ်"

"ဟင်. . သူ့ ဒုမန်နေဂျင်း လုပ်လို့ရရဲ့သားနဲ့"

"ဒါပေမယ့် ခင်ဗျားကကျုပ်မယားပဲလေ၊ ခင်ဗျားပိုင်ဆိုင်တဲ့ကုမ္ပဏီပဲပေါ့၊ ခင်ဗျားလည်းလေ့လာထားသင့်တယ်"

"သူ့ကို ဝိုင်းကူညီလုပ်ဖို့ဆို တို့လုပ်ပေးမယ်၊ ဒါပေမယ့် ပိုင်ဆိုင်ခွင့်တွေဘာတွေတော့ တို့လက်မခံနိုင်ဘူး. . ၊ ကိုင်း သူ ထမင်းစားမလား. . တစ်ခုခုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မစားချင်သေးဘူး"

"ဒါဖြင့် ဘုရားသွားကြရအောင်လား၊ သူ့ညီမလေးအတွက် အမျှအတန်းဝေပေးကြရအောင်လား"

"အင်း. . ရေချိုးလိုက်ဦးမယ်"

ရှုမငြိုးရင်ထဲ သက်သာရာအနည်းငယ်ရသွားသည်။

ဘုန်းလက်ရုံး၏ သောကဝေဒနာများ လျော့ပါးသွားစေချင်သည်။ ရှုမငြိုးကိုယ်တိုင်ကလည်း မောင်တစ်ယောက်ကဂျပန်၌ ပညာသင်ရင်း အလုပ်လုပ်နေသူဖြစ်သည်။ နောက်.. စီးပွားရေး ပါရဂူဘွဲ့ယူပြီးလျှင် ပြန်လာခိုင်းပြီး သူရိုက်ကုမ္ပဏီမှ မိမိနေရာအား လွှဲပြောင်းပေးလိုက်တော့မယ်။

ရှုမငြိုး သူ့အတွက် ပုဆိုးနှင့်ရှပ်အင်္ကျီကိုထုတ်ပေးလိုက်သည်။ ဘုန်းလက်ရုံးသည် အမြဲတစေ ဘောင်းဘီဝတ်တတ်သူဖြစ်သည်။ အိမ်ကိုလည်း ညအိပ်မှပြန်လာသဖြင့် ညအိပ်ဝတ်စုံနှင့်သာ တွေ့ရသည်ကများသည်။

ဘုန်းလက်ရုံး ရေချိုးခန်းမှထွက်လာတော့ ရှုမငြိုးက ရေစက်ရေပေါက်အကြွင်းအကျန်တို့ကို ကူသုတ်ပေးလိုက်သည်။

"ကျုပ်ထင်ထားတာတွေ. . တစ်ခါတစ်ရံ မှားယွင်းနေတတ်တယ်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကို အလှမာန်နဲ့ အတော်မာနကြီးလိမ့်မယ်ထင်ထားခဲ့တာ"





"ရွှေအကြောင်း ဖယောင်းမှသိသလို လူအကြောင်းဆင်းမှသိတယ်တဲ့၊ ပုဆိုးဝတ်မယ်မဟုတ်လား. . ထုတ်ထားမိတယ်"

"အင်း. . ဘုရားသွားတာပဲ ပုဆိုးပဲကောင်းတယ်"

"တို့ကားမောင်းမယ်နော်"

"မိန်းမတစ်ယောက်မောင်းတဲ့ကားကို အမိန့်သားထိုင်မစီးချင်ဘူး"

"အဲဒီမိန်းမဟာ အခြားသူမဟုတ်ဘဲ သူ့ရဲ့မိန်းမလေး၊ သူစိတ်သောကရောက်နေတယ်မဟုတ်လား အေးအေးဆေးဆေးပဲ နားနားနေနေလိုက်ခဲ့ပါ တို့မောင်းမယ်နော်"

"ဒါဖြင့် ကျုပ်ကားသော့ပဲယူ"

ကားသော့နှစ်တွဲယှဉ်ချိတ်ထားရာ ရှုမငြိုးက မိမိကားသော့ယူရန် လက်လှမ်းလိုက်သော်လည်း သူကဟန့်တားလိုက်သဖြင့် သူ့အလိုကျလိုက်လျောလိုက်သည်။

"ပြန်လာရင် ထမင်းစားရမယ်၊ ဒေါ်ကြီးက သူ့အကြိုက်ဆိတ်သားခါးပတ်ကြော်ထားတယ်"

တိုက်ခန်းတံခါးကို ရှုမငြိုးပိတ်မည်လုပ်သောအခါ ဘုန်းလက်ရုံးက. .

"ဆင်းနှင့်ကျုပ်ပိတ်လိုက်မယ်"

ဘုန်းလက်ရုံး၏ ကလေးစားချေချင်၍ လက်ထပ်ပါသည်ဟူသောရည်ရွယ်ချက်ကို ရှုမငြိုးနားမလည်နိုင်အောင်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှုမငြိး စိတ်နှလုံးကို အကျဉ်းချသိမ်းပိုက်ထားမည်တဲ့လား။ ဒီလိုသိမ်းပိုက်ပုံမျိုးတော့ ရှုမငြိးတို့ ဒီဘဝမက ဆယ်ဘဝမျှပင် ခံလိုက်ချင်သေးသည်။

ကားမောင်းရင်း. . အလုပ်ကိစ္စများ သူ့ကိုမှာကြားနေသေးသည်။ ဘုရားကိုရောက်တော့ ပန်းကပ်လှူသည့်အခါလည်း ရှုမငြိး ထံမှပန်းကို စောင့်ယူကာ အတူတကွပေါင်းစည်းပြီးမှ ပန်းအိုးထဲစိုက် ကာကပ်လှူသည်။

"ညီမလေးက ကြာသပတေးသမီးမှတ်လား"

"ဟုတ်တယ်"

"အဲဒီထောင့်မှာ ပန်းရေချမ်းကပ်လှူပြီး ဆုတောင်းအမျှဝေပေးရအောင်နော်"

ဟု ဘုရားရင်ပြင်တော်ပေါ် ရောက်ရောက်ခြင်း ရှုမငြိး ပြောသောအခါ 'ကျေးဇူးပဲ' ဟုသူကဆိုသည်။

သူ့ထံမှ ပထမဦးဆုံးသော ကျေးဇူးတင်စကားပင်။

ဘုရားရိပ်၏အေးချမ်းမှုကြောင့် သူ့မျက်နှာပြင်ပေါ်မှ သောကအရေးအကြောင်းများ လျော့ပါးသွားလေသည်။

ရှုမငြိးအတွက်တော့ တကယ်ကိုပင် မောင့်မျက်နှာကို တစ်ရှာမှတ်ထင်ကာ အချစ်နှောင်ကြိုး အထပ်ထပ်ရစ်ပတ်မိလေသည်။







# အခန်း(၂၂)

ရှုမငြိးကိုကြည့်ပြီး သူ့ရင်ထဲ၌ တစ်ခုခုခံစားနေရသည်။ တစ်ယောက်တည်းထားခဲ့ရမည်။ ဒေါ်ကြီးညိုနှင့် မောင်ထွေးနှင့်အတူ ရှုမငြိးက လေဆိပ်သို့လိုက်ပို့သည်။

"ဒေါ်ကြီး တိုက်ခန်းမှာသွားနေပေးနော်၊ ကျွန်တော် စိတ်ချမယ်"

"စိတ်ချပါ. . "



www.burmeseclassic.com

www.burmeseclassic.com



ရှုမငြိုးမျက်နှာ နွမ်းလျနေသည်။ တကယ်တမ်းခွဲခွါခြင်း အတွက် ခံစားနေရပြီလား။

ထိုစဉ် ဒေါက်တာအုပ်စိုး ရောက်လာသည်။ ဒေါက်တာ အုပ်စိုးက သူ့လက်ပေါ်တွင် ကြီးပြင်းခဲ့ရသောမွန်တာရာကို အင် မတန်ချစ်ခင်သူဖြစ်သည်။

"ညီမလေးအတွက် ကိုယ်ဆုတောင်းပေးတယ်ကွာ. . ။ ရော့ ဒီဖုန်းနံပါတ်ကိုဆက်သွယ်လိုက်၊ သူတို့ ညီလေးကို လာ တွေ့လိမ့်မယ် ကိုကိုစိုးသူငယ်ချင်းတွေပဲ"

"ရပါတယ်ကိုကိုစိုး. . ."

"မဟုတ်ဘူး ညီလေး၊ မင်းက မဆက်သွယ်ရင် သူတို့ရှာ ဖွေရခက်လိမ့်မယ်၊ ကိုကို ဖုန်းတော့ဆက်လိုက်မယ် ညီမလေး အတွက် ကိုကိုကုသိုလ်လည်းပါဝင်ဆုတောင်းပေးချင်တယ်"

"ကောင်းပြီလေ ကျွန်တော် ဆက်သွယ်လိုက်ပါ့မယ်"

ဘုန်းလက်ရုံး ဒေါက်တာအုပ်စိုးအား ရှုမငြိုးကိုမအပ်။ အစ်ကို့ညီမကို စောင့်ရှောက်လိုက်ပါဟု ပြောသင့်သလား။ မ ပြောသင့်ဘူးထင်ပါသည်။

တစ်ကယ်ဆို ရှုမငြိုးအပေါ်၌ သူနောက်ဆံမတင်းသင့်။

"ကိုင်း. . ကိုကိုကိစ္စရှိလို့ပြန်ဦးမယ်၊ ပြန်ဦးမယ်နော် ညီမလိုအပ်တဲ့အကူအညီရှိရင် ကိုယ့်ဆီကိုဖုန်းဆက်လိုက်ပေါ့ ကွယ် အန်တီ့ဆီပြန်မနေဘူးဆို"

"သတင်းတွေက တယ်မြန်ပါလား"





သူ့စိတ်ထဲကျွမ်းတိုမိလေသည် ထို့ကြောင့် အပြုံးနှင့်အ ပေါ်တူးစကားဆိုမိသည်။

"မြန်ဆို မေမေနဲ့အန်တီသန်းနဲ့က ငယ်သူငယ်ချင်းအ ရင်းကြီးတွေကို မောင်ရယ်၊ ထစ်ခနဲရှိ မေမေက အန်တီသန်း ကိုပဲ ပုဏ္ဏားတိုင်လုပ်နေကြဖြစ်နေပြီ"

"ကိုင်း. . ဒီတစ်ခါတော့ တကယ်ပြန်ပြီညီလေး"

"ကောင်းပါပြီ. . ကိုကိုစိုး"

ဒေါက်တာအုပ်စိုး ပြန်သွားသည်။

ဘုန်းလက်လုံးစိတ်ထဲ မရွှင်ပျနိုင်ချေ။

"မမိဘအိမ်ပဲ ပြန်နေချင်နေလိုက်ပါလား၊ ချယ်ရီတို့ လည်း မင်းမမဆီနေ့တိုင်းဝင်ထွက်နော်"

"ဟုတ်ကဲ့ပါ ဆရာ."

"မဟုတ်တာမောင်ရယ် မလည်းအလုပ်နဲ့ သူတို့လည်း အလုပ်နဲ့ အားချိန်ရှိကြတာမှမဟုတ်တာ၊ မအတွက် ဘာအကူ အညီလိုရမှာလဲ"

ဘုန်းလက်ရုံး ရှက်သွားသည်။ သူ့စိတ်တွေမရိုးသား တော့ ဘူးထင်သည်။ ပုံမှန်အနေအထားကော ဟုတ်ပါလေစ။

မုန်းတီးပါသည်။ ယူပြီး ဒီမိန်းမကို ပညာသားပါပါနှင့် နှိပ်စက်ပြလိုက်မည်။ ဥပေက္ခာပြုပြလိုက်မည်။ ကိုယ်ချစ်ကြောင်း နှလုံးအိမ်ကို ဆာယ်အတိုင်းအတာအထိ ထိရှခံစားစေတတ် ကြောင်း ဒီမိန်းမနားလည်ကာ ဝင့်လည်သွားစေရမည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်တို့သည် တဖြည်းဖြည်း မှေးမှိန်သွားလေပြီလား။

ပြည်ပခရီးစဉ်ကို ခေါ်ဆောင်နေပြီဖြစ်ရာ သူ လိုက်လံပို့ဆောင်သူအားလုံးကို နှုတ်ဆက်လိုက်သည်။

နောက်ဆုံးနှုတ်ဆက်သူမှာ ဇနီးသည်ဖြစ်နေသည်။

"မသွားမယ်"

ရှုမငြီးခေါင်းညိတ်ရုံသာ ညိတ်လိုက်သည်။ သူ့မျက်ဝန်းဝယ် မျက်ရည်များက ရစ်သိုင်းဖွဲ့နေပါလား။

သူ့ရင်ထဲ ဟာခနဲဖြစ်သွားပြီး ချက်ခြင်းပင် ကျောခိုင်းထွက်ခဲ့သည်။ ဘယ်လိုဖြစ်ပါလိမ့်။

ပြည်ပခရီးစဉ်ကို မကြာခဏသွားခဲ့ဖူးသည်။ မိဘညီအစ်ကိုမောင်နှမများနှင့်လည်း ခွဲခွါသွားဖူးသည်။ ဤကဲ့သို့သော ခံစားချက်မျိုး တစ်ခါမှ မဖြစ်ပေါ်ဖူးပါလား။

ကားပေါ်မှအဆင်း လေယာဉ်လှေခါးပေါ်တက်ခါနီး လှမ်းကြည့်မိသည်။ ပိုးပုဝါအဖြူလေးရမ်းကာပြနေသော ရှုမငြီး၏ပုံရိပ်ကို သူကောင်းစွာလှမ်းမြင်လိုက်ရသည်။

လက်ကိုယောင်ရမ်းကာ ယမ်းပြလိုက်သည်။

နောက်သတိရလိုက်သည်။

ဒီလောက်အထိ အသည်းမပိုသင့်ဘူးဟုထင်သည်။

ဒါ သံယောဇဉ်မြစ်ဖျားခံခြင်း၏ အစပေလား။

ဘုန်းလက်ရှုံးလက်ကို ရုတ်သိမ်းလိုက်ပြီး အကြည့်ကိုလေယာဉ်လှေခါးဆီသို့ပို့ပြီး တောက်လျှောက်ပင်တက်ခဲ့သည်။





လေယာဉ်ပေါ်ရောက်တော့ ပြူတင်းပေါက်မှတဆင့် ငေးကြည့်မိသည်။ ရှုမငြီးရှိနေဆဲဟု မှန်ဝါးဝါးလှမ်းမြင်နေရသည်။ လူအများကြားမှ သူ့ရှုမငြီးတစ်ယောက်ထဲကို ရွေးကာအဲတွဲပြားပြားမြင်နေရခြင်းသည် ဘာကြောင့်နည်း။

ရှုမငြီးတစ်ယောက်ထဲကိုပဲ သူရွေးချယ်ကြည့်ခဲ့မိ၍သာ လျှင်ဖြစ်မည်။ သြော်သံယောဇဉ်ဟူသော ကြိုးတစ်ချောင်းသည် အနေနီးခြင်းကပဲ စတင်ပေါက်ဖွားလာလေသလား. . ။

လေယာဉ်ပြေးလမ်းပေါ်မှသည် ဝေဟင်ပေါ်သို့ တရွေ့ရွေ့တက်လာစဉ် မမြင်နိုင်တော့ပြီဖြစ်သော ရှုမငြီးရှိရာသို့ မှန်းဆကြည့်ရင်းမှ လူကသာလေယာဉ်ခေါ်ဆောင်ရာနောက်လိုက်ပါလာရသည်။ ဘုန်းလက်ရှုံးစိတ်အလျဉ်ကတော့ ရှုမငြီးထံ၌သာကျန်ရစ်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၃)

ရှုမငြီး လွမ်းဆွေးခြင်းဟူသောဝေဒနာကို ခံစားရလေ း တစ်ဖက်သတ်အချစ်၏ နှိပ်စက်မှုကို ခံစားရပြီ။

ဘုန်းလက်ရုံးမှ ဘန်ကောက်လေဆိပ်သို့အရောက်တွင် တ်လိုက်သော တယ်လီဖုန်းလာသောအခါ ဝမ်းသာအားရပင် လိုက်မိသည်။

“အမိ. .”



www.burmeseclassic.com

www.burmeseclassic.com



"မောင်လား မောင်ဘယ်ကဆက်တာလဲ နေကောင်းရဲ့လား"

မျက်ရည်စများဝဲရစ်ပြီး မေးခွန်းများကို တရစပ်မေးလိုက်မိလေသည်။ သို့သော် ဘုန်းလက်ရှုံး၏တုန့်ပြန်မှုက စိမ်းကားလွန်းလှသည်။

"အနားမှာ ဘယ်သူရှိနေလို့လဲ"

"ရုံးခန်းမှာ"

"သြော် ပြီးရော ကျုပ်ကိုမောင်လို့မခေါ်နဲ့ ဟန်ဆောင်ခေါ်ရတာကလွဲရင်ပေါ့။ ခု ဘန်ကောက်ကဆက်တာ ဂျပန်သွားမယ့်လေယာဉ်ကို စောင့်ရင်း အချိန်ရတာနဲ့"

"ကျေးဇူးတင်ပါတယ်မောင်. ."

"ခင်ဗျား ငိုနေသလား"

အသံနှုန်းထား မညီညာ တုန်ခါမှုကို ဘုန်းလက်ရှုံးရိပ်မိသွားလေပြီလား။ ငိုနေပါသည်ဟုပြောလိုက်လျှင် သူ့အားမျက်ရည်လက်နက်နှင့် သိမ်းသွင်းသည်ဟု ထင်သွားနိုင်သည်။ ထို့ကြောင့်. . .

"ဟင့်အင်း. . မောင်ခရီးလမ်း ချောမွေ့ပါစေလို့ တိုးတောင်းပေးနေပါတယ်"

"အမိ မိဘအိမ်ပြန်နေပါလား"

"မနေချင်ဘူးမောင်၊ မောင့် အငွေ့အသက်လေးတွေနေတဲ့မောင့်တိုက်ခန်းမှာပဲ ကျွန်မနေချင်ပါတယ်"





ဟု သူကြားသာရုံ ခပ်တိုးတိုးပြောလိုက်သည်။

ရှုမငြိုး၏ရုံးခန်းထဲ ဘယ်သူမှရှိမနေကြောင်း သူမသိနိုင်။ ထိုသို့ ရင်ထဲစာစကားကိုကွယ်ဝှက်ထားခြင်း မပြုတော့ဘဲ တိုးတိုးကလေးပြောချလိုက်သည်။ မိမိအပေါ် အထင်မကြီးသော သဘောကျားအနေဖြင့် အရှက်နည်းစွာနှင့် သူ့ထံမှအချစ်ကို ရရန် ကြိုးယောင်းခြင်းဟု ယူဆကောင်းယူဆလိမ့်မည်ကို တွေးမိလိုက်သော်လည်း မတတ်သာ။ လင်မယားသံယောဇဉ်က သူ့အား တစတစ ချည်နှောင်သွားလိမ့်မည်ဟု ယုံကြည်မိလေသည်။

ချစ်လာလျှင်တော့ အပြစ်မြင်တော့မည်မဟုတ်. ။

"ဂျပန်ရောက်မှ ပြန်ဆက်တော့မယ် ဒါပဲ၊ ဒေါ်ကြီးကို ခေါ်ထား"

"နေပါဦး. . မောင်"

သူ့ထံမှ ဖုန်းကဒ်မကုန်သေးဘဲ မချစေလို့. ။

"ဟင်. . ဘာပြောစရာရှိသေးလို့လဲ"

ရှုမငြိုး အရဲစွန့်လိုက်သည်။

"မောင်ကိစ္စပြီးရင် ပြန်လာခဲ့ပါလား"

"ဘာဖြစ်လို့လဲ. ."

"မောင့်ကိုလွမ်းလို့. ."

ဟုပြောပြီး ဖုန်းချလိုက်သည်။

ရင်ခုန်ခြင်းများနှင့်အတူ မိမိကိုဘယ်လိုကောက်ချက်ချမည်ကို သိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရတာ စိတ်မပါတော့။ ညနေအိမ်ပြန်လာ သည်နှင့် ဒေါ်ကြီးညိုကဆီးကြိုသည်။ ဒေါ်ကြီးညိုမျက်နှာ သိပ်မ ကောင်းလှ။ သူ့လက်ပေါ်ကြီးပြင်းခဲ့ရသောသူတွေ တစ်ယောက် ပြီးတစ်ယောက် ဆုံးရှုံးမှုအပေါ် သူခံစားရပေလိမ့်မည်။

"မိန်းကလေး"

"ရှင် ဒေါ်ကြီးဘာပြောစရာရှိလို့လဲဟင် ပြောပါ"

ဒေါ်ကြီးညို တစ်ခုခုချိန်ဆနေသည်။ သောကဓါးဖြစ်နေ စက်မှုဝေဒနာကို ခံစားထားရပုံရသော ဒေါ်ကြီးညို၏မျက်နှာမှာ ညှိုးနွမ်းလျက်ရှိလေသည်။

"ကျွန်မကိုအားမနာပါနဲ့ ကိုယ့်တူမသားချင်းလိုပဲ သ ဘောထားပြီးပြောပါ ဒေါ်ကြီး"

"အင်း. . လူလေး သွားခါနီးလာခါနီး မပြောရက်လို့ မပြောလိုက်ဘူး. . မီးငယ်လေးကို ဒေါ်ကြီးတွေ့လိုက်ရတယ်"

"ဟင်ဘယ်မှာလဲ"

"အိပ်မက်လိုလိုပါပဲ၊ သူ့မှာ နေစရာမရှိဘူးတဲ့၊ ဝတ်စား လည်းမရှိ စားစရာလည်းမရှိ အရမ်းဒုက္ခရောက်နေတယ်၊ အိမ် ထဲဝင်ဖို့လည်း အဲဒီကအစောင့်တွေက လက်မခံဘူးတဲ့ကွယ်"

ရှုမငြိး ကြားဖူးနားဝရှိခဲ့သော ဝိညာဉ်တို့၏ဘဝကို ယေ တဝက်ယုံတဝက်ရှိခဲ့သည်။ လုံးစေ့ပတ်စေ့တော့ နားမလည် ချေ။

"ဟင်. . သနားပါတယ်သူ မကျွတ်ဘူးပေါ့နော်"





"ရက်မလည်သေးတော့ သူ့ကိုယ်သူ သေမှန်းတောင် သိဦးမှာမဟုတ်ဘူး၊ ဒေါ်ကြီးအထင်တော့ မီးငယ်ဝိညာဉ်က အိမ်ကိုပဲ ပြန်လာတာဖြစ်မယ်၊ ဟိုမှာ ဆွမ်းကျွေးလည်းအလကား ဒီမှာ ရက်လည်ဆွမ်းကျွေး သင်္ကန်းလှူအမျှအတန်းဝေပေးမှ သူရမှာ"

"ဒီလိုဆိုလည်းလုပ်လေ ဒေါ်ကြီးရယ်"

"လုပ်ဆိုအိမ်ရှင်တွေမရှိတော့"

"ဒါဖြင့်ကျွန်မလိုက်နေပြီး စီစဉ်ပေးပါ့မယ်၊ သူတို့ကြိုက် မကြိုက်တာ တစ်ကဏ္ဍပေါ့ မွန်တာရာ ကောင်းတဲ့ဘုံဘဝကို ရောက်ဖို့ အရေးကြီးတယ်၊ ကောင်းတဲ့အလုပ်လုပ်ပေးတာပဲလေ သူတို့မြင်တော့လည်း မတတ်နိုင်ဘူးပေါ့"

"သာဓုသာဓုသာဓု မိန်းကလေးရယ်စေတနာရဲ့ အကျိုး ကိုရမှာပါ"

"ရပါတယ်ဒေါ်ကြီးရယ်၊ ဒါထက် သူ့ဆီကဖုန်းလာတယ် မလားဒေါ်ကြီး"

ရှုမငြိးက စိတ်ထဲမှသူခဝေဒနာကိုလည်း မျှဝေပေးလိုက် သည်။

"ဟင်. . ဟုတ်လားဂျပန်ရောက်သွားပြီလား"

"မရောက်သေးဘူး ဘန်ကောက်ကနေဆက်တာ"

"တယ်ဟုတ်ပါလား ဒီအတိုင်းသာဆိုရင် လူလေးဘာ တာလေးအပေါ် စိတ်နှစ်ခွနဲ့ တွယ်တာနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှုမငြိး ပြုံးလိုက်သည်။

"ဟုတ်တယ် သိစိတ်နဲ့မသိစိတ် ဒွန်တွဲနေပြီး မသိစိတ်က ကျွန်မကိုစွဲလမ်းနေတယ်၊ သိစိတ်က အဲဒီစွဲလမ်းမှုဟာ မုန်းတီးမှုလို့လက်ခံထားတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ မျှော်လင့်ပါတယ်ဒေါ်ကြီးရယ်၊ ကျွန်မ သူ့ကိုချစ်တဲ့စိတ်နဲ့ အရာရာကိုအောင်မြင်နိုင်လိမ့်မယ်လို့လေ"

"အေးပေါ့မိန်းကလေးရယ်၊ ဒေါ်ကြီးလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်၊ မမကြီးတို့လည်း တစ်နေ့နေ့မှာ သမီးအပေါ် နားလည်လာမှာပါ။ ကဲဒါဖြင့် ပစ္စည်းသိမ်းလိုက်ဦးမယ်နော်"

"ပုတ်သိုးတတ်တာနဲ့ အဝတ်စားအိတ်တစ်အိတ်ဆို ရပြီ သုံးရက်လောက်ပဲဟာ၊ သပိတ်သွပ်နဲ့ ရက်လည်ဆွမ်းက တစ်ရက်တည်းပဲလုပ်ရမှာပေါ့နော်"

"အေးလေ. . ခုနှစ်ရက်ထားမှာဆိုတော့လည်း အဲဒီလိုပဲ လုပ်ရမှာပေါ့"

ရှုမငြိးသည် ယခုမှ လူ့ဘဝသို့ အပီအပြင်ရောက်ရှိလာသူ တစ်ဦးပမာ ဖြစ်သွားခဲ့လေသည်။

ယခင်က. . မိဘများကလည်း ကုံလုံကြွယ်ဝ၍ သုံးနိုင်ဖြုန်းနိုင်သည်။ အခြားလူမှုရေးကိစ္စများကလည်း မိဘများကသာ ဦးဆောင်လုပ်သွားသဖြင့် ဘာမှလုပ်စရာမလိုခဲ့. . ။

ယခုတော့ ဘဝပေးသင်ခန်းစာအရ တစ်လအတွင်း သူသည် လူကြီးအရာရောက်သွားပြီး ဒုက္ခ၊ သုခကို ဘုန်းလက်ရုံးတို့





သားစုနှင့်အတူ မျှဝေခံစားရလေပြီ။

ဘုန်းလက်ရုံး၏ ဆွေမျိုးမိတ်သဟာများကို အဘဦးဘအိုနှင့်ဒေါ်ကြီးညို၊ ဦးလေးတစ်ယောက်၏ အဆက်အသွယ်နှင့် ဖိတ်ကြားကာ ရက်လည်ဆွမ်းကျွေးကိစ္စ၊ သတင်းစာထဲ နာရေးထိစ္စတို့ကို ရှုမငြိး အကောင်အထည်ဖော်ပေးလိုက်သည်။

ရှုမငြိး နားထဲစွဲနေသောအသံများက ရှိနေသည်။

"ဦးမြတ်ခေါင်နဲ့ ဒေါ်ထိပ်တင်ထားတို့အတွက်က. . ကံကောင်းပါသေးတယ်၊ သမီးတစ်ယောက် ဆုံးရှုံးသွားပေမယ့် သမီးတစ်ယောက် အစားပြန်ရလိုက်သလိုပါပဲ ချွေးမလေးက တော်ရှာသားပဲ"

ဟူသောစကားမင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

၀

"ဟဲလို. ."

"မလား. . မောင်ပါ. ."

ဘုန်းလက်ရုံး ဘာကြောင့်ရယ်မသိ ဟိုတယ်မှနေ၍ လွှတ်လပ်စွာဆက်သော်လည်း ရှုမငြိုးကို 'မ'ဟုသုံးစွဲလိုက်မိသည်။

"ပင်ပန်းနေသလားမောင်၊ ကိစ္စအားလုံးပြီးစီးသွားပြီနော်"





"အင်း. . ဆိုပါတော့"

"မမေတို့ကော နေကောင်းကြရဲ့လား"

"လူကတော့ကောင်းကြပါတယ် စိတ်ကတော့"

"ဒါပေါ့ မောင်ရယ်ပဥ္စာစာရီလိုကိန်းနီးပါး ဆိုက်တာပဲ တိုး ခံစားရမှာပေါ့"

"မကော တော်တော်ပင်ပန်းသွားပြီလား"

ဘုန်းလက်ရုံး ရှုမငြိုးကို ကျေးဇူးတင်မိသည်။ မာနကို ခဝါချကာ သူတို့အိမ်ကြီးဆီပြန်ကာ ရက်လည်ဆွမ်းကျွေးအတွက် စိတ်ရောကိုယ်ပါမြှုပ်နှံကာ လုပ်ပေးခဲ့သည့်အကြောင်းကို အဘအိုနှင့် ဒေါ်ကြီးညို့ထံမှသိခဲ့ရသည်။ ရှုမငြိုးကတော့ သာမာန်ကာလျှံကာမျှသာ. . "ဒေါ်ကြီးက ဒီမှာလည်း ရက်လည်ဆွမ်းကျွေးလုပ်ချင်တဲ့ ဆန္ဒရှိနေလို့ တို့လုပ်ပေးလိုက်မယ်နော်" ဟုသာ ခွင့်ပန်သလိုလိုနှင့် အသိပေးခဲ့လေသည်။

"မပင်ပန်းပါဘူး မောင်၊ မောင်တို့ဘယ်တော့ပြန်လာမှာလဲဟင်"

"ကိစ္စတွေအားလုံးပြီးပြတ်ရင် ပြန်လာခဲ့မယ်မ ဘာမှာဦးမလဲ"

"မမှာပါဘူးမောင်၊ မောင်ပြန်လာရင်ပဲ မဘဝက ပြည့်စုံပါပြီ"

ဘုန်းလက်ရုံး ရင်ထဲတဆစ်ဆစ်နာကျင်လာသည်။ သူတို့ဘဝပြည့်စုံခြင်းဆိုတာ ဘယ်သောအခါမှ မရောက်ရှိနိုင်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူသိနေသည်။

ရှုမငြိုးထံမှ သံယောဇဉ်စကားတို့ကို သူကြားနေရပြီ။ သူလိုသောအခြေအနေကို ကောင်းကောင်းဆိုက်ရောက်နေမှန်း သူသိသည်။ သို့သော် ပြည့်ပြည့်ဝဝ မပျော်ရွှင်နိုင်ချေ။ သူသည် အဘအိုပြောသလို သိုးငယ်ကိုအပြစ်ရှာမိသော ဝံပုလွေပမာ ဖြစ်နေပြီလား။

"မနက်ဖြန် တို့တိုက်ခန်းပဲပြန်နေတော့မယ်"

"အဲဒီမှာပဲနေပါလား. . ဘာဖြစ်လို့လဲ. . "

"မေမေတို့စိတ်ဆင်းရဲရမယ့်အလုပ် တို့မလုပ်ချင်ပါဘူး။ ခုတောင်မလွဲသာလို့ လာနေပေးတာပါ။ အိမ်ကို စောင့်ရှောက်ရမယ့်ဝတ္တရားကိုတော့ ဒေါ်ကြီးနဲ့တင် လုံလောက်လို့ တို့ထားခဲ့တာပါ"

"မေမေတို့လည်း စိတ်ဓါတ်အကြီးအကျယ် ကျသွားပြီး မာန်မာနတွေပျောက်ဆုံးကုန်ပါပြီ၊ ကိစ္စအားလုံးပြီးတာနဲ့ မြန်မာပြည်ပဲပြန်လာပြီး ဘုရားရိပ်တရားရိပ်တွေမှာပဲ အေးအေးချမ်းချမ်း နေတော့မယ်လို့ ပြောနေကြပြီ"

"ဟုတ်လား. . . တို့ဝမ်းသာပါတယ်၊ တို့ကြောင့်တော့ စိတ်ထိခိုက်မှုမျိုးမဖြစ်စေချင်ပါဘူး. . တို့လေတို့. . "

ရှုမငြိုးထံမှ အသံတိတ်ဝင်ကာ ပျောက်ကွယ်သွားသဖြင့် ဘုန်းလက်ရုံးရင်ထဲ နင့်ခနဲဖြစ်သွားသည်။ ရှုမငြိုးငိုနေသလား။

ငိုပါစေ. . ငိုရမည်။ ယောကျ်ားများ၏ ခက်ခဲသောမျက်





ရည်စများကို ကျဆင်းအောင်ဖန်တီးနိုင်သော မိန်းမတစ်ယောက် အတွက် ဝင့်ဆိုတာရှိသင့်သည်ပဲ။

သို့သော် ဘာကြောင့်များ သူ့ရင်သည်ရှုမငြိုး၏ မျက်ရည်စ၏ ထိမှန်ခြင်းကို မခံစားနိုင်ရသနည်း။

"အမိ ငိုနေတာလား ဘာဖြစ်လို့လဲ"

"ဆောရီး မောင်၊ တို့ဆုံးဖြတ်ချက်တစ်ခုကို ချထားပြီး သားပါ။ တို့ဘက်က ပေးဆပ်စရာရှိတာမှန်သမျှကို တို့ပေးဆပ်မှာပါ။ အဲဒီပေးဆပ်မှုမှန်သမျှဟာလည်း မောင့်အတွက်ပါ၊ မောင် လုပ်ချင်တာမှန်သမျှကို မောင်စဉ်းစားခဲ့ပါ၊ မောင် တို့တို့လေ မောင့်ကိုသိပ်ချစ်တယ်"

ပြောပြောဆိုဆို ဖုန်းချသွားသည်။

"ဟဲလို. . ဟဲလို. . "

ဖုန်းပြန်ခေါ်ရန် စဉ်းစားလိုက်သော်လည်း လက်တွေ့မခေါ်ဖြစ်တော့။

ရှုမငြိုးထံမှ ချစ်စကားသည် သူ့နှလုံးသားတံခါးကို ဝုန်းခနဲတိုးဝင်ကာ တံခါးရွက်များပြုတ်ကျသွားသည့်အလား နှလုံးသား ဆတ်ဆတ်ခါတုန်လှုပ်သွားစေသည်။

"မောင့်ကို သိပ်ချစ်တယ်တဲ့လား မရယ်"

သူ့နှုတ်မှ တီးတိုးရေရွတ်လိုက်မိသည်။

အခြေနေအရပ်ရပ်ကို သုံးသပ်ကြည့်တိုင်း ရင်ဝထိရှိနာကျင်လာသည်။ ခံရခက်ဆစ်ယောကျ်ားမျက်ရည်တို့က သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကို အုံ့မှိုင်းဖွဲ့ဆင်လာသည်။

"ဒင်းဂြိုဟ်မွှေတာ၊ ဒင်းကြောင့် သားကြီးသေရတယ် ဒင်းအိမ်ပေါ်ရောက်လာပြီးမှ သမီးသေရတာ၊ ခိုက်တာ ခိုက်တာ လူအဝင်အထွက်မတော်တော့ ဒီအတိုင်းပဲ"

မိခင်က မဏရားစွပ်စွဲသည်။ ကိုကိုမင်းလက်ျာနှင့်ပတ်သက်၍ လက်ခံနိုင်သော်လည်း သေသေချာချာတွေးကြည့်တော့ ကိုကိုစိတ်ပျော့ညံ့၍ဟု ကောက်ချက်ချနိုင်သည်။

ညီမလေးမွန်တာရာသေဆုံးမှုက ရှုမငြိုးနှင့် ဘယ်လိုမှမပတ်သက်. .

"မဆိုင်ပါဘူးမေမေရာ၊ မေမေနှင်ချလို့ သားတို့အမေ့အိမ်က ဆင်းပြီးနေကြတာပဲ၊ ကံတရားပေါ့ မေမေသေနေ့စေ့တဲ့လူတစ်ယောက်ကို ဘယ်သူကများ ဆွဲထားနိုင်မှာလဲ. . ၊ သူ့သချိုင်း ရှိတဲ့နေရာ သူလာခေါင်းချရတာပဲ"

"အေးပေါ့လေ မင်းကတော့ မဘက်ပါတော့ မိုက်ဘက်ပါပြီပေါ့"

"မဟုတ်ပါဘူး မေမေသားက အမှန်တိုင်း"

"တော်ပါတော့သားရယ် မေမေတို့မှာသားတစ်ယောက်တည်းကျန်တော့တာ သားကလည်း၊ အိုကွယ် မေမေတို့ သားကိုတော့ ထပ်အဆုံးရှုံးမခံပါရစေနဲ့၊ သားနဲ့အတူနေချင်တယ်. . အဲဒီမိန်းကလေးရဲ့မျက်နှာကိုတော့ လုံးဝမမြင်ချင်ဘူး သား စဉ်းစားဆုံးဖြတ်ပါ"





သူရင်နာစွာဖြင့် စဉ်းစားရလေပြီ။

သို့သော် ရှုမငြိုးနှင့်ခွဲခွာဖို့အရေး ဆိုတာတော့။

တစ်သက်လုံးမခွဲဘဲ သူ့ဘဝအကျဉ်းထောင်မှာ ထာဝရစံမြန်းနေစေရမည်ဟူသော ရည်ရွယ်ချက်ကိုပဲ အလျှော့ပေးကာ ဖျက်သိမ်းလိုက်ရတော့မည်လား။ မဖြစ်နိုင်။

ရှုမငြိုးထံမှ ယုယမှုနှင့် အကြင်နာအချွဲအနွဲ့အပေါ် သူကျေနပ်နေမိပြီ။ သူ့လုပ်ရပ်မမှားနိုင်. . ။

ရှုမငြိုးကိုကွာရှင်းဖို့. . . ။ သူ့ရင်ထဲ နာကျင်လာသည်။

ယောက်ျားတွေကို အရှုံးလုပ်တဲ့မိန်းမ နွားဖားကြီးတပ်ဖို့ကြိုးစားတဲ့မိန်းမ မင်းဘဝလည်း ရှုံးသွပ်သွားစေရမယ်။ ဆုံလည်နွားတစ်ကောင်လို ငါ့ရဲ့ချည်တိုင်မှာ မင်းလည်ပတ်နေစေရမည်ဟု သူကြုံးဝါးခဲ့သည်။

ယခုတော့ တစ်လမျှပင်မပြည့်သော ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့သော မယားကို လွမ်းသလိုလိုခံစားလာရပြီ။ ဘာပဲလုပ်လုပ် သူ့အရိပ်လေးများကို ဘုန်းလက်ရုံးမြင်တတ်လာပြီ။

ဒါသံယောဇဉ်လား။ အချစ်လား။

သံယောဇဉ်ကြောင့် အချစ်ဖြစ်လာတာလား။ အချစ်ကြောင့် သံယောဇဉ်ဖြစ်လာတာလား။

ဘုန်းလက်ရုံး တွေးတောမိလာလေပြီ။

"သား. . ဘယ်သွားနေတာလဲ. ."

"ဖုန်းသွားဆက်တာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဆီကိုလဲ. ."

"မိန်းမဆီကို. ."

"အင်း. . ဒုက္ခ. . ဒုက္ခ"

သူဘာမှမပြောဘဲ သူ့အခန်းထဲဝင်ခဲ့လေသည်။

မိဘများအမြင်တော့. . သူသည် မယားကိုအလွန်ချစ်သော ယောကျ်ားတစ်ယောက်ဟု မြင်ပေမည်။

အမှန်တကယ်လည်း သူရှုမငြီးကို ချစ်နေပြီလား။

ရှုမငြီး လက်မှတ်ထိုး လက်ထပ်စဉ်က သူငယ်ချင်းများ ရိုက်ပေးသဖြင့် ရလာသောဓါတ်ပုံများအနက် အကောင်းဆုံးသော စုံတွဲပုံကိုယူလာခဲ့ပြီး ဖူဂျီကုမ္ပဏီမှ ပန်းကန်ပန်းချီကား အပ်နှံမိသည်။ ဘယ်လိုကြည့်ကြည့် လှသည့်မိန်းမပင်။ အလှအားကိုးနှင့် မိမိဘဝတစ်ခုလုံးကို သိမ်းကြုံးအနိုင်ယူသွားတော့မှာလား။

မိခင်က လိုက်ဝင်လာပြီး ဓါတ်ပုံပန်းချီကားကိုမြင်သောအခါ အံ့အားသင့်သွားသည်။

"အင်း. . လှလည်းအတော်လှပေတာကိုး၊ ဒါကြောင့်ညီအစ်ကိုနှစ်ယောက်စလုံး အရူးအမူးဖြစ်ရပေတာကိုး"

သူ ငြိမ်သက်နေလိုက်သည်။

"မကြီးညိုတောင် သူ့ဘက်က ရှေ့နေလိုက်ပြီး မေမေ့ကို ပြောဆိုနေပုံထောက်ရင် ဒီမိန်းကလေးမှာ ဘာများဆေးဝါးဆောင်ကောင်းတွေရှိနေသလဲ မပြောနိုင်ဘူး"





"ကြံ့ကြံ့ဖန်ဖန် မေမေရယ်"

"မေမေတောင် အိမ်ပြန်ရမှာ ခပ်လန့်လန့်ပဲ၊ တော်ကြာ မေမေတို့ပါ သူ့ဆေးမိသွားရင်"

"စိတ်ချပါမေမေ၊ မေမေတို့မြင်ချင်တဲ့မျက်နှာ မမြင်စေရဘူး"

မိခင်မာန်ကျသွားပြီဆိုသော်လည်း ဇီဇာက မပျောက်နိုင်သေး။

"ဘာပဲဖြစ်ဖြစ် ဖေဖေနဲ့မေမေတော့ သား အဲ့ဒီမိန်းကလေးနဲ့ကွာရှင်းပြီးမှပဲ အိမ်ပြန်လာတော့မလို့ ဆုံးဖြတ်ထားတယ်"

"မဆိုင်လိုက်တာ မေမေရာ၊ သားတို့ဟာသာ တအိမ်နေတာပဲ၊ မေမေမမြင်ချင် မခေါ်လာရုံပဲရှိတာပဲ၊ သူကလည်း နားသည်မှုရှိပါတယ်"

"သားထက် ဘယ်နှစ်နှစ်ကြီးသလဲ"

"နှစ်နှစ်"

ဘုန်းလက်ရုံးတွေးမိတော့ ပြုံးမိသည်။ ကြီးမှန်းသိသော်သည်း. . သူ၏လက်ဝဲဘက်၌ ခပ်လျှော့လျှော့လေးအိပ်တတ်သည်။ သူ့အား တို့ဟုသုံးနှုန်းသော်လည်း အိမ်ဦးနတ်အနေနှင့် အစစအရာရာ တရိုတသေပင် ဦးစားပေးတတ်သည်။

တစ်ခါတစ်ရံတော့လည်း ငယ်သောသူက မိန်းမရင်ခွင်၌ တိုးဝင်အိပ်စက်သည့်အခါ သူ့ဆံပင်ကြား လက်ချောင်းကလေးများထိုးကာ ဖွကစားတတ်သည် သူ့မဟာနဖူးကို ခိုးနမ်းတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်တို့ကို အိပ်ချင်ဟန်ဆောင်နေသောသူက အားလုံးသိနေသော်လည်း မရှန်းရက်၊ ခပ်မာမာ မငြင်းဆန်ရက်ခဲ့။

သို့သော် မီးပျက်၍ပူအိုက်သည့်အခါ ယပ်တောင်ဖြင့် ချောင်းနှင့် ထိုင်ခတ်ပေးနေသော မိန်းမလက်များကိုတော့ ဖယ်ရှားပေးတတ်ခဲ့သည်။ စဉ်းစားကြည့်တော့ သူ့စိတ်တို့သည် မိန်းမအပေါ် ယိမ်းယိုင်တွယ်တာနေပါလား။

"သားရယ် အချိန်တိုတိုအတွင်း အကြောင်းမသိဘဲ မိန်းမတစ်ယောက် ကောက်ကာငင်ကာ ယူရလောက်အောင် သားမိုက်မဲလိမ့်မယ်လို့ မေမေမထင်ဘူး"

သူဘာမှမပြောဘဲ ငြိမ်သက်နေလိုက်သည်။ စကားနည်းရန်စဲက အကောင်းဆုံးသောနည်းလမ်းပင်။

ညီမ၏ လျှော်ကြေးဆုငွေ၊ ရှယ်ယာကိစ္စများပြီးစီးလျှင် သူပြန်ရမည်။ မိဘများကတော့ အရင်ပင် အမေရိကားသို့ ပြန်မည်။ ဟိုမှာ စီစဉ်စရာရှိတာစီစဉ်ပြီး မြန်မာပြည်သို့ပြန်နှင့် မည်ဖြစ်သည်။

သူပဲ အရင်ပြန်ရောက်မလား၊ မိဘတွေက အရင်ပြန်ရောက်မလားမသိ။ သူကတော့ သူအရင်ပြန်ရောက်ချင်သည်။ မိဘများနှင့် ရှုမငြီး ထိပ်တိုက်မတွေ့စေချင်။

"ကဲပါလေ မေမေတို့မှာလည်း သားတစ်ယောက်တည်းရှိတော့တာဆိုတော့ သားကိုမခွဲနိုင်ဘူး၊ သူ့မျက်နှာမမြင်ရပေမယ့် သားမျက်နှာကိုတော့ နေ့စဉ်တွေ့ချင်တယ်၊ မေမေပဲ စိတ်





လျှော့ဖို့ ကြိုးစားမှာပါ၊ ခုလို ရက်လည်ဆွမ်းကျွေးကိစ္စတွေ ဘာတွေ စီစဉ်ပေးတဲ့အတွက်. . မေမေက ကျေးဇူးတင်တဲ့အကြောင်းတော့ ပြောပြလိုက်ပါ၊ ကဲကဲ. . သားနားတော့. . "


မီခင့်ပြန်သွားသည်။

မိခင်စကားအသွားအလာအရ အခြေအနေတွေ အားလုံးကောင်းလာသည်။ ဝမ်းသာစရာလား ဝမ်းနည်းစရာလား သူတွေးတတ်။ ရင်မှာ နာကျင်စွာခံစားနေရတာတော့ သေချာသည်။ ထိုအနာတရသည် ဘယ်တော့မှ ပျောက်နိုင်လိမ့်မည် မဟုတ်ချေ။




www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၄)





# အခန်း(၂၅)

"မ . . မ . . လား"

"ဟုတ်တယ် . . မပါမောင်"

"တော်သေးရဲ့မရယ်၊ မောင်လန့်သွားတာပဲ နေ့ခင်း ဖုန်း ...တ်တော့ မ မူးလဲလို့ဆေးခန်းသွားတယ်ဆိုလို့ ခုကော ဘယ် ...ယ် နေကောင်းသွားပြီလား"

ရှုမငြီး ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ရောထွေးကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ တလိမ့်လိမ့်စီးဆင်းလာသည်။ ဘုန်းလက်ရုံးဆီမှ အကြင်နာစကားတွေကို သူကြားနေရပြီ။

ဒါ ဟန်ဆောင်စကားတွေ မဟုတ်နိုင်။

ရင်ထဲကစကားတွေပါ။

သူ့ကို ဘုန်းလက်ရုံး သံယောဇဉ်ရှိနေပြီဟု သိလိုက်ရသဖြင့် ရှုမငြီး မျက်ရည်ကျသည်အထိ ဝမ်းသာသွားသည်။

"ဟင်. . မပြောလေ၊ အမှန်တိုင်းပြောပါမောင်သိချင်တယ်"

"တို့လေ ခုမောင့်တိုက်ခန်းလေးမှာပါ၊ မောင်သွားတာ တစ်လရှိပြီနော်"

"ဒီနေ့ပဲပြီးပြီ လေယာဉ်လက်မှတ်ရတာနဲ့ ပြန်လာမှာ ပြောလေ မဘာဖြစ်တာလဲ ဖျားတာလား"

ဘုန်းလက်ရုံး၏ စိုးရိမ်တကြီး အလောသုံးဆယ်လေသံက ရှုမငြီးကို ပို၍လွမ်းဆွေးအောင် ပြုစားနေသလိုပင်။

"ဟုတ်တယ် လွမ်းဖျားပါမောင်၊ မောင့်ကိုလွမ်းလို့ အိပ်လို့မပျော်ဘူးစားလို့လဲမဝင်ဘူး၊ အဲဒါ အားနည်းပြီး မူးလဲသွားတာပါမောင်၊ မ မျှော်လင့်သလိုဖြစ်မလာတော့ ဝမ်းနည်းတယ်"

"မက ဘာကိုမျှော်လင့်တာလဲ"

ရှုမငြီး ရုတ်တရက်မပြောရဲ။ ရှက်ရွံ့သလိုလိုပင်။

"ပြောလေ. ."

"အိုကွီနဲ့သွားပြမိတယ်. ."





တစ်ဖက်မှ မပီသသော အာမေဋိတ်သံတစ်ခု ကြားလိုက်ရသည်။

"မောင်နဲ့ကျွန်မကြားမှာ ခိုင်မာတဲ့ လူသားသံယောဇဉ်ကြိုးတစ်ချောင်းရှိမလားဆိုတဲ့ မျှော်လင့်ချက်နဲ့"

ဖုန်းလိုင်းပြတ်တောက်သွားသည်။

"ဟင်. . ဟဲလို. . ဟဲလို မောင်မောင်"

ရှုမငြီး အရူးအမူးပင် ဟစ်အော်မိသည်။ ဖုန်းခလုတ်ကို ဖြန်ဖွင့်ထားပြီး ပြန်ခေါ်နိုးပြန်ခေါ်နိုး စောင့်နေမိသော်လည်း ထိုညက ဖုန်းလုံးဝဆက်မလာချေ။

ရှုမငြီး မျက်ရည်စများကိုသာအဖော်ပြုရင်း အိပ်စက်လိုက်ရသည်။

မိမိစကား၌ဘာများအမှားပါသွားသနည်းကို စဉ်းစား၍ ရချေ။

မိမိ သူ့အပေါ် နှောင်ဖွဲ့ဖို့ကြိုးစားခြင်းကို သူမကြိုက်ဘူးလား. ၊ သူကကော ဘာဖြစ်၍ညတိုင်းလိုလိုဖုန်းဆက်ကာ မာခြောင်းသာကြောင်းမေးရသနည်း။ သုံးစွဲပုံနာမ်စားများကလည်း မနှင့်မောင်ဟု ဘာကြောင့်သုံးနေရသနည်း။

ဘုန်းလက်ရုံးထံမှအချစ်ကို သူမျှော်လင့်မိသည်။ ဝေးတသက်သက်ဆိုသလို ဘုန်းလက်ရုံးထံမှ ခံစားချက်တစွန်းတစတို့ကို သူတွေ့မြင်နေရပြီ။

ပြန်တွေ့ရတော့မည်ဟူသောအသိကြောင့် ရင်ခုန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မောခြင်းနှင့်အတူ ရှုမငြီးပျော်ရွှင်သွားသည်။ မျှော်လင့်ချက်ဗွေ
တပွေ့တပိုက်ကြီးနှင့် ချစ်ရသူခင်ပွန်းသည်အား စောင့်မျှော်ရ
တော့မည်။







# အခန်း(၂၆)

မျက်နှာလေးအနည်းငယ်ချောင်သွားသည်မှအပ အလှ
ပျက်သော ရှုမငြီးကို သူ ခိုးကြည့်မိသည်။

"မောင် အသားပိုဖြူလာတယ်"

နှစ်ယောက်တည်းဖြစ်သော်လည်း မောင်ဟုပင်သုံး
ခြင်း အပေါ်၌ သူကျေနပ်စွာခွင့်ပြုလိုက်မိသည်။

သူကတော့ 'မ'ဟုသုံးစွဲရမည်ကို ရှက်သလိုလိုခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဒရိုင်ဘာနဲ့မလာဘူးလား"

"ဟင့်အင်း . . မောင်နဲ့ လွတ်လွတ်လပ်လပ်စကားပြော ချင်လို့ မောင်ဒီနေ့ပြန်ရောက်မယ့်အကြောင်း ဘယ်သူ့ကိုမှ အသိပေးမထားဘူး"

ဘုန်းလက်ရုံးရင်ထဲ နင့်ခနဲဖြစ်သွားသည်။

"ဖယ်လေ . . ဒါဖြင့် မောင်မောင်းမယ်"

"နိုး . . နိုး၊ မောင့် လိုင်စင်ယူမလာဘူး အေးအေးဆေး ဆေးပဲထိုင်စီးပါမောင်ရယ်"

မိန်းမတစ်ဦး၏ သာယာပျော့ပြောင်းစွာ ပြောတတ် သော အတတ်ပညာတစ်ခုသည် ဆွဲအားတစ်ခုဖြစ်လိမ့်မည်ဟု သူမယုံကြည်ခဲ့။ ယခုတော့ ထိုနူးညံ့ညင်သာမှုလေးတွေကို သူ သာယာတတ်လာပါလား။

ဒါသာယာတာပါ။ အချစ်မဟုတ်နိုင်ဟု သူ့ကိုသူအား တင်းလိုက်သည်။

"မောင့်ကို ခွင့်ပန်စရာကိစ္စတွေ ရှိနေသေးတယ်"

ယောကျ်ားကိုအထင်မသေးဘဲ ဦးစားပေးလိုက်ခြင်း ကပဲ သူ့အတွက် နောက်ဆုတ်ပေးရအောင် ဖန်တီးနေသကဲ့သို့ ပင် . .။

"ဘာများလဲ . ."

"ရွှေတောင်ကြားမှာရှိတဲ့ မောင့်ရဲ့ခြံကို ကျွန်မ စဘောင်





ခဆောက်နေပြီမောင် . ."

"ဟင် . . ခင်ဗျား"

သူရုတ်တရက် ဒေါသထွက်သွားသည်။

သို့သော် . .

"မောင် စိတ်ဆိုးသွားသလား မောင့်ကိုခွင့်မတောင်းဘဲ ကျော်လုပ်မိတဲ့အတွက် ခွင့်လွှတ်ပါ၊ မောင် ကျွန်မကြောင့် အနေ အထိုင်ဆင်းရဲသွားတာ ကျွန်မ မကြည့်ရက်လို့ပါ"

"ဘယ်သူ့ငွေနဲ့ဆောက်တာလဲ"

ယောကျ်ားမာနဖြင့် သူမေးလိုက်မိသည်။

"မောင့်ရှယ်ယာအမြတ်နဲ့ စဆောက်တာပါ၊ မောင်က ကျွန်မကို GP လွှဲထားတော့ လုပ်ရတာ အဆင်ပြေသွားတယ်၊ ဒီအတွက် မကိုခွင့်လွှတ်ပါနော်မောင်"

"ခင်ဗျားအနေဆင်းရဲတဲ့အတွက် ဆောက်တာကို လက် ခံတယ်၊ ကျုပ်အတွက်ကတော့ အရေးမကြီးဘူး"

သူ စိတ်ထဲမကျေနပ်ချင်။

သို့သော် ရှုမငြိုး၏ နောက်ဆက်တွဲစကားကြောင့် သူ့ ရင်အစုံ ပွင့်ထွက်မတတ်ခံစားလိုက်ရလေသည်။

"မ အတွက်ဆို ခုလိုတိုက်ခန်းကျဉ်းလေးထဲမှာ မောင်နဲ့ နှစ်ယောက်ထဲနေရတာကို ပိုကျေနပ်တယ်၊ မောင့်ရဲ့အသံ မောင့် ရုပ်ကို အနီးကပ်မြင်တွေ့နေရတဲ့အတွက်ပါ၊ ဒါပေမယ့် နောင် ကျွန်ုပ်ယာဘုန်းလက်ရုံးလေးတွေနဲ့ဆိုရင်တော့ သိပ်ကျဉ်းနေမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မိလို့ပါမောင်”

ဘုန်းလက်ရုံး မျက်လုံးအစုံကို ကမန်းကတန်းမှိတ်လိုက်ပြီးနောက် ကူရှင်သို့မှီချလိုက်သည်။ အတင်းတိုးဝှေ့ထွက်လာမည်ဖြစ်သော ကြေကွဲပွင့်တို့ကို ရှုမငြီး မမြင်စေလို။

ရင်မှာ နင့်သီး နာကျင်ဝေဒနာတို့၏ နှိပ်စက်မှုကို ခါးသီးစွာခံစားလိုက်ရသည်။

“ဟင် မောင်...”

ကားသည် အရှိန်လျော့နည်းသွားပြီး တစ်နေရာရာလမ်းဘေး၌ ထိုးကပ်ရပ်လိုက်ပုံရသည်။

“မောင်. . မောင် ဘာဖြစ်လို့လဲ နေမကောင်းဘူးလားမောင်”

နုထွေးညှံ့သက်သော လက်ကလေးက သူ့နဖူးပေါ်သို့ကျရောက်လာသည်။ ဆတ်ခနဲတုန်လှုပ်သွားသည်။

သူ သတိဝင်လာသည်။

မျက်လုံးဖွင့်လိုက်သည်။ စိုးရိမ်တကြီးကြည့်နေသော မျက်ဝန်းက သူ့ဘဝကို ဒုက္ခပေးခဲ့သည့်မိန်းမ၏ အရက်စက်ဆုံးမျက်ဝန်းပါ။ ဒီမျက်ဝန်းပိုင်ရှင်မိန်းမအပေါ် သူ ဘာကိုစွဲတွယ်တာရသနည်း။

“ဖယ်စမ်းကွာ အပိုတွေလုပ်မနေနဲ့ ခင်ဗျားကိုကျုပ်မုန်းတယ်”

လက်ကိုပုတ်ခတ်ဖယ်ရှားလိုက်ပြီး ကားပေါ်မှဆတ်ခနဲဆင်းခဲ့လေသည်။

နောက် အသင့်ပြေးလာသော Taxi တစ်စီးကိုလှမ်းတားလိုက်သည်။

“မောင်. .”

သူ့နောက် ပြေးဆင်းလိုက်လာခေါ်သော ရှုမငြီးကို သူဥပေက္ခာပြုလိုက်သည်။

Taxi ပေါ်တက်ကာ တံခါးကို ဂျိမ်းခနဲပိတ်ပြီး။

“မောင်း. . မြန်မြန်မောင်း”

“ဘယ်ကိုလဲ ဆရာ”

“ခြောက်မိုင်ခွဲ. .”

ရှုမငြီး ကားနောက်မှလိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

လိုက်ပါစေစမ်း။

မိုးမြေဆုံးအထိ မိမိအပါး၌ အမြဲတစေလိုက်ပါနေနိုင်မည်လား။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

အိမ်ရောက်တော့ သူအံ့အားသင့်သွားသည်။ မိဘနှစ်ပါး ပြန်ရောက်နေကြသည်။

ခြံစောင့်ကို တံခါးဖွင့်မပေးရန် မှာကြားပြီးဖြစ်သဖြင့် စိတ်ချစွာနေနိုင်သော်လည်း သူ့လက်ထဲ ဘာပစ္စည်းမှပါမလာ၍ Taxi သမားကို ကားခရှင်းစရာပင် မရှိသဖြင့် ခြံစောင့်ဆီက ယူပေးလိုက်ရသည်။





သူ့ခြံတံခါးပိတ်ပြီးချိန်၌ ရှုမငြီးကားရောက်လာသည်။

"လုံးဝဖွင့်မပေးနဲ့. ."

ကားဟွန်းသံကြားလိုက်ရသည် ကြာရှည်တော့မဟုတ်။

ပတ်ဝန်းကျင်ရှိသေးသည်။ သူ့ကိုချစ်သော မိန်းမတစ်ယောက်အနေဖြင့်တော့ သူ၏ဂုဏ်သိက္ခာကိုငဲ့ညှာကာ. . ဟွန်းကြာရှည်စွာတီးလိမ့်မည်မဟုတ်ဟု သူယုံကြည်လိုက်သည်။

"ဟင်. . သား ဘယ်လိုဖြစ်လာတာလဲ၊ ဘယ်တုန်းက ပြန်ရောက်တာလဲ. "

"ခုပဲ မေမေတို့ကော. ."

"မနေ့က. ."

"အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဘယ်လိုဖြစ်တာလဲ. . ကားကော. ."

သူဘာမှမရှင်းပြချင်။ ထိုစဉ် အိမ်ထဲမှ တယ်လီဖုန်းမြည်လာသည်။ ရှုမငြီးဖုန်းဟု သူအတတ်သိလိုက်သည်။ မိဘတွေရှိနေသည်ဆိုတော့ ပြဿနာမတက်ချင်သဖြင့်. .

"နေနေ. . သားကိုင်မယ်ဖေဖေ. ."

ဖုန်းကိုင်တန်ပြင်လိုက်သော ဖခင်ကို သူလှမ်းဟန့်ကာ တမန်းကတန်း သွားကိုင်လိုက်သည်။

"ဟဲလို. ."

ထင်ထားသည့်အတိုင်းပင်. .

"မောင်. ."



www.burmeseclassic.com

www.burmeseclassic.com



ငိုသံနှင့်အတူ အသံက တိမ်ဝင်သွားသည်။ ချစ်သူ၏ ဥပေက္ခာပြုမှုကို ကိုယ်ချင်းစာတတ်သွားပြီထင်ပါသည်။

"မလား မေမေတို့ပြန်ရောက်နေပြီ မောင် သူတို့နဲ့ အေးအေးဆေးဆေး ညစာစား စကားပြောပြီးမှ ပြန်လာခဲ့မယ်၊ အိမ်မှာပဲပြန်စောင့်နေ . . ဒါပဲကွာ"

သူ ပြောပြောဆိုဆို ဖုန်းချပစ်လိုက်သည်။ မိဘများ၏ အကဲခတ်နေသောမျက်လုံးကို သူရင်ဆိုင်လိုက်သည်။

"မင်းဘာဖြစ်နေတာလဲ"

"သား . . ဘာဖြစ် . ."

မိဘနှစ်ပါး၏ လေသံကတပြိုင်နက်ထွက်လာသည်။

သူ ခြေပစ်လက်ပစ်ထိုင်လိုက်ပြီး . . .

"သားတို့ချင်းကိစ္စ . ."

"ကဲ . . ထားပါ၊ ဂျပန်ကကိစ္စတွေ အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ်"

"ကဲ . . ဒါဖြင့် ရေချိုး တအောင့်နားပြီးရင် ထမင်းစားကြမယ်"

"ဟုတ်ကဲ့"

သူ ရင်ထဲအနည်းငယ် သက်သာရာရသွားသည်။ အပေါ်ထပ်ပြေးတက်ခဲ့ပြီး ပြူတင်းပေါက်မှတဆင့် ကြည့်လိုက်ချိန်၌ ကားသည်နောက်ဆုတ်ကာကွေ့ပြီး ပြန်သွားသည်ကို တွေ့လိုက်ရသည်။





ကားသည် သူ၏ Land Cruiser ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ ရှုမငြီး ကားဘယ်ရောက်သွားပြီလဲ။ ရောင်းလိုက်ပြီလား။ ဒီမိန်းမ ဘာတွေလုပ်နေသနည်း။

"လူလေး"

"ဟင် . . ဒေါ်ကြီး လှလှိုဝလို့ပါလား၊ လက်ဆောင်တွေကိုနောက်နေ့မှလာမှာတော့မယ် . ."

"လူလေး ဘာဖြစ်လာတာလဲ . ."

"ဘာမှမဖြစ်ပါဘူး"

"မဖြစ်ရင် အိမ်မပြန်ခင် ဦးဘအိုဆီ အရင်ဝင်သွားလိုက်နော် . ."

ဘုန်းလက်ရုံး ဒေါ်ကြီးညိုကို အကဲခတ်လိုက်သည်။ ဒေါ်ကြီးညို မလိုအပ်ဘဲစကားကို အပိုမပြောတတ်ကြောင်းသိသည်။

"နောက်နေ့မှ ပစ္စည်းတွေနဲ့ကန်တော့ရင်း သွားတော့မယ်"

"ဒီလိုဆိုရင်လည်း . . မိန်းကလေးအပေါ် နားလည်ခွင့်လွှတ်ပေးပါ ရန်မရှာပါနဲ့၊ မိန်းကလေးက သားကိုသိပ်ချစ်ရှာတာကကဲ . . လူလေးအတွက် အကျီထုတ်ပေးခဲ့ပြီ ရေချိုးပြီး ဆင်းလာခဲ့နော် . ."

"ဟုတ် . ."

ဘုန်းလက်ရုံးခံစားနေရသော ဝေဒနာတို့ အနည်းငယ်လျော့ပါးသွားသည်နှင့် ရှုမငြီးထံပြေးသွားချင်စိတ်တို့ဖြစ်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမင်းကို တို့ကနန်းဆိတ်ကနန်း စားလိုက်သည်။

"ဘယ်လိုဖြစ်တာလဲသား၊ မင်းမိန်းမ ထွက်မပြေးပါဘူး"

"ဟို့ . . သားဘာမှမယူလာခဲ့ရလို့၊ နောက် ပစ္စည်းတွေ ဘယ်လိုတင်မလဲလို့"

"ဘာဖြစ်လာထာလဲ"

"လေယာဉ်ကွင်းကနေ ဒီကိုတန်းဝင်လာတာ မေမေတို့က သူ့ကိုမမြင်ချင်ဘူးဆိုတော့ သားမခေါ်ရဲတာရယ် မေမေတို့ကိုလည်း အရင်ဆုံးတွေ့ချင်တာရယ်ကြောင့်"

"သာဓုသာဓုသာဓုပါ၊ ကဲ . . ပြန်တော့သား မေမေတို့လည်း ကိုယ့်စိတ်ကိုကိုယ် ဆုံးမနေပါတယ်၊ တစ်နေ့နေ့တော့ သားမိန်းမကို ခွင့်လွှတ်လက်ခံနိုင်လိမ့်မယ် ထင်တာပဲ . . အခု လောလောဆယ်တော့ ရင်ထဲနာနေသေးလို့ပါကွယ်"

ဘုန်းလက်ရုံးအတွက် အတိတ်သည် အသစ်တစ်ဖန် ပြန်လည်ဖြစ်လာပြန်သည်။ မေ့၍မရနိုင်သောကိစ္စများပင်။

သို့သော် မှောင်စပျိုးစ ညီအစ်ကိုမသိတသိအချိန်တွင် ရွှေမငြိမ်းရှိရာသို့ မောင်ထွေးကိုပြန်ပို့ခိုင်းရလေသည်။

သူမနေနိုင်ပါ။ နှစ်လနီးပါးခွဲခဲ့ရသောနေ့ရက်များက သူ့နှလုံးသားကို နှိပ်စက်ခဲ့ပြီးပြီ။ ယခုတစ်ဖန်ပြန်နှိပ်စက်ဦးမည်ဆိုပါက သူ အလွမ်းဝေဒနာကို မခံစားချင်တော့ပါ . ။







# အခန်း(၂၈)

ဒေါ်ကြီးညိုဖုန်းဆက်ထားမှုကြောင့် ဘုန်းလက်ရုံးပြန်လာပြီဟု သိလိုက်ရချိန်၌ ရွှေမငြိမ်း ဝမ်းသာသွားသည်။ မှိုအစ်နေသောမျက်နှာကို မျက်နှာသစ်ကာ သနပ်ခါးရေကျဲနှင့်ဖုံးကွယ်လိုက်သည်။

ထမင်းပွဲကို ဘာတွေလိုအပ်သေးသနည်း ကြည့်လိုက်သည်။ လျှပ်စစ်ခေါင်းလောင်းသံမြည်လာချိန်၌ တဒိတ်ဒိတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခုန်သံကိုပင် ကျယ်လောင်စွာကြားလိုက်ရသည်။

တံခါးကို အပြေးအလွှားသွားဖွင့်လိုက်ချိန်၌သူ့ကိုမြင်လိုက်ရသည်နှင့် ထိန်းချုပ်ထားသည့်ကြားက မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျလာသည်။

ကိုယ့်ကိုမုန်းပါသည်ဟု ကြွေးကြော်ထားသော ယောက်ျား၏ရင်ခွင်ကို တိုးဝင်ကာ အားရပါးရငိုချလိုက်မိသည်။

တွန်းဖယ်ပြီး ရိုက်ချင်ရိုက်ပါစေတော့. . ကိုယ်က ချစ်ရသည်ပဲ။

သို့သော်. . .

အတန်ကြာသည်အထိ သူ့ထံမှတုန့်ပြန်မှုမရ၊ ပြန်လည်ထွေးပိုက်ခြင်းမရှိသလို တွန်းထုတ်ခြင်းလည်း မရှိသောအခါ ရှုမငြိုး သောကကြေပျက်သွားပြီး ဘုန်းလက်ရုံးကို ကြည့်လိုက်သည်။

အံကိုတင်းတင်းကြိတ်ကာ လက်သီးနှစ်ဖက်ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ဘုန်းလက်ရုံးကို ထိတ်လန့်စွာတွေ့လိုက်ရသည်။

"ဟင်. . မောင်. . ."

မျက်ဝန်းမှာလည်း မျက်ရည်များတသွင်သွင်စီးကျလျက်ပါလား။

ရှုမငြိုး သူ့ရင်ခွင်မှခွါထွက်လိုက်သည်နှင့် သူသည် ကမ္ဘာရှုံးထိုးပင် အပေါ် ထပ်ပြေးတက်သွားသည်။





ရှုမငြိုး တံခါးနှစ်ထပ်ကို သေချာစွာပိတ်ပြီးမှ ဘုန်းလက်ရုံး နောက်သို့ပြေးလိုက်နိုင်သည်။

"မောင်မောင် ဘာဖြစ်လို့လဲ၊ မကိုပြောပါလားမောင်"

မှောက်အိပ်နေသော ဘုန်းလက်ရုံးကိုဆွဲထူရန် ကြိုးစားလိုက်သည်။ ဘုန်းလက်ရုံး အလိုက်တသင့်ပင်ပါလာပြီး သူ့ရင်ခွင်၌မျက်နှာအပ်လိုက်သည်။ ရှုမငြိုးက မိခင်ကရင်သွေးကိုပိုက်ထွေးလိုက်သည့်အလား ထွေးပိုက်လိုက်သည်။

အတန်ကြာမှ သူငြိမ်သက်သည်ပြီးနောက်. .

"ကျုပ်အရက်သောက်ချင်တယ်."

"သောက်လေမောင် အဆင်သင့်ပဲ၊ ရေခဲလည်းရှိနေတာပဲ၊ အတော်ပဲ မလည်းထမင်းမစားရသေးဘူး မောင့်ကိုစောင့်နေတာ"

ယောက်ျားမာနကတော့ ရှိနေသည်။ မျက်ရည်များကိုသူ မမြင်တွေ့စေရန် ဘယ်အချိန်ကများ သုတ်ထားသည်ကို ရှုမငြိုး မသိလိုက်ရ။

ထမင်းစားခန်းပြန်ဆင်းလာကြပြီး ဘုန်းလက်ရုံးအတွက် ဝီစကီကို ပြင်ဆင်ပေးလိုက်သည်။

"မကောထမင်းစားလေ."

"မောင်ကောထပ်စားပါလား"

မိုးလေဝသအခြေအနေ ပြန်ကောင်းလာပြီဟု ရှုမငြိုးသိလိုက်သည်။ အခြေအနေထပ်မံမဆိုးရွားစေရန် သတိထားစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရတော့မည်ဟု စဉ်းစားလိုက်သည်။

"ပစ္စည်းတွေဘယ်လိုတင်သလဲ."

"ကုမ္ပဏီက အလုပ်သမားနှစ်ယောက် ဝင်ခေါ်ခဲ့ရတာ ပေါ့၊ အသေးလေးလည်းရှိနေတယ် ရောက်ပြီးမှ ပြန်လွှတ်လိုက်တာ."

ပစ္စည်းတွေ ဧည့်ခန်းထောင့်တစ်နေရာ၌ပုံချထားသည်၊ လက်ရာခြေရာမပျက်။

"စားလေ. ."

"မောင် ဘာလိုအပ်သေးသလဲ၊ အမြည်းထပ်လုပ်ပေးရ မလား"

"တော်ပါပြီကွာ၊ အမိ ကျုပ်အပေါ် ဒီလောက်မကောင်း နဲ့ကွာ ကျုပ်က မင်းအပေါ် ကောင်းတာမဟုတ်ဘူး"

"မောင် ကျွန်မအပေါ် ကောင်းတယ် တာဝန်လည်းကျေ လင့်ဝတ္တရားငါးပါးလည်း ကျေပွန်တာပဲ မောင်ရယ်၊ မဘက်က သာချို့ယွင်းချက်တွေရှိကောင်းရှိနေမှာပါ၊ မအမှားရှိရင် မောင် ပြောပါ ကျွန်မချက်ခြင်းပြင်ပါ့မယ်"

ယောက်ျားတစ်ယောက်ကို ခယယ ပြောဆိုဆက်ဆံ လိမ့်မည်ဟု ရှုမပြီးတစ်သက်တစ်ခါမှ အိပ်မက် မမက်ခဲ့ပါချေ သို့သော် အချစ်သည် အရာရာကိုလွှမ်းမိုးသွားနိုင်သည်ကို ဘောပေါက်က အောက်ကျသည်ဟုမထင်။ သိမ်ငယ်သည် လည်း မမြင်တော့အမိက ချစ်သူစိတ်ချမ်းသာစေချင်သည်။





"မစားလေ"

ကြက်ကုန်းဘောင်ကြီးကျော်ကိုခပ်ကာ မိမိပန်းကန်ထဲ ထည့်ပေးလိုက်သဖြင့် ရှုမပြီးရင်၌ အတိုင်းမဆသောကြည်နူးမှု တို့ တိုက်ခတ်သွားသည်။

"မောင်ကောစားလေ"

"မဝိန်သွားတယ်"

"မောင့်ကိုလွှမ်းတာကိုး"

"မရယ် ခင်ဗျားကို ကျုပ်မုန်းချင်တယ်ကွာ၊ ဒါပေမယ့် မုန်းလို့မရတာခက်တယ်၊ ကြာရင် ကျုပ်ရူးသွားလိမ့်မယ်သိလား"

ရှုမပြီး မိမိကိုရိဝေသောမျက်လုံးအစုံနှင့် စိုက်ကြည့်ကာ ပြောနေသော ဘုန်းလက်ရုံးကိုကြည့်လိုက်သည်။ ယမကာလေး အနည်းငယ်ဝင်တော့ နေသာထိုင်သာရှိသွားပုံရသည်။ အရက်မူး သာပါက ကျွဲခိုးပေါ်တော့မည်။

"မုန်းချင်မုန်းပါမောင်၊ မောင့်ကို အရှုံးတော့အဖြစ်မခံ နိုင်ဘူး"

"မောင့်ကိုမချစ်နဲ့ကွာ မောင့်ကိုမုန်းလိုက် နာကြည်းလိုက် တော့ မောင်နဲ့ကွာရှင်းဖို့ မတောင်းဆိုလိုက်စမ်းပါကွာ"

"ဘာဖြစ်လို့လဲမောင် မမောင့်ကိုယူဖို့ခေါင်းညိတ်လိုက် ကတည်းက မောင့်ရဲ့ဆိုးမွေကောင်းမွေမှန်သမျှကို မောင်နဲ့အတူ တူ သေတပန်သက်တဆုံး ခံစားသွားဖို့ရည်ရွယ်ပြီး လက်ထပ်ခဲ့ တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်လိုလူကို ချစ်ခဲ့မိတဲ့အတွက် အမိန့်လုံးသားကို တစ်သက်လုံးအကျဉ်းချပစ်လိုက်မယ်ဆိုကွာ"

ယစ်မြွေရည်ဆိုသည့်အတိုင်း ဗိုက်ထဲသို့ပင်ရောက်ပြီး မကြာခင်၌ရစ်လေပြီ။

"ဟုတ်တယ်လေ မတစ်သက် မောင်ကလွဲပြီး ဘယ်သူ့ကိုမှချစ်တော့မှာမဟုတ်ဘူး၊ ကျွန်မနှလုံးသားဟာ မောင့်အတွက်ပဲဆိုပြီး အကျဉ်းချသော့ခတ်ထားလိုက်ပြီ"

"မ. . ခင်ဗျား ကျုပ်ကိုကွာလိုက်တော့"

"ဘာဖြစ်လို့လဲ မောင်၊ ကျွန်မကို မောင် ဘဝတစ်သက်တာအလုပ်အကျွေးပြုဖို့ ကျွန်မယားတစ်ယောက်အဖြစ် သိမ်းပိုက်ထားတာဆို မောင်"

"ဟုတ်တယ် ဟုတ်တယ်. . ခင်ဗျားကို ကျုပ်သိမ်းပိုက်ထားတာ၊ ခင်ဗျားဘဝထဲ အကျဉ်းချထားတာ၊ ဒါပေမယ့် ဒါပေမယ့် မဖြစ်တော့ဘူး ခင်ဗျားကို ကျုပ်သနားတယ်၊ ခင်ဗျားကို ကျုပ် ချစ်တယ်၊ ကျုပ်ကို ကွာလိုက်တော့ဗျာ. . "

ပြောရင်း. . မျက်ရည်ကျလာသည်။

"မောင် မူးနေပြီ တော်တော့နော်"

"မတော်ဘူးဗျာ ခင်ဗျားဖယ်ဗျာ သောက်ဦးမယ်"

"အနားယူပါတော့ မောင်ရယ်. . ၊ အရက်ဟာ ဘာမှကောင်း ကျိုးမပေးကြောင်း မောင်လည်းသင်ခန်းစာတွေရခဲ့ပြီသားနဲ့"





"အဲဒီလို အရက်သောက်အောင် ဘယ်သူလုပ်တာလဲ၊ ဟားဟား. . ခင်ဗျားပဲလုပ်တာ ခင်ဗျားပဲလုပ်တာမဟုတ်လား ဒေါ်ရွှေမငြိမ်း၊ ကိုကိုအရက်သောက်တာ ခင်ဗျားကြောင့်. . ခု ကျုပ်အရက် သောက်တာလည်းခင်ဗျားကြောင့်. . "

"မောင်. . "

"ကျုပ်ကို မောင်လို့မခေါ်နဲ့၊ သွားသွား. . ခင်ဗျားဟာ စုန်းမကြီး ကျုပ်ကိုပြုစားတယ်၊ ကျုပ်အစ်ကိုကိုပြုစားတယ် ကျုပ်တို့မိသားစုဘဝပျက်ရတာ ခင်ဗျားကြောင့်. . ခင်ဗျားကြောင့်. . ၊ ခင်ဗျားကို သိပ်မုန်းတယ်. . မုန်းတယ် ဘယ်တော့မှ မကျေနပ်ဘူးသိလား"

ပြောပြောဆိုဆို ယိမ်းယိုင်နေသောသူ့ကို ဖက်တွဲပြီး ကုတင်ပေါ်ရောက်အောင်ပို့ဆောင်ရသည်မှ မလွယ်ကူ။ ရွှေမငြိမ်း ဘဝ၌အရက်သောက်သော လင်ယောကျ်ားတစ်ဦးကို တွဲရလိမ့်မည်ဟုလည်း အိပ်မက်ပင်မမက်ဖူးခဲ့ပါချေ။

"ခင်ဗျားကိုမုန်းတယ် ကျုပ်တို့ဘဝပျက်ခဲ့တာ ခင်ဗျားကြောင့်၊ ကျုပ်လူညွှန့်တုံးခဲ့ရတာ ခင်ဗျားကြောင့် ဒေါ်ရွှေမငြိမ်း ခင်ဗျားကို ကျုပ်သိပ်မုန်းတယ်မုန်းတယ်. . မုန်းတယ်မုန်း. . "

ရွှေမငြိမ်း မုန်းတေးကို ရွတ်ဆိုရင်း အိပ်ပျော်သွားသော ဘုန်းလက်ရုံးကိုကြည့်ကာ ရွှေမငြိမ်းသက်ပြင်းချလိုက်သည်။

ရွှေမငြိမ်းရင်ထဲ သံသယဝင်လာသည်။ ထိုသံသယမှာ. . 'ကျုပ်လူညွှန့်တုံးခဲ့ရတာ ခင်ဗျားကြောင့်' ဟူသောစကားပင်. . ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ခဲ့သနည်း။

ဘုန်းလက်ရုံးကို နေသားတကျဖြစ်စေရန် ပြုပြင်ပေး လိုက်သည်။ အအေးမပတ်စေရန် သုတ်ပေးပြီး အကျီပါလဲလှယ် ပေးလိုက်သည်။

နောက် အတန်ကြာစဉ်းစားနေပြီးမှ ဘုန်းလက်ရုံးဘေး တွင် အိပ်စက်လိုက်သည်။

သို့သော် ထိုညက ဘုန်းလက်ရုံးထုံးစံအတိုင်း အိပ်မက် ဆိုးမက်ဟန်တူသည်။

လန့်အော်ပြီးနိုးလာခဲ့ရာ ရေတိုက်ပေးရင်း. .

"မောင်အိပ်မက်ဆိုးမက်ပြန်ပြီလား"

"ဟုတ်တယ်မရယ်၊ မောင် အဲ့ဒီအိပ်မက်ဆိုးကနေလွတ် မြောက်ချင်တယ်၊ ဒါပေမယ့် ဘယ်တော့မှ လွတ်မြောက်ခွင့်ရမှာ မဟုတ်ဘူး၊ မောင် သေမှပဲရမှာ. ."

"မောင်ဘာကြောင့် ဒီလိုအားလျော့တဲ့စကားမျိုး ပြောရ တာလဲ၊ မောင်ဟာ အလုပ်လုပ်ရင်လည်း ရဲရင့်ပြတ်သားတဲ့ လူ တစ်ယောက်ပါ။ မောင် စိတ်ဓါတ်ခိုင်မာရဲရင့်ပါလျက်နဲ့"

"မ မသိတာတွေ အများကြီးရှိတယ်၊ မောင့်ကို မနား မလည်စေချင်ဘူး၊ ကဲ. . မလည်း မောင့်အတွက် စိတ်ရောလူပါ ပင်ပန်းနေပြီအိပ်တော့နော်"

ရှုမငြိုးအတွက်တော့ ချမ်းသာသုခနှင့် ဒုက္ခဆင်းရဲကို တလှည့်စီခံစားနေရသော ဘုံဘဝတစ်ခုကို အရှင်လတ်လတ်





ရောက်ရှိနေသည့်အလားပင်၊ ယခုတော့လည်း ဘုန်းလက်ရုံး သည် စောစောတ သူမဟုတ်သည့်အလားပင်. . ။

ရှုမငြိုး သက်ပြင်းသူခိုးလေးချပြီး ချစ်ရသူ၏ရင်ခွင်သို့ တိုးဝင်ခိုလှုံလိုက်လေသည်။

ဘုန်းလက်ရုံးကလည်း လွတ်ထွက်သွားမှာစိုးကြောက် သည့်အလား တင်းကြပ်စွာပွေ့ဖက်လိုက်လေသည်ကို ကြည် ကြည် မွေ့မွေ့လေးခံစားရင်း ရှုမငြိုးခံစားခဲ့ရသော သောကဒုက္ခ ဆင်းရဲတို့ တဒင်္ဂတော့ ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

ရှုမငြိုး ရိတာနှင့်လွင်မာတို့နှင့်အတူ ဈေးဝယ်ထွက်သည်။

"ရှင်ဝယ်တာတွေက ရှင့်အတွက်မပါဘဲ ယောကျ်ားအတွက်ချည်းပါပဲလား"

"မောင်ကလည်း ကျုပ်အတွက်ချည်းပဲ ဝယ်လာတာကိုးအေ. . ကျုပ်ကလည်း မောင့်အတွက်ပြန်ဝယ်တာပေါ့. . "





"အမလေး. . သဲကြကဲကြပါပေ့. . "

"ဩော်. . အမေနှစ်မေအတွက် ဝယ်ရဦးမယ်"

"ကျုပ် မရှင်းလို့မေးရဦးမယ်ရှင်တို့ Wedding ကကောဒီနှစ်လုပ်ဖြစ်ဦးမှာလား၊ ကလေးကင်ပွန်းတပ်နဲ့ ရောကြတော့မှာလား"

ရှုမငြိုးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဘုန်းလက်ရုံး၏အတွင်းအဖွဲ့တွက်ကို သရုပ်မခွဲနိုင်သေး။ မိမိအပေါ် ချစ်လိုက်၊ မုန်းသည်ဟုကြေငြာလိုက် ဖြစ်နေသော လူတစ်ယောက်ကို ထိုကိစ္စဘယ်လိုလုပ်ပြောရမည်နည်း။

မေမေတို့ဆီသွားလျှင်လည်း မေးကြသည်။ လူသိရှင်ကြား တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ပြီးရုံနဲ့တင် လုံလောက်ပြီဟု ထင်ထားသည်။

သို့သော် နှစ်ဦးစလုံး၏ အလုပ်အကိုင်အရကော ဆွေမျိုးမိတ်သင်္ဂဟအသိုင်းအဝိုင်းအရပါ အင်အားကကြီးမားနေသည်။ မိဘများက လုပ်ပေးချင်ကြသည်။

"သမီး ညည်းယောက္ခမတွေ ပြန်ရောက်နေပြီဆို၊ ကျုပ်တို့ကိုလာမတွေ့တာ ဘာသဘောလဲ၊ သံရုံးမှာဖြစ်တဲ့အိမ်မှာသူတို့ကနေပြီး ညည်းတို့လင်မယားကို ခေါ်မထားတာကတော့ဘာသဘောလဲ"

မိခင်ကလည်း မျက်စိပွင့်နားပွင့်နေသူဆိုတော့ မကျေနပ်ချက်တွေ များနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မေမေရယ်၊ မောင်နဲ့သမီးက လွတ်လွတ်လပ်လပ်နေချင်ကြလို့ပါ"

"အိုး. . အိမ်ကြီးကလူတစ်ရာလောက် နေတာတောင် ပျောက်နေနိုင်တဲ့အိမ်မျိုးမှာ မလွတ်လပ် ဖြစ်နေရတယ်ဆိုတာ ယုတ္တိမတန်ပါဘူး၊ ညည်း မေမေ့ကို တစ်ခုခုဖုံးကွယ်ထားတယ် မဟုတ်လား"

"မဟုတ်ရပါဘူးမေမေ"

မနက်ကတင်. . မိခင်နှင့် ထိုကိစ္စ အချေအတင်ဖြစ်ရသည်။

ယခု သူငယ်ချင်းတွေက လာပြန်ပြီ တချို့။

"ရှင့်ယောက္ခမတွေ ပြန်ရောက်လာတော့ သံရုံးမှာဘဲဖြစ်တော့ဘူးမဟုတ်လား၊ ရှင်တို့ဘာဖြစ်လို့ ပြန်မနေကြတာလဲ"

"လွတ်လပ်ချင်လို့ပေါ့၊ နှစ်ယောက်ထဲနေချင်လို့ ရှင်းပြီလား"

"ရှင်တို့ဟာ မဟုတ်သေးပါဘူး"

"ကိုင်း Wedding ကကော နှစ်ဘက်မိဘရှိနေပြီဘာဖြစ်လို့မလုပ်သေးလဲ. "

"ဒါ ပကာသနအလုပ်ပါ၊ ကျုပ်ကော မောင်ကော မကြိုက်လို့ ရှယ်ယာအမြတ်တွေပေါ်တဲ့နေ့မှာ ကျုပ်တို့မင်္ဂလာဦး ဒါနအဖြစ် အလှူအတန်းတွေလှောက်လုပ်မလို့ စိတ်ကူးထားလို့ ရှင်းပြီလား"





ရှုမပြီး စိတ်ရင်းအမှန်အတိုင်း ပြောချလိုက်သည်။ ထိုကိစ္စ ဘုန်းလက်ရုံးနှင့် တစ်ခါမှ မဆွေးနွေးဖြစ်ကြသေး။

"ရှင့်မှာတော့ ဆင်ခြေချည်းပဲ၊ ဒါထက် ဂျူနီယာဘုန်းလက်ရုံးရောက်လာမယ့် အလားအလာကော ရှိပြီလား"

ရှုမပြီးရင်ထဲ မောဟိုက်သွားသည်။

အရိပ်အယောင်မျှမမြင်သေး။ သူငယ်ချင်းဒေါက်တာရီတာကို အားကိုးတကြီးကြည့်လိုက်သည်။

"မမြင်ရသေးဘူး ကျုပ်ဆီမှာ ချို့ယွင်းချက်ရှိနေလို့လား"

"ရှင့်မှာလည်း အန်တီသန်းတစ်ယောက်လုံး ရှိနေရဲ့နဲ့ ကွာ သွားစမ်းသပ်ပါလား"

"ကျုပ်ရှက်လို့. . "

"မရှက်ပါနဲ့ ယောကျ်ားတော့ယူတတ်ပြီး၊ ကဲ ဒီနေ့ ရှင့်အဲ့ဒီကိစ္စ အရင်လုပ် ကျုပ်တို့လိုက်ပို့ပေးပါ့မယ်"

ရှုမပြီး သူငယ်ချင်းများ၏အကူအညီနှင့် ဒေါက်တာဒေါ်သန်းသန်း၏ အထူးကုဆေးခန်းသို့ရောက်ခဲ့သည်။ စစ်ဆေးမှုများအတွက် လိုအပ်သည်တို့ကိုယူထားပြီး နောက်နေ့ထပ်ချိန်းလိုက်သည်။

ထိုကိစ္စ ဘုန်းလက်ရုံးကိုမပြောရဲ။

"ရှင်နော် ယောကျ်ားရပြီးမှ ကားလည်းရောင်း၊ အတွင်းပစ္စည်းတွေလည်း ပွန်းပဲ့နဲ့၊ ရှင့်မှာ ဘာအခက်အခဲရှိသလဲ ပြောစမ်းပါဟာ. . "



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလက်ရုံး၏ဂုဏ်သိက္ခာအတွက် သူငယ်ချင်းများကို လုံးဝဖွင့်မပြောခဲ့။

"ရှင်တို့မသိပါဘူး၊ ကျုပ်တို့ လုပ်ငန်းလည်ပတ်တဲ့အခါမှာ ငွေအရင်းအနှီး ထပ်တိုးရတဲ့အခါလည်း ရှိတာပေါ့၊ မောင့်ကို အပူမကပ်ချင်ဘူး"

"လင်မယားဆိုတာ အေးအတူ ပူအမျှ အကောင်းအဆိုးမျှဝေခံစားရမှာပေါ့၊ ရှင့်ဟာက မဟုတ်သေးပါဘူး"

သူငယ်ချင်းများက တိုက်ခန်းသို့ပြန်ပို့ပေးပြီး ပြန်သွားသောအခါမှ ရှုမငြိုး အသက်ရှူချောင်သွားလေတော့သည်။

တစ်နေ့လုံး စိတ်မောလူမောဖြစ်ကာ. . အိပ်ရာထဲလှဲလျောင်းရင်း အိပ်ပျော်သွားခဲ့လေသည်။

အဘယ်မျှကြာအောင် အိပ်ပျော်သွားသည်မသိလိုက်။ နဖူးပြင်ပေါ်သို့ ညင်သာနွေးထွေးသောအနမ်းနှင့်အတူ ပူနွေးစွတ်စိုသောအထိအတွေ့ကြောင့် ရှုမငြိုးလန့်နိုးသွားသည်။

ဘုန်းလက်ရုံးပြန်ရောက်နေပြီ. ။

"ဟင်. . မောင်. "

အိပ်မှုန်စုံမွှားပဲ ဖြစ်နေ၍လားမသိ၊ ဘုန်းလက်ရုံး၏ မျက်ရည်ရောပွန်းသော မျက်ဝန်းအစုံကိုတွေ့လိုက်ရသည်။

ထိုမျက်ဝန်းကိုဖုံးကွယ်ဖို့ သူကျောခိုင်းလိုက်သည်။

"အိပ်. . အိပ်. . မောင်ရေချိုးလိုက်ဦးမယ်"

ရှုမငြိုးမအိပ်တော့ပါ ခင်ပွန်း၏ ဝေယျာဝစ္စကိုလိုက်လုပ်





ပေးသည်။

"မလုပ်ပါနဲ့ကွာ မောင့်ဟာသာမောင်လုပ်မှာပေါ့"

"ရပါတယ် မောင်. . မ လုပ်ပေးချင်လို့ပါ"

"မရာ. . ခင်ဗျား မောင့်ကိုဒီလောက်ဂရုမစိုက်ပါနဲ့"

ဟုပြောပြီးနောက် ရေချိုးခန်းထဲဝင်လိုက်သည်။

ထိုအချိန်၌ ဟင်းချိုတစ်အိုးတည်လိုက်သည်။ အသေးလေးက အဆင်သင့် ချက်ပြုတ်ပြင်ဆင်ပေးသွားသည်။ အရွက်ကြော်နှင့်ဟင်းချိုကိုတော့ စားခါနီးမှကြော်လှော်ချက်ပြုတ်သည်။

ညနေစာစားသောက်ပြီးချိန်၌ တီဗီထိုင်ကြည့်ရင်း. .

"မ. . "

"ဘာလဲမောင်"

"မကား ဘယ်ရောက်သွားသလဲ. "

"ရောင်းလိုက်ပြီမောင်"

"မောင့်ကုမ္ပဏီအတွက် လိုအပ်တဲ့ငွေတွေကို မဖြည့်လိုက်တာ ဘယ်သူ့ငွေနဲ့လဲ"

"ဖေဖေဆီက ခဏယူလိုက်တာပါ၊ အိမ်ထဲကိုက ကားကငွေနဲ့ လက်ဝတ်လက်စားတချို့ ထုခွဲပြီးဆောက်နေတာပါ၊ အဲဒါဘာဖြစ်လို့လဲမောင်"

ဘုန်းလက်ရုံးမျက်ဝန်း၌ မာနရောင်များ ဖိတ်ဖိတ်တောက်လာသည်။

"မလိုချင်ဘူး အမိဒီကိစ္စကို ကျုပ်မသိဘဲ ဘာမှလုပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ကဲ. . ရေးစမ်း မင်းစိုက်ထားတဲ့ငွေစာရင်းတွေ ကား ဘယ်သူ့ဆီရောင်းလိုက်တာလဲ စာချုပ်ပြစမ်း"

ရှုမငြီးက ဒေါသထွက်နေသောဘုန်းလက်ရုံးကို မျက်နှာ ငယ်နှင့်လှမ်းကြည့်လိုက်သည်။

"ဖေဖေက ငါးရာ၊ အဘအိုက ငါးရာပါ။ အဲဒါနောက်လ Export လုပ်ပြီးတာနဲ့ ပြန်ဆပ်နိုင်မှာပါ၊ အတိုးအရင်းတပြိုင်နက် ဆပ်နိုင်မှာပါ မောင်၊ ဖေဖေ့အတွက်လည်း အရှုံးမရှိပါဘူး ဘဏ် ထားငွေထက် အများကြီးသာလို့ ထုတ်ချေးတာပဲမောင်၊ လုပ်ငန်း သဘောအရ ပြဿနာမဟုတ်ပါဘူး"

"ဒါဖြင့် ကားနဲ့ပစ္စည်းရောင်းတဲ့ကိစ္စကကော."

"ဩော် မောင်ရယ်မပြောပြီးပြီကော မောင်နဲ့မ နှစ် ယောက်တည်းဆို အကြောင်းမဟုတ်ဘူး. . နောက်. ."

"တော်စမ်းကွာ"

ဘုန်းလက်ရုံး စကားစ မခံဘဲ ဝုန်းခနဲထလိုက်သည်။

"ကျုပ်ကုမ္ပဏီက ရှယ်ယာမြှတ်ငွေက နောက်နှစ်လခွဲမှ ကိုး. . အဲဒီတော့မှ ကျုပ်ဆောက်ပေးမလို့၊ ခင်ဗျား အခုလိုလုပ် တော့ကောင်းသလား၊ ခင်ဗျားမိဘတွေက ကျုပ်ကိုဘယ်လိုထင် မလဲ"

ရှုမငြိး ပြဿနာအဖြစ်မခံ။ ဘုန်းလက်ရုံး မျက်နှာညှိုး သည်ကိုမကြည့်ရက်။

"မ တောင်းပန်ပါတယ်၊ မ လောသွားလို့ပါမောင်"





"နောက်တစ်ခုရှိသေးတယ်၊ ခင်ဗျားမိဘတွေက Wedding လုပ်စေချင်ကြတယ်၊ ကျုပ်မိဘတွေဘက်က သိတဲ့အတိုင်း ပဲ အဲဒီကိစ္စ ကျုပ်ခေါင်းခဲနေတယ်"

"မလည်း ဒီလိုပါပဲဒီနေ့လည်း"

ရှုမငြီးက မိခင်၏ဆန္ဒနှင့် သူငယ်ချင်းများ၏စကားအ ချို့ကို ဖောက်သည်ချလိုက်သည်။

"မေမေတို့က အိမ်ပြန်လာနေစေချင်ကြတယ်"

ဘုန်းလက်ရုံးမျက်နှာ အုံ့မှိုင်းဖွဲ့သွားသည်။

"ကျုပ်ဝေခွဲရခက်နေတယ်၊ အဲဒီဝေခွဲရခက်မှုရဲ့ အဓိက က ကျုပ်အမိကို ခွဲနိုင်မခွဲနိုင်က အဓိကအချက်ပဲ"

"မောင်ဆိုလိုတာက"

"အမိနဲ့ကွာရှင်းဖို့."

"အိုး. ဟင့်အင်း မောင့်ကို ဘယ်တော့မှကွာမပေးဘူး"

ရှုမငြိး ဘုန်းလက်ရုံးကို ကြေကွဲစွာကြည့်လိုက်သည်။ ဘုန်းလက်ရုံး၏ မျက်ဝန်းရိပ်၌ ကြေကွဲရိပ်တို့က ထင်းနေသည်။

"မောင့်မှာ ဘာပြဿနာရှိနေသလဲမောင်၊ မ ရှင်းရှင်း သိပါရစေ. . ."

"မောင် ပြောနိုင်တဲ့အင်အားမရှိတော့ဘူး မရယ်၊ မောင် ကိုယ်တိုင်လည်း မကို မျက်စိအောက်ကအပျောက်မခံနိုင်ဘူးဆို တာတော့ သေချာတယ်"

ဟု ညင်သာစွာပြောဆိုပြီး ပွေ့ဖက်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုမငြိုး ခံစားနားလည်သည်က ဘုန်းလက်ရုံး၏ အငွေ့အဖက်တို့၌ မေတ္တာအင်အား အချစ်အင်အားပါသည်ဟု။

"မောင် မကို ချစ်လို့နေမှာပေါ့"

"အဲ့ဒါတော့ မောင်မသိဘူးမောင်သိတာ မောင် မကို ခွဲခွါပြီးမနေနိုင်ဘူးဆိုတာပဲသိတယ်"

"မောင်ရယ်. . အဲ့ဒါ အချစ်မဟုတ်ဘူးလား"


"အဲဒါအချစ်ဆိုရင်တော့လည်း မောင် မကိုချစ်နေတယ်လို့ ယူဆလိုက်တော့ပေါ့ မရယ်"

သုံးလလောက်ပေါင်းသင်းနေထိုင်ခဲ့တာ လင်မယားနှစ်ယောက်သည် အချစ်ကို ယခုမှဆန်းစစ်နေကြသည်။ ရှုမငြိုးကိုယ်လိုရာဆွဲတွေးကာ ကျေနပ်လိုက်သည်။

သေချာပါပြီ မောင်ငါ့ကိုချစ်တယ်. . ဟု။







# အခန်း(၃၀)

ဘုန်းလက်ရုံး ဒေါက်တာအုပ်စိုးထံသို့ထွက်ခဲ့သည်။ သူ့စိတ်အစဉ်သည် ရှုပ်ထွေးနောက်ကျိနေသည်။

ဒေါက်တာအုပ်စိုး၏ဖခင် အထူးကုသမားတော်ကြီးက အငြိမ်းစားယူလိုက်ပြီး သူ့ဆေးခန်းကို ဒေါက်တာအုပ်စိုးအား အမွေအနှစ်အဖြစ် လက်ဆင့်ကမ်းပေးခဲ့လေသည်။

လူရှင်းချိန်ကို သူ စိတ်ရှည်ရှည်နှင့်စောင့်ဆိုင်းနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟာ. . ညီလေး"

"လူနာကုန်နေပြီ ကိုကိုစိုး၊ ကျွန်တော်နဲ့ နေ့လည်စာ လိုက်စား"

"အင်း. . နှစ်နာရီအချိန်ရတယ်ကိစ္စရှိပြီလား"

"ဟုတ်တယ်ကိုကိုစိုး"

"အေး. . မင်းတို့ညီအစ်ကိုနဲ့ကတော့ ရေစက်ဆုံ ဆုံနိုင်လွန်းပါတယ်. . "

"ဘာလဲ အစ်ကိုလုပ်သူနဲ့က သူငယ်ချင်း၊ ညီလုပ်သူကတော့ မိန်းမလုဘက်လား"

"ဟားဟားဟား. . ကိုယ်က မလုပါဘူး၊ ညီလေးကသာ ကိုကို့လက်က လုသွားတာမဟုတ်လား"

ဘုန်းလက်ရုံးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒေါက်တာအုပ်စိုးက လူကြီးလူကောင်းပီသစွာ အတွင်းမနောကို လှပမပြ ဘဲ အပြုံးနှင့်ဖုံးကွယ်ထားသည်။ ရင်တွင်းဘာရှိသည်ကို သူတို့ မသိနိုင်။

"ကိုကိုစိုးက မကျေနပ်ဘူးလား"

"ကျေနပ်ပါတယ်ကွာ ချစ်သူချင်း ပေါင်းသင်းကြတာပဲ ဘာမကျေနပ်စရာရှိသလဲ"

"ချစ်သူချင်းလို့ ကိုကိုစိုးက ဘာကြောင့်ပြောနိုင်တာလဲ"

"ဟ. . ဒါက အလွယ်လေးပါ၊ ကိုယ့်တုန်းက လေးငါး





ခြောက်လလောက် အချိန်ဆွဲနေတဲ့သူဟာ မောင်ရှင်နဲ့ကျတော့ ရက်ပိုင်းအတွင်း ခေါင်းညိတ်လိုက်လို့ ဒီပွဲဖြစ်သွားကတည်းကိုက ရှင်းနေတာပဲ၊ လူတွင်ပါလို့ နွားကျားကိုက်တာပဲ မောင်"

ဘုန်းလက်ရုံးနှင့်ဒေါက်တာအုပ်စိုးတို့ နေ့လည်စာ စားသုံးရန်နေရာကို ဘုန်းလက်ရုံးကပင် ရွေးချယ်လိုက်သည်။

NIKKO ဟိုတယ်ရှေ့အရောက်တွင် သူ၏ကားကို တွေ့လိုက်ရသည်။ သူကတော့ သူ့ဖခင်ထံမှကားကို ယူထားလိုက်ပြီး သူ့ကားအား ရှုမငြီးကိုပေးထားလိုက်သည်။ ဖခင်ဘက်ကတော့ မာန်ကျနေပြီး ရှုမငြီးကိုအသိအမှတ်ပြုချင်ပြီ။ သို့သော် မိခင်ကတော့ သားကြီးနှင့်သမီးငယ်အတွက် ပူဆွေးမှုက ဖြေမဆည်နိုင်သေးပေ။

သူကြိုတင် ဘိုကင်လုပ်ထားသော အခန်းသို့အရောက်တွင် ရှုမငြီးကို တွေ့လိုက်ရသည်။ စာရင်းစာအုပ်ဘစ်အုပ်ကို စစ်ဆေးနေရာမှ ဒေါက်တာအုပ်စိုးနှင့်သူ့ကိုအတွေ့တွင်. .

"ဟာ. . ကိုကိုစိုးပါ ပါလာတယ်"

ကိုကိုစိုးဟုပင် သူ့အတိုင်းလိုက်၍ သုံးစွဲလိုက်ခြင်းကို သူ သတိပြုမိလိုက်သည်။

သူ့ရင်ထဲတင်းမာနေသော အသည်းနှလုံးတို့သည်. . အက်ကွဲကြေမွလွင့်စင်မတတ် နာကျင်မှုက ဆစ်ဆစ်မြည်လျက်ရှိသည်။

"ပါလာတာမဟုတ်ဘူး တမင်ဖိတ်ခေါ်လာတာ ကိုကိုစိုး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပြုပြီး ကျွန်တော့်ကိုယ်စား ကျွန်တော့်ရဲ့ချို့ယွင်းချက်တွေအားလုံး မကိုပြောပြပေးပါ။ ကျွန်တော်ပြောနိုင်တဲ့ အင်အားတွေမရှိလို့ပါမနေခဲ့ပါ"

"ဟင်. . မောင်"

ပြောပြောဆိုဆို သူချာခနဲလှည့်ထွက်ခဲ့သည်။

ထိုသို့မှမလုပ်လျှင် သံသရာကရှည်မည်။ သူ့ရင်ထဲ၌လည်း ခံစားနေရသည့်ဝေဒနာက မသေးတော့။

သူ့ကားကို သတိနှင့်မောင်းနှင်ရင်း NIKKO ဟိုတယ်မှထွက်ခဲ့သည်။

ရှုမငြိမ်းကသာ ကိုကိုစိုးမိခင် အိုကီဒေါ်သန်းသန်းနှင့်သွားတွေ့ပြီး စမ်းသပ်စစ်ဆေးခဲ့ရသည်။ သူ့ထံမှ ဘာချို့ယွင်းချက်မှမရှိကြောင်းပြောသည့်အကြောင်း ဆေးမှတ်တမ်းများကိုပြပြီးပြောလေသည်။ ရှုမငြိမ်း၏မျှော်လင့်ခဲ့သည့် သူတို့နှစ်ဦး၏ ရင်သွေးငယ်များ ဖြစ်သည်။ ထိုရင်သွေးလေးက ဘုန်းလက်ရုံး၏ရင်တွင်းအနာတရကော ဘုန်းလက်ရုံးမိဘများ၏ အမျက်ဟူသမျှတို့ကို ချေဖျက်ပေးနိုင်စွမ်းရှိလိမ့်မည်ဟူသော အစွဲပင်။

ရှုမငြိမ်းကို သူသနားလာသည်။

သူဘာကိုမှဟန်မဆောင်ချင်တော့။

သူ့အတွက် သူလည်းမစဉ်းစားချင်တော့။ သူစဉ်းစားမိလာသည်က ရှုမငြိမ်းအတွက်ဖြစ်သည်။

လင်မယားဟူသော ဝေါဟာရ၌ ဆိုးအတူ ကောင်းအတူ ဒုက္ခသုခဟူသမျှကို အတူမျှဝေခံစားပြီး ဘဝခရီးလမ်းကို လက်တွဲမဖြုတ်စတမ်း လျှောက်လှမ်းခြင်းဟု သူနားလည်လာပြီ။

လင်မယားသံယောဇဉ်သည်လည်း အင်အားကြီးသော အနှောင်အဖွဲ့တစ်ခုဖြစ်သည်။

ရှုမငြိမ်းအတွက် သူငဲ့ညှာလာမိပြီ။ ရှုမငြိမ်းအတွက် တစ်ခုခုပေးဆပ်ချင်ပြီ။

သေသေချာချာစဉ်းစားကြည့်တော့ ရှုမငြိမ်းကို သူချစ်နေမှုဟု သိလိုက်ရပြီ။

ကိုကိုစိုးထံမှ မိမိဇာတ်ကြောင်းကိုသာ ရှုမငြိမ်းသိခွင့်ရသွားလျှင် ရှုမငြိမ်း ဘာဆုံးဖြတ်ချက်ချလိမ့်မည်နည်း။

သူ စိတ်မောစွာဖြင့် အိမ်သို့ပင် တန်းပြန်လာခဲ့သည်။ ကုမ္ပဏီသို့ဖုန်းလှမ်းဆက်ပြီး ညနေမှသူလာခဲ့မည့်အကြောင်း အကြောင်းကြားထားလိုက်သည်။

ဘဝတစ်ခု၏ အချိန်တော်တော်များများကို အချစ်ကစိုးမိုးထားလေမလား။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

ရှုမပြီး မယုံကြည်နိုင်အောင် ခံစားလိုက်ရသည်။

"မဟုတ်ဘူး"

"ကိုကိုစိုး ပြောနေတာတွေဟာ ယုံတမ်းစကားတွေပါ နော်. . "

"ကျွန်မကို မောင်က အချစ်စမ်းခိုင်းလိုက်တာမဟုတ် လား"





"ဟုတ်တယ်ပဲထား တကယ့်ကို ထွက်ပေါက်မရှိတော့ ဘူးလား ကိုကိုစိုးရယ်"

ဟု သူရှိုက်ငိုကာ မရှက်တမ်းမေးခဲ့မိလေသည်။

"ကျွန်မ ဝင့်လဲ့ည်တာ၊ ကျွန်မကိုချစ်ခဲ့တဲ့ယောကျ်ားတွေ ရဲ့မျက်ရည်စက်နဲ့ကျိန်စာတွေ ကျွန်မကိုစူးနေပြီထင်တယ် ကိုကို စိုးရယ်၊ အဲ့ဒီအထဲမှာ ကိုကိုစိုးကော ပါခဲ့သလား"

ဟုပင် စိတ်လွတ် သတိလွတ်မေးခဲ့မိသည်အထိ ဖြစ် သွားခဲ့ရသည်။ စိတ်တို့သည် ဆောက်တည်ရာမရအောင် ဖြစ် သွားသဖြင့် ကိုကိုစိုးကပင် အိမ်သို့လိုက်ပို့ပေးခဲ့သည်။

"ကိုင်း. . ကိုကိုစိုး အချိန်မရှိဘူး၊ ကားကို တစ်ယောက် ယောက်ကိုယူခိုင်းလိုက်တော့"

ဟုဆိုတော့မှ . . မောင့်ထွေးကို ဖုန်းလှမ်းဆက်လိုက် သည်။ အိမ်ရောက်သည်နှင့် ဘုန်းလက်ရုံး ကားရပ်ထားသည်ကို တွေ့လိုက်ရသည်။

ဟန်မဆောင်နိုင်။ စိတ်ကိုတင်းတင်းထား၍ မရသည့်အ တွက် ကြမ်းပြင်ထက်ထိုင်ချကာ ဘုန်းလက်ရုံး၏မျက်နှာအပ်ကာ အားပါးတရငိုချလိုက်သည်။ သနားလိုက်တာ မောင့်ကိုသနား လိုက်တာ အားလုံးဟာ မရဲ့အပြစ်တွေပါ မောင်ကျွန်မကို အ ပြစ်ပေးပါ။ ရင်တွင်းဟစ်ကြွေးလိုက်သည်။

ဘုန်းလက်ရုံးနိုးလာသည်။ သူ့ကိုဆွဲထူတာပွေ့ဖက်ပြီး နှစ်ဦးစလုံး ငိုကြွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေမောင်"

"မ"

"ကိုကိုစိုးပြောတာတွေဟာ တစ်ကွက်လားမဟုတ်ပါဘူး နော်မောင်၊ မကို အချစ်စမ်းနေတာလား"

"ဟုတ်တယ် အားလုံးအမှန်တွေ မောင့်မျက်လုံးကိုကြည့်လေ"

"အို. . မကြည့်ရက်ဘူးမောင်ရယ်၊ မောင်ဟာ မောင်ပဲ"

"မ လိုချင်တဲ့ရင်သွေး မောင်မပေးနိုင်ဘူး"

"မကြောင့်ပါမ မလိုချင်တော့ဘူး၊ မ လိုချင်တာ မောင့်ပဲ. . မောင့်အချစ်ရရင် ကျေနပ်ပြီ"

"ဒါပေမယ့်. . မအတွက် မောင်ရင်သွေးပေးချင်တယ် မပေးနိုင်ဘူး၊ မကို လှောင်ပိတ်မထားရက်တော့ဘူး"

"ဟင့်အင်း. . ဟင့်အင်း မောင့်ရဲ့ မေတ္တာလှောင်ချိုင့်ထဲမှာပဲ မ နေချင်တယ်"

"မထားဘူးကွာ ခင်ဗျားနဲ့ကျုပ်ကွာမယ်"

"မကွာဘူး"

"ဘာအဓိပ္ပါယ်ရှိမှာလဲ သေခြင်းရဲ့ကံကြမ္မာဟာ ခင်ဗျားနဲ့မဆိုင်ဘူးလို့ ကျုပ်နားလည်ပြီ၊ ခင်ဗျားကို ကျုပ်ဒုက္ခမပေးချင်တော့ဘူးလေဗျာ. . ဖယ်ဗျာ. ."

ဘုန်းလက်ရုံး ရှုမငြိုးကို ရင်ခွင်ထဲမှဆွဲထုတ်ဖို့ကြိုးစားသည်။ ရှုမငြိုးလက်မခံ အတင်းတွယ်ကပ်ထားသည်။





"ခေါင်းအေးအေးထားပါမောင်၊ မတို့ အကောင်းဆုံးဖြစ်အောင်စီစဉ်ကြတာပေါ့၊ သားသမီးမထွန်းကားတဲ့ အိမ်ထောင်သည်တွေလည်း အများကြီးပါ၊ လင်မယားဆိုတာ နောက်ဆုံးအရွယ်အထိ ဘုရားသွားကျောင်းတက် ဆေးပေးမီးယူအဖော်အဖြစ် နိုင်မြဲပါတယ်၊ သားသမီးဆိုတာ ဧည့်သည်ပါ၊ ဧည့်သည်ဆိုတာ ခဏပါပဲ အချိန်တန်တော့လည်း မိဘရင်ခွင်ကထွက်သွားကြမယ့်အတူတူ ရောက်မလာတော့လည်း ကိစ္စမရှိပါဘူး"

ရှုမငြိုးက ဘုန်းလက်ရုံးကိုနှစ်သိမ့်မှု ရှာကြံ၍ပေးလိုက်သည်။

ထိုစဉ် လျှပ်စစ်ခေါင်းလောင်းသံကြောင့် နှစ်ယောက်စလုံးမျက်ရည်များသုတ်လိုက်သည်။

ဘုန်းလက်ရုံးကတော့ နောက်ဖေးဘက်ဝင်သွားပြီး မျက်နှာသစ်လိုက်ပုံရသည်။ ရှုမငြိုးက တံခါးထဖွင့်လိုက်သည်။

မျှော်လင့်မထားသော ဧည့်သည်များပင်. .

ခါတ်ပုံအရတွေ့ဖူးထားသော ဘုန်းလက်ရုံး၏ မိဘနှစ်ပါးနှင့် ဒေါ်ကြီးညိုဖြစ်နေသည်။

ရှုမငြိုး မျက်ရည်စတို့က အတားအဆီးမဲ့စွာ ကျဆင်းလာသည်။

ရင်မှာဝမ်းနည်းကြေကွဲမှုတို့က အချိန်အတိုင်းအတာမည်မျှအထိလောက်ကိုများ ပိုင်စိုးသွားလိမ့်မည်ကို မှန်းဆ၍မရနိုင်အောင် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကားကိုယူခိုင်းရလောက်အောင် ဘာတွေများဖြစ်နေကြသလဲလို့ စိတ်ပူပြီးလိုက်လာတာ"

ဘုန်းလက်ရှုံးဖခင်က ရင့်ကျက်နေပြီဖြစ်သော လူကြီးပီပီ အခြေအနေကိုဝင်ထိန်းလိုက်သည်။

"သားကောသမီး"

"ရှိပါတယ် ဖေဖေ"

ဘုန်းလက်ရှုံးရောက်လာသည်။ အခြေအနေတွေက အကောင်းဘက်သို့ဦးတည်လာသော်လည်း ဘယ်နည်းနှင့်မှ ပြည့်စုံခြင်းသို့ မရောက်ရှိနိုင်ဘူးဟု ရှုမငြီး သဘောပေါက်လိုက်သည်နှင့် ဘုန်းလက်ရှုံးတို့မိသားစုကို အလွန်စာနာသနားမိလေသည်။

မိဘနှစ်ပါးက ဝင်ထိုင်လိုက်သည်။

ရှုမငြီးက ကြမ်းပြင်ထက်မှာပင်ထိုင်ကာ

"ဖေဖေနဲ့မေမေကို သမီးအဝေးကပဲ ထိုင်ကန်တော့ခဲ့ရတာပါ၊ ခုလို စတင်တွေ့ဖူးခိုက်မှာ ကန်တော့ပါရစေဖေဖေနဲ့မေမေ"

နူးညံ့သောနှလုံးသားပိုင်ရှင် မိခင်မိန်းမသားတစ်ဦးအနေနဲ့ အာယာတတရားတို့ကို ကြာရှည်လက်ကိုင်မထားနိုင်ရှာ. . မျက်ရည်ကလေးတစမ်းစမ်းနှင့် ဖြစ်သွားရသည်။

ရှုမငြီးနှင့်အတူ ဘုန်းလက်ရှုံးပါ ယှဉ်တွဲကန်တော့လေသည်။

"သာဓုသာဓုသာဓု. . ဒီလင်ဒီမယား အိုအောင်မင်း





အောင်ပေါင်းသင်းနိုင်ကြပါစေကွယ်"

ဟု ဖခင်ဦးမြတ်ခေါင်က လိုရင်းကို တိုတိုတုတ်တုတ်ဆုပေးလိုက်သည်။

ဒေါ်ထိပ်တင်ထားမှ ဆုကိုပင် အသံထွက်မပေးနိုင်ရှာပါ။စပ်လှုပ်ရုံမျှသာ. . .

"ဖေဖေတို့မှာလည်း သားသမီးဆိုလို့ သားတစ်ယောက်ပဲ ကျန်တော့တာ၊ သားကိုဆုံးရှုံးမှာကို စိုးရိမ်နေရပြီ၊ NIKKO ဟိုတယ်မှာ သားကားအပ်ထားခဲ့တယ် ယူပြီးလာပို့လိုက်ပါဆိုကတည်းက ဖေဖေနဲ့မေမေ ပဋ္ဌာမြေလူးဖြစ်ရတယ်၊ သားဘာဖြစ်လို့လဲလို့ ကမန်းကတန်းလိုက်လာတာ"

"ဟုတ်တယ် သားတို့နှစ်ယောက်စလုံး အိမ်ပြန်လိုက်ခဲ့ကြတော့"

ရှုမငြီး ဘုန်းလက်ရှုံးကိုကြည့်လိုက်သည်။ ဝမ်းသာရမလား ဝမ်းနည်းရမလားမသိတော့။ ခံစားချက်က ဟုန်နေလေပြီ။ ဘုန်းလက်ရှုံးအပေါ် အချစ်အပြင် ကရုဏာကပါဆင့်လာတော့ ရှုမငြီးဘဝသည် ဘုန်းလက်ရှုံးအတွက်သာဖြစ်သွားလေပြီ။

"ဒီနေ့ ပြဿဒါးရက်ကြီး ဖေဖေမနက်ဖြန်မှလာခဲ့မယ်"

"အင်း. . ဒါလည်းဟုတ်သားပဲ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ရက်ရာဇာပြဿဒါးတို့ကိုတော့ ပယ်လို့မရပေဘူးပေါ့"

"နောက် တစ်ခုပြောဦးလေဖေကြီး"

ခုမှ ဒေါ်ထိပ်တင်ထားထံမှ အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . Wedding ကိစ္စ ဘယ်လိုများလုပ်ချင်သလဲ သမီးဆန္ဒကိုပြော ဒီပွဲလမ်းမျိုးဟာ မိန်းကလေးရှင်ရဲ့ဆန္ဒက အရေးကြီးဆုံးပဲ”

ရှုမငြီးအတွက် ကံကောင်းခြင်းက ဆိုက်ရောက်လာသော်လည်း ထိုကံကောင်းခြင်းသည် တဒင်္ဂသာဖြစ်လိမ့်မည်။

“ဒီကိစ္စ. . ”

“ဒီကိစ္စ အိမ်ရောက်မှပဲ သားတို့ပြောတာပေါ့ ဖေဖေ”

ရှုမငြီး ပြောခွင့်မသာလောက်အောင် ဘုန်းလက်ရုံးက ဖြတ်ပြောလိုက်သည်။

“မဟုတ်ဘူးလေကွာ ဖေဖေတို့ စီစဉ်စရာရှိတာ စီစဉ်ထားရအောင်လို့”

“တစ်ရက်နဲ့တော့ မထူးတော့ပါဘူး ဖေဖေ”

ဘုန်းလက်ရုံး ဘာကြောင့် ဒီစကားမျိုးပြောသည်ကို နောက်နေ့ရောက်မှ ရှုမငြီးသိခွင့်ရလိမ့်မည်ကို ကြိုတင်သိခဲ့ပါလျှင် အစစအရာရာ သတိရှိနေမည်။

“ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ၊ သားနဲ့ ပတ်သက်လာတော့ သမီးဟာလည်း မေမေ့သမီးပါပဲ၊ သမီးဖြစ်ချင်တဲ့ဆန္ဒကိုသာပြောပါ”

“သမီးကတော့ Wedding လုပ်မယ့်ငွေတွေကို မိဘမဲ့ကလေးနဲ့ ဘိုးဘွားရိပ်သာ၊ မျက်မမြင်၊ ဆွံ့အနားမကြားကျောင်းတွေမှာ ငွေလှူဒါန်းပြီး သာသနာအတွက်တော့ စာသင်တိုက်မှာ





ဆွမ်းငွေပဒေသာပင်စိုက်ထူလိုက်ချင်ပါတယ်”

“သာဓုသာဓုသာဓု သမီးမိဘများရဲ့ဆန္ဒကို မေးပါဦးကွယ်၊ ဦးဘအိုပြောပြလို့ သမီးရဲ့အနစ်နာခံမှုတွေကို ဖေဖေတို့နားလည်သဘောပေါက်ပါပြီ၊ သမီးစိုက်ပေးထားတဲ့ငွေတွေလည်း ဖေဖေပြန်ဆပ်ပေးလိုက်ပြီ၊ သမီးအဖေဆီလည်း သွားရဦးမယ်”

ရှုမငြီး ဝမ်းနည်းကြေကွဲမှုကြားက ကြည်နူးမှုအရိပ်အယောင်လေးရကာ ပြုံးလိုက်မိသည်။

သို့သော် ဝမ်းသာမှုက အပြည့်အဝမဖြစ်သေး။ ငြိမ်သက်နေသောဘုန်းလက်ရုံးကိုသာ အရိပ်တကြည့်ကြည့်နှင့်ရှိနေရာ. .

“ဒါထက် စောစောက ဘာဖြစ်လို့ကားထားပြီးပြန်သွားရတာလဲ. . ”

ဘုန်းလက်ရုံးက ထိုင်ရာမှချက်ခြင်းပင်ထကာ. .

“သား ခေါင်းကိုက်လို့သွားအိပ်တော့မယ် ဖေဖေ၊ မေမေ ခွင့်ပြုပါ”

ဟုပြောပြီး ဘယ်သူ့မှမတားဆီးနိုင်မီ ထွက်သွားရာ ရှုမငြီးမှာ လူကြားကျွန်ရစ်ခဲ့ရသည်။ စိတ်ကတော့ ဘုန်းလက်ရုံးနောက် သို့ စိတ်မချစွာနှင့် လိုက်ပါသွားရလေသည်။

“သမီးကို ဒေါက်တာအုပ်စိုးကနေတဆင့် မောင်ရှိန့်မျက်လုံးနဲ့ Testis ပျက်စီးမှုအခြေအနေကို အသိပေးလိုက်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အခုမှသိတာလား"

"ဟုတ်ကဲ့ သမီးစိတ်မကောင်းလွန်းလို့ ကားကိုထားခဲ့ရတယ်၊ ကိုကိုစိုးလိုက်ပို့ပေးတာ"

"အင်း . . အတိတ်ဘဝရဲ့ ဝဋ်ကြွေးလို့သာ မှတ်လိုက်တော့၊ ကဲကဲ . . . ကလေးတွေအာမှမဖြစ်ဘူးဆိုရင် ပြန်ကြရအောင် ကြီးညို ဟင်းတွေလှယ်ပြီးပြီလား"

"ပြီးပါပြီ . ."

"ဒါဖြင့် သွားမယ်၊ မနက်ဖြန် စောစောသာပြောင်းလာခဲ့ကြ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ရှုမငြိးက လိုက်ပို့ဟန်ပြင်သော်လည်း ဒေါ်ထိပ်တင်ထားက . .

"နေနေ . . မပို့နဲ့ သမီးမောင်တော်ကိုသာ ပြုစုလိုက်ပေတော့၊ ပိတ်ပိတ် . . နှစ်ထပ်စလုံး သေသေချာချာပိတ်ထားလိုက်"

ရှုမငြိး ခေါင်းသာညိတ်လိုက်နိုင်သည်။ တံခါးနှစ်ထပ်စလုံးကို အသံမမြည်အောင်ပိတ်ပြီးသည်နှင့် အပေါ်ထပ်သို့ပြေးတက်ခဲ့သည်။

နောက် ချစ်ရသူ၏ရင်ခွင်သို့တိုးဝင်ကာ အားပါးတရငိုချလိုက်မိသည်။







# အခန်း(၃၂)

ညက ရှုမငြိး၏ ကော်ဖီခွက်ထဲ အိပ်ဆေးနှစ်ပြားကြိတ်ထည့်ပေးလိုက်သည်။ ကော်ဖီခါးခါးကြိုက်တတ်သော ရှုမငြိးသည် သူ့လုပ်ရပ်ကို လုံးဝမရိပ်မိလိုက်ချေ။

ရှုမငြိးကို သူဘာကြောင့်ချစ်သွားမှန်း သူ့ကိုယ်သူမသိလိုက် . . ။ မျက်လုံးတွေကြောင့်များလား . . ။

မျက်လုံးတွေက သူ့မျက်လုံးမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကားမှောက်သွားစဉ်၌ ကိုကိုလုံးဝဆုံးသွားခဲ့သည်။ သူက မျက်ကြည်လွှာထိခိုက်သွားရာ ချက်ခြင်းပင် ကိုကိုစိုး၏မခင်ကြီးက ကိုကို့မျက်လုံးမှမျက်ကြည်လွှာနှင့် အစားထိုးကုသပေးခဲ့သည်။ဒီမျက်လုံးကြောင့် ရှုမငြိုးကို သူချစ်တတ်သွားတာလား။

ကိုကိုသေခါနီး နောက်ဆုံးထွက်သက်အထိ ရှုမငြိုးကို ချစ် သွားခဲ့သည်။ ကိုကို့မျက်ဝန်း၌ရှုမငြိုး၏ပုံရိပ်က စွဲထင်ကျန်ရစ်၍ သူ ရှုမငြိုးကို ချစ်သွားတာလား။

သူ့နှလုံးသားကတော့ ရှုမငြိုးဟူသောမိန်းမကို အင်မတန် မုန်းတီးခဲ့သည်။ ဤမိန်းမကြောင့် သူ၏မျိုးဆက်ဆုံးရှုံးရသည်။ Sperm ထုတ်ပေးနိုင်သော Testis ပျက်စီးသွားခဲ့သည်။ သူ၏ မျိုးဆက်မရနိုင်တော့၊ ဒီအတွက် သူရှုံးသွပ်မတတ်ခံစားခဲ့ရသည်။

ရှုမငြိုးကို နာကြည်းမုန်းတီးစွာဖြင့် ရအောင်လက်ထပ်ယူခဲ့သည်။ အနုနည်းနှင့် သူ့ဘဝအကျဉ်းထောင်၌ ရာသက်ပန်ကျွန်မယားတစ်ယောက်ပမာ သိမ်းပိုက်ထားရန်ရည်ရွယ်ခဲ့သည်။

သို့သော်လက်ထပ်ပြီးနောက် ရှုမငြိုးကိုတွယ်တာလာသည်။ ခွဲနေရတော့ လွမ်းတတ်လာသည်။ နောက်ဆုံး ရှုမငြိုးအတွက် စဉ်းစားတတ်လာသည်။

ရှုမငြိုးဘဝကို သိမ်းပိုက်မထားရက်တော့။ ချုပ်နှောင်မထားရက်တော့။ ရှုမငြိုးလို မိန်းမတစ်ယောက်အတွက်က တစ်ခုလပ် ဖြစ်သွားလည်း အရေးမကြီး။ လိုချင်သူတွေ ဝိုင်းဝိုင်းလည်





ဆဲဖြစ်မည်။

သူလုပ်သင့်သည်တို့ကို ခပ်မြန်မြန်လေးလုပ်ပြီး ကုတင်ပေါ်ရှိ သူ့ခေါင်းအုံးပေါ်တွင်တင်ထားလိုက်သည်။

ယောကျ်ားတန်မဲ့မျက်ရည်ကတော့ ရစ်ဝဲနေဆဲပင်။

အိပ်ဆေးတန်ခိုးဖြင့် နှစ်ခြိုက်စွာအိပ်မောကျနေသော ရှုမငြိုးမျက်နှာပြင်အနှံ့ကို နမ်းရှိုက်လိုက်သည်။ နောက် ချာခနဲလှည့်မကြည့်ဘဲ တန်းထွက်ခဲ့လေသည်။ တံခါးကို သေချာစွာပိတ်လိုက်သည်။

နံနက်မိုးသောက်ယံတေးကို သီဆိုတတ်သောငှက်ကလေးများသည် လမ်းထဲရှိမွှာရုံခေါင်မိုးထက်မှ လွမ်းမောဖွယ်သျှူးရင့်လေသည်။

ဘုန်းလက်ရုံးအပေါ်ထပ်ကို တစ်ချက်မော့ကြည့်လိုက်သည်။ မျက်ရည်ကျလာသဖြင့် ရေဘင်မျက်ရည်ကိုတပ်လိုက်သည်။ နေရစ်တော့ 'မ' ရယ်. . . ။


ကားမောင်းထွက်ခဲ့လိုက်သည်။

ဘယ်ကိုဦးတည်ရမည်ကို စဉ်းစားထားပြီးသားမရှိသေး သို့သော် မောင်းရင်းစဉ်းစားလိုက်သည်။ 'မ'နှင့် အဝေးဆုံးနေရာ။ သို့သော် မ၏အငွေ့အသက်လေးတွေ ရှိနိုင်သောနေရာဆီ. . .



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၃၃)

ရှမြီး တယ်လီဖုန်းသံကြောင့်နိုးသွားသည်။ ခေါင်းထဲအုံ့သလိုပင်. . .

"မောင်. . မောင်ကော. ."

နိုးနိုးခြင်း ဘုန်းလက်ရုံးကို တမ်းတလိုက်သည်။ အိပ်မက်ထဲ၌ဘုန်းလက်ရုံးနှင့် နှစ်ကိုယ်တူယှဉ်တွဲကာ ဘုရားစေတီဆူတို့ သွားဖူးနေသည်ဟု မြင်မက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးသံမကြားရသဖြင့် အနားရှိ တယ်လီဖုန်းကိုလှမ်းယူကာ နားထောင်လိုက်သည်။ သို့တိုင်အောင် မျက်လုံးကမပွင့်ချင်သေး။

"ဟဲလို. ."

"သမီးလား. မနိုးကြသေးဘူးလား၊ ရှစ်နာရီတောင်ရှိနေပြီ မလာကြသေးဘူးလား Breakfast စားမလို့စောင့်နေတာကွဲ."

ယောက္ခမကြီးဆီက ရွှင်ပျသော မင်္ဂလာတေးသံသာကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ မေမေ နိုးပါပြီ၊ စားနှင့်ပါ မေမေ ခုပဲလာခဲ့ပါ့မယ်"

"သားကော"

ရှုမငြီး မျက်လုံးတလည်လည်နှင့် ကျိုးကန်းတောင်းမှောက်ရှာရင်းမှ ဘုန်းလက်ရုံးခေါင်းအုံးပေါ်မှ စာချုပ်စာတမ်းများနှင့် စာရွက်ဖြူခေါက်တစ်ခုကို သွားတွေ့သည်။

"ခဏနော် မေမေ၊ မောင် ဘယ်ထွက်သွားလဲမသိဘူး သမီးကို စာရေးထားခဲ့တယ်"

တယ်လီဖုန်းကို ပုခုံးနှင့်နားကြားညှပ်ထားပြီး စာရွက်ခေါက်လေးကို ဖြန့်ဖတ်လိုက်သည်။

"မ"

'မ' ကို ကျွန် မယားအရာထားပြီး အနုနည်းနဲ့နှိပ်စက်ပြီး





ရာသက်ပန်သိမ်းပိုက်ထားခြင်းနဲ့ မောင့်ရဲ့ဆုံးရှုံးမှု၊ ကိုကိုသေဆုံးမှုအတွက် 'မ'ကိုပေးဆပ်ခိုင်းမယ်ဆိုတဲ့ ရည်ရွယ်ချက် တစ်ခုထဲနဲ့ လက်ထပ်ခဲ့တယ်. . .

အရှင်းဆုံးပြောရရင် 'မ' ကို မောင်နာကျည်းမုန်းတီးခဲ့တယ်၊ ဒါပေမယ့် လက်ထပ်ပြီးနောက်ပိုင်း 'မ'ကို မောင်ချစ်တတ်လာတယ်၊ မကို မောင့်မျက်စိအောက်က အပျောက်မခံချင်ဘူး၊ ကိုကို့မျက်ကြည်လွှာကြောင့်လားလို့တောင် မောင် ထင်ယောင်ထင်မှား သံသယဝင်ခဲ့တယ်၊ ဒါပေမယ့်. . .

ရှုမငြီး ရင်ထဲလှိုက်ဖိုလာပြီး. . .

"မေမေခဏနော် မောင်မရှိတော့တာ သေချာတယ်၊ သမီးကိုထားသွားပြီ၊ သမီးဆီလာခဲ့ကြပါ မေမေ. ."

ရှိုက်သံရောပြီး ယောက္ခမကို အားကိုးတကြီးတိုင်တန်းပြီး ဖုန်းခလုတ်ကိုနှိပ်လိုက်သည်။ မျက်ရည်သုတ်ပြီး စာကို ဆက်ဖတ်ရသည်။

ဒါပေမယ့် ညီမလေးကိစ္စနဲ့ ခွဲနေရတော့လည်း 'မ'ကိုပဲ တမ်းတသတိရလာတဲ့အခါ မျက်ကြည်လွှာရဲ့ စွဲလမ်းမှုမဖြစ်နိုင်တော့ဘူး၊ နှလုံးသားထဲ နက်ရှိုင်းစွာထိုးဝင်ဖောက်ထွင်းဝင်သွားပြီဖြစ်လို့ စွဲလမ်းတဲ့စွဲလမ်းမှုမျိုးလို့ မောင်သဘောပေါက်လာတယ်

မေတ္တာဆိုတာ အသွားအပြန်ရှိတယ်ဆိုတာ မောင်သဘောပေါက်ပါပြီ၊ 'မ' သံယောဇဉ်နဲ့ ချစ်ခြင်းတွေရစ်ပတ်ထားတာနဲ့အမျှ 'မ' အပေါ် နာကြည်းမုန်းတီးခဲ့ရတာတွေဟာ အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြီး 'မ' အပေါ် ပေးဆပ်ခြင်းနဲ့ မောင်ချစ်လာတယ် . . .

ဒါကြောင့် မောင် ဂျပန်မှာလည်း စမ်းသပ်မှုတွေလုပ်ခဲ့သေးတယ်၊ မြန်မာပြည်က ဆရာဝန်ကြီးတွေပြောသလိုပဲ . . . *Sperm* ထုတ်ပေးနိုင်တဲ့ *Testis* ပျက်စီးသွားမှတော့ မောင့်ရဲ့မျိုးဆက်ဟာ ဘယ်သိပ္ပံနည်းပညာနဲ့ကူလို့မှ မရနိုင်တော့ဘူး။ 'မ' အတွက် မောင့်ရဲ့မျိုးဆက် မဖန်တီးပေးနိုင်တော့ဘူး၊ မောင်သိပ်ခံစားရတယ် မောင့်ကြောင့် 'မ' တစ်ခုလပ်ဘဝ ရောက်သွားရပြီ ခွင့်လွှတ်ပါ . . .

ဒါပေမယ့် 'မ' မျိုးဆက် 'မ' ရင်သွေးအတွက် 'မ' နောက်ထပ်အိမ်ထောင်ပြုဖို့ မောင်စောစီးစွာပဲ နောက်ဆုတ်ပေးလိုက်ပါပြီ၊ မောင် တစ်ကိုယ်ကောင်းဆန်စွာနဲ့ 'မ' ကို သိမ်းပိုက်မထားတော့ပါဘူး၊ 'မ'ဟာ အနာဂတ်အတွက် မျိုးဆက်သစ် သားကောင်းသမီးကောင်းတွေ မွေးထုတ်ပေးနိုင်မယ့် မိခင်ကောင်းတစ်ယောက် ဖြစ်သင့်ပါတယ် . . .

မောင့်ကိုခွင့်လွှတ်ပါ . . .။

ကွာရှင်းစာချုပ်မှာ မောင်လက်မှတ်ထိုးပေးခဲ့တယ်၊ လိုအပ်တာတွေ 'မ'ပဲဆောင်ရွက်လိုက်ပါ၊ ရွှေ့နေရှေ့ရပ်တွေက ပစ္စည်းခန်း ဆောင်ရွက်ပေးပါလိမ့်မယ်။

'မ' လက်ထပ်သတင်းကို မောင်စောင့်နေမယ်၊ အဲဒီသတင်းတွေ့မှ မောင်ပြန်လာခဲ့တော့မယ်။





ချစ်သွားပြီဖြစ်တဲ့ 'မ' ကို ပေးဆပ်ခြင်းများစွာနဲ့ ပေးဆပ်လိုက်ပါတယ်.

ဘဝသစ်မှာ အိမ်ရှင်မကောင်း . . မိခင်ကောင်းတစ်ဦးအနေနဲ့ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်တဲ့ . . .

မောင်

ရှုမငြီး ဘာမှလုပ်၍မရ . . ငိုရှိုက်ရင်း ယောက်ျားမတွေ့အလာကို စောင့်နေလိုက်သည်။ ဘယ်နည်းနဲ့မှ မခွဲနိုင်ပါ။

ဘုန်းလက်ရုံးသာ အနားမှာရှိနေလျှင် . . . အိမ်ရှင်မကောင်း တစ်ဦးအဖြစ်နှင့်ပဲ ကျေနပ်နိုင်ပါသည်။

မိမိဘက်က မိသားစု၌ အစ်ကိုအစ်မများ၌လည်း သားသမီးတွေနှင့် စည်စည်ပင်ပင်ရှိနေသည်။ သေသေချာချာတွေးကြည့်လိုက်တော့ ဘုန်းလက်ရုံးတို့မိသားစုသာလျှင် မျိုးဆက်ပြတ်သွားပြီ။ ဘုန်းလက်ရုံးသည်သာ နောက်ဆုံးမျိုးဆက်။

ကရုဏာမိုးက ချစ်ခြင်းအပေါ်၌ထပ်ဆင့်ရွာလေပြီ။

ဩော် . . . ကံကြမ္မာရယ်။ မင်းလက်ျာဆိုသည့်လူကလည်း ဒီလောက်တောင် မိမိ အပေါ် စွဲလမ်းသွားရသလား။

မိမိ၏ ပရောဂမပါဘူးဟု မငြင်းနိုင်ပါ။ သို့သော် မှန်တာရာသေဆုံးသွားမှုကတော့ မိမိပရောဂ ကင်းဝေးပါသည်။

သေခြင်းတရားကို ဥာဏ်စောင့်သလား . ကံစောင့်သလား။ ရှုမငြီး ဝေခွဲမရချင်တော့ ကြေကွဲဝမ်းနည်းမှုတို့က နှိပ်စက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမများရောက်လာတော့ ဘုန်းလက်ရုံး၏စာကို ပြလိုက်သည်။

ဒေါ်ထိပ်တင်ထားက တရှုံ့ရှုံ့ငိုလေပြီ. . .။

"ဖြစ်ရလေ သားငယ်ရယ်."

"ငိုနေလို့မပြီးဘူး သူဘယ်သွားမယ်ထင်သလဲ၊ သမီးကကောဘယ်လိုဆုံးဖြတ်သလဲ"

"ကျွန်မ မောင့်ကိုချစ်တယ်၊ မောင်ဘာဖြစ်ဖြစ် ကျွန်မကွာမပေးဘူး မောင့်ကိုပဲ တစ်သက်လုံးမြှုစ်သွားမှာပါ။ ရှာပေးပါ မောင့်ကိုရှာပေးပါဖေဖေ"

"သမီးမိဘတွေဆီကော အကြောင်းကြားပြီးပြီလား"

"မကြားဘူး ဖေဖေ၊ လူဆိုတာအတ္တမျိုးပဲ မောင့်ချို့ယွင်းချက်ကို ဘယ်သူမှအသိမခံချင်လို့"

"အင်း. . ငါ့သမီးက စိတ်ကောင်းရှိတာပဲ၊ ဖေဖေတို့အထင်မှားခဲ့တာတွေ ခွင့်လွှတ်ပေတော့"

"ရပါတယ်ဖေဖေ မောင့်ကိုသာရှာပေးပါ."

ရှုမငြီးက ခရီးဆောင်အိတ်ကိုပြင်ဆင်သည်။ ပြင်ဆင်ရင်းမှ တစ်စုံတစ်ခုကို သွားသတိရလိုက်သည်။

"မေမေမောင်ငယ်ငယ်က နွေရာသီခရီးသွားမယ်ဆိုရင် ဘယ်ကို အသွားချင်ဆုံးလဲ"

ဒေါ်ထိပ်တင်ထားက မျက်နှာဝင်းပသွားပြီး အားတက်သရောပင်. .





"ဘယ်ရှိမလဲပေလီပေါ့. . မသွားရရင် ဆူပူနေတာပဲ ဘယ်တော့မှမရိုးနိုင်ဘူး၊ အမေရိကန်ရောက်တော့လည်း Beach တွေပဲလိုက်လည်တယ်၊ အဲဒီမှာ သန္ဓေတည်ခဲ့သလားမသိပါဘူး ကွယ်"

"ဒါ. . ဒါဖြင့် သမီးကို ပေလီ လေယာဉ်လက်မှတ်တစ်စောင်ဝယ်ပေးပါလား ဖေဖေ"

"ဟေ. . သေချာပါ့မလား"

"သေချာပါတယ်"

"သမီးတစ်ယောက်တည်း ဖြစ်မယ်မထင်ဘူး"

"ဖြစ်ပါတယ်. ."

"ဘာပဲဖြစ်ဖြစ် ဖေဖေတို့လည်း အပန်းဖြေရအောင် တစ်ခါတည်းလိုက်ခဲ့မယ်၊ မတွေ့ရင် တစ်မျိုးစဉ်းစားရတာပေါ့ ဟုတ်လား"

ရှုမငြီး မငြင်းသာ။

"ဒီက ကိစ္စတွေ. ."

"ဒါကကိစ္စမရှိပါဘူး ဒုမန်နေဂျင်းတို့ မန်နေဂျာတို့ရှိနေတာပဲ"

ရှုမငြီး မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာသည်။

ဒေါ်ထိပ်တင်ထားက တစ်စုံတစ်ခုကို စဉ်းစားမိသည့် အလား. .

"သေသေချာချာ စဉ်းစားပြီးပြီလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲမေမေ. ."

"သားနဲ့ဆက်လက်ပေါင်းသင်းဖို့ သင့်မသင့်ဆိုတာ. . ၊ မျက်တောင်တဆုံး မကြည့်နဲ့နော် မျက်စိတဆုံးကိုကြည့်ပါသမီး၊ မေမေတို့မိသားစုဘဝကတော့ အဆိုးဆုံးအခြေအနေ ရောက်ပြီး မှတော့ ဘာကိုမှမျှော်လင့်ချက်မထားတော့ဘူး။ ဒါပေမယ့် သမီး ချင်းစာနာပြီး တစ်ကိုယ်ကောင်းမဆန်ချင်ပါဘူးကွယ်၊ သမီးသိပ် နစ်နာနေမှာပေါ့"

ရှုမငြိုး ခေါင်းကိုတသွင်သွင်ရမ်းလိုက်သည်။ တကယ်မ ခံစားနိုင်ပါ. . .။

မောင့်ကိုခွဲဖို့အရေးဆိုတာ ရှုမငြိုးအတွက် တကယ်ကို ခံစား၍မရအောင် ရင်နာလှပြီ။

ဘုန်းလက်ရုံးကို ဘယ်အချိန်မှစ၍ ချစ်ခဲ့သည်ကို မသိ လိုက်သော်လည်း သံယောဇဉ်ကြိုးအထပ်ထပ်က သူ့နှလုံးသား ကို နှောင်ရစ်ပတ်ပြီးဖြစ်နေသည်။

"ကျွန်မဘဝမှာ မောင်ရှိရင် ပြည့်စုံပါပြီ"

တယ်လီဖုန်းဆက်နေသော ဦးမြတ်ခေါင်က. . .

"ကိုင်း. . အမေကြီးရေတို့ရဲ့ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိတဲ့ ဟန်းနီးမွန်းခရီးစဉ်ကို ရွှေ့လိုက်တော့၊ ဖလိုက်က ထစ် ယောက်ပဲရတယ်တဲ့၊ နေ့လည်တစ်နာရီ ထွက်မယ်တဲ့ ဒီညများ သမီးတစ်ယောက်တည်းဖြစ်နေမလား"

"ရပါတယ် ဖေဖေ၊ ဟိုတယ်ဝန်ထမ်းတွေရှိတာပဲဟာ





လုံခြုံမှုအပြည့်ရှိပါတယ်"

"ဟိုတယ်ကိုပါ ဘိုကင်လှမ်းလုပ်ပေးမယ်"

"ဖေဖေ လုံးချင်းဘန်ဂလိုနံပါတ် (--)ကိုပဲ လုပ်ပေးပါ"

အချစ်နှင့်ပတ်သက်လာလျှင် အရာရာကို သေးစိတ် မှတ်မိနေတတ်သည်။ သူနှင့်ဟန်းနီးမွန်းထွက်စဉ်က တည်းခိုခဲ့ သည့် လုံးချင်းဘန်ဂလိုနံပါတ်ကို ဘယ်အချိန်ကများ အလွတ်ရ ထားသည် မသိလိုက်။

မောင့်ဘက်က ကြည်ဖြူလာပြီဆိုမှတော့ ရှုမငြိုးဘာကိုမှ မမှုတော့ပြီ။

"သားနဲ့တွေ့တာနဲ့ ဖုန်းဆက်လိုက်ဖေဖေတို့ လိုက်မ လာတော့ဘူး၊ ဒီမှာ လျှိုဖြိုနဲ့ မင်္ဂလာဆွမ်းကျွေးကိစ္စစီစဉ်ရအောင်"

"ဟုတ်ကဲ့ပါ ဖေဖေ."

"မိဘတွေဆီကိုတော့ အကြောင်းပြချက်တစ်ခုခုပြပြီး ဖုန်းဆက်ထားလိုက်ဦးသမီး"

"ဟုတ်ကဲ့."


လုပ်ငန်းကြီးတွေကို လုပ်ကိုင်အုပ်ချုပ်နေသူတစ်ဦးပီသ စွာ စေ့စပ်နေအောင် စီစဉ်ပေးလိုက်သဖြင့် ရှုမငြိုး မွန်းလွဲတစ်နာရီ တွင် ကျွန်းပတ်လေယာဉ်ဖြင့် သံတွဲလေဆိပ်သို့ လိုက်ပါခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

နံနက်အရုဏ်တက်ချိန်လောက်ကတည်းက တောက်လျှောက်မောင်းလာသော ကားကလေးသည် ပြည်သို့ နံနက်ကိုးနာရီခန့်တွင်ရောက်ရာ ခဏတဖြုတ်နားပြီး ဆင်တဲဘက်သို့ နဝဒေး တံတားအတိုင်းမောင်းချလာသည်။ ထိုမှ ပန်းတောင်းညောင်ဂျိုးတွင် တောင်ကုတ်တောင်ကြားကို ဖြတ်ကျော်ခဲ့ရာ တောင်ကုတ်သို့ ညနေလေးနာရီတွင်ရောက်သည်။ ကားက





လည်းကောင်း လမ်း တွေကလည်း မဆိုးလှ။ ဇက်ကူးစရာမလိုတော့သဖြင့် ခရီးသွားရတာ အဆင်ပြေလှသည်။

ခရီးစဉ်တစ်ခုလုံး စိတ်မပျံ့လွင့်အောင် သတိနှင့်ကပ်ထားသည့်ကြားက ရှုမငြိုးကို သတိရမိသည်။ ရင်မှာတော့ နင့်နင့်သီးသီးနာကျင်လျှက်. . ။

ဘယ်လိုနေရှာမလဲ။ သူ့ကိုလိုက်ရှာပြီး ပင်ပန်းနေရှာမည်လား။ ဖေဖေနှင့်မေမေကကော ဘာပြောမလဲ။ ကွာရှင်းသည့်ကိစ္စ၌ ရှုမငြိုးလက်ခံပါ့မလား။

ရှုမငြိုး သူ့ကိုချစ်မှန်း သူခံစားသိနှင့်နားလည်နေသဖြင့်သူ ခုလိုစီစဉ်ခဲ့ခြင်းဖြစ်သည်။

ချစ်သူဘဝ ပျော်ရွှင်ကောင်းစားရေးကို သူလိုလားတတ်လာပြီ။ ရယူပိုင်ဆိုင်ခြင်းထက် ပေးဆပ်ခြင်းဖြင့် သူကျေနပ်နိုင်ပြီ။ ရင်မှာ တမြေ့မြေ့နာကျင်သော်လည်း ဖြေသာအောင်ဖြေရလေသည်။ နေဝင်ချုပ်စအချိန်၌ ပေလီသို့ သူရောက်ခဲ့သည်။

ပေလီဟိုတယ် ဧည့်ကောင်တာ၌သူလိုအပ်သော လုံးချင်းဘန်ဂလိုကို တောင်းလိုက်သည်။

"လုံးချင်းဘန်ဂလို နံပါတ်(--) ကိုလိုချင်တယ်"

"ဆောရီးပဲဆရာ တစ်ယောက်ဦးသွားပါပြီ"

"ဟင်. . ."

သူ စိတ်ရှုပ်သွားသည်။

သောကနှင့် ပင်ပန်းခဲ့ရသမျှတို့ကို ရှုမငြိုးနှင့်အတူနေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခဲ့သော ဘန်ဂလိုလေး၌အနားယူရင်း သောကဏ်ဖိစီးမှုကို ဖြေသာအောင် ကြိုးစားလိုက်မည်ဟူသော ရည်ရွယ်ချက်သည် သဲထဲ ရေသွန်ဖြစ်ရတော့မည်လား။

"ဪ . . ဒါပေမယ့် ဆရာ့နာမည်ပြောပါဦး"

"ဘာလုပ်မလို့လဲကွ . ."

"အဲဒီအမျိုးသမီးက မှာထားလို့ပါ။ သူ့ယောက်ျားလိုက်လာရင် အခန်းယူပြီးပြီ မှတ်ပုံတင်ပဲ ယူထားလိုက်ပါဆိုလို့ . ."

"အရေးထဲကွာ၊ ကဲ . . တစ်ခန်းပေး လုံးချင်း Beach နဲ့အနီးဆုံး ပင်လယ်ပြင်မျက်နှာမူထားတဲ့အခန်းပေး၊ ရော့ မှတ်ပုံတင်"

သူ စိတ်ရှုပ်စွာဖြင့် မှတ်ပုံတင်ကိုထုတ်ပေးလိုက်သည်။

"ဟာ . . ဆရာ၊ ဆရာက တယ်နောက်တာပဲ"

သူ မျက်မှောင်ချီလိုက်သည်။

"ဆရာ့မိန်းမ မျှော်နေပြီ"

"ဘာကွ"

"ဆရာ့မိန်းမ ဒေါ်ရှုမငြိမ်းလေ (--)မှာစောင့်နေတယ်"

"ဟင် . . ဟုတ်လား"

သူချက်ခြင်း ကောင်တာမှပြေးထွက်ခဲ့သည်။

ဧည့်ကြိုကောင်တာမှ စာရေးဝန်ထမ်းက ပြုံးဖြီးဖြီးနှင့် ခေါင်းတရမ်းရမ်းလုပ်ကာ ကျန်ခဲ့လေသည်။

ဘုန်းလက်ရှုံး ကားကို ဘန်ဂလိုဘေးနားရပ်လိုက်သည်။





ခွဲခွါခြင်းဝေဒနာကို မခံစားနိုင်ပါ။

ကားသံကြောင့် ရှုမငြိမ်းက ဘန်ဂလိုပေါ်မှ ပြေးဆင်းလိုက်သည်။ ထင်သည့်အတိုင်း ဘုန်းလက်ရှုံးပင်။

မေတ္တာ၏ဆွဲအားကြီးမားမှု နှောင်ဖွဲ့ယှငင်မှုကို ဘုန်းလက်ရှုံး သဘောပေါက်လိုက်ပြီ . ။

"မောင် . ." "မ . ."

နှစ်ဦးသားပြေးကာ တွေ့ဆုံပွေ့ဖက်လိုက်ကြသည်။

ဘာမှပြောစရာမလိုတော့ မျက်ရည်စများက သူတို့၏ ခံစားချက်များကို ထုတ်ဖော်ပြောနေကြသည်။ နေမင်းကြီး၏ နေဝင်ဆည်းဆာ ပုဝါရောင်လေးထင်ဟပ်မှုပင်လျှင် ပျောက်ကွယ်သွားသည်။ မိုးချုပ်ပြီ။

လပြည့်ညမဟုတ်သဖြင့် မှောင်မိုက်ခြင်းဘ ကြီးစိုးလာသည်။ ကိစ္စမရှိ၊ သူတို့နှစ်ဦး၏ဘဝသည် မှောင်မိုက်သော်လည်း ချစ်ခြင်းမေတ္တာ သံယောဇဉ်တည်းဟူသော ငွေကြယ်ကလေးများ၏ လင်းလက်မှုကတော့ သူတို့ဘဝ သက်ဆုံးတိုင်အောင် လင်းလက်နေမည်ဟု . . . ။ ။

မြမှုလဲခင်

www.burmeseclassic.com